# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ်(၁၂၄)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဒုတိယအကြိမ်လွှတ်တော် (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဒုတိယအကြိမ်လွှတ်တော် (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက် ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ်လွှတ်တော် (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ဝင်း ထမင်းစားခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

အဆိုပါ နှစ်ပတ်လည်နေ့အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပထမအကြိမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည့် ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရေးရာကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Football for schools program ဖွင့်ပွဲအခမ်းအနား တက်ရောက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသည့် Football for schools program ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် Football for schools program ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Football for schools program ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဘောလုံးအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက ဘောလုံးကန်၍ ဖွင့်လှစ်ပေးကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❍


**စေတနာဆေး မေတ္တာဆေး သစ္စာဆေး - ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...**

**ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။**

မြန်မာ့အလင်း

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးအလေးထား

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် လူဦးရေ တစ်နေ့တခြား ထူထပ်များပြားလာသည်နှင့်အညီ မြို့ပြ၏ စိန်ခေါ်မှုများ တစ်စထက်တစ်စ များပြားလာသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ကာလက ရန်ကုန်မြို့ရှိလူဦးရေမှာ ခြောက်သန်းခန့်ရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ် လူဦးရေကောက်ယူမှု စာရင်းအရ ရန်ကုန်မြို့လူဦးရေမှာ ရှစ်သန်းခန့်ရှိနေပြီ ဖြစ်သည်။

မြို့တော်နေ လူဦးရေသည် နှစ်စဉ် တိုးပွားလျက်ရှိသောကြောင့် နောင်လာမည့်နှစ်များတွင် လူဦးရေ ၁၀ သန်းနှင့်အထက် ရှိလာမည်ဖြစ်ရာ mega city အဆင့် သတ်မှတ်ရမည့် မြို့ကြီး ဖြစ်လာပေမည်။ ထို့ကြောင့် အနာဂတ်ကာလကို မျှော်တွေးလျက် ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသလို မြို့တော်ကြီးတွင် ကြုံတွေ့လာရမည့် ရေ၊ မီး၊ လမ်း၊ အိမ်ရာ၊ အမှိုက်ပြဿနာများကို ဖြေရှင်းနိုင်အောင် ဝိုင်းဝန်းလက်တွဲ စီမံဆောင်ရွက်ကြရမည် ဖြစ်သည်။

လူဦးရေအလွန်ထူထပ်သည့်မြို့တော်ကြီးတွင် ဖြေရှင်းပေးရမည့် စိန်ခေါ်မှုများအမြောက်အမြားရှိသည့်အနက် နေ့စဉ်ရင်ဆိုင်ကြုံတွေ့ရသည့် မော်တော်ယာဉ်ပိတ်ဆို့မှုပြဿနာနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို စိန်ခေါ်လျက်ရှိသော အမှိုက်ပြဿနာတို့ကို စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်မှ မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်မည်ဖြစ်သည်။ လက်ရှိတွင် ရန်ကုန်မြို့၌ မြို့နေပြည်သူများ စွန့်ပစ်ခဲ့သောအမှိုက်များမှာ တစ်ရက်လျှင် တန်ချိန် ၂၅၀၀ ထွက်ရှိနေရာ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရန် မြို့တော်စည်ပင်က အတတ်နိုင်ဆုံးဖြေရှင်းပေးလျက်ရှိသည်။

ရန်ကုန်မြို့တွင် အမှိုက်များ နေ့စဉ်အဆက်မပြတ်ထွက်ရှိနေရာ အမှိုက်သိမ်းဆည်းရေး၊ စွန့်ပစ်စုပုံရေးအတွက် ရေရှည်တွင် ကြီးမားသောပြဿနာများရှိလာနိုင်သည်။ စွန့်ပစ်အမှိုက်များမှ အနံ့ဆိုးများ ထွက်ပေါ်ခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ သောက်သုံးရေများ အဆိပ်အတောက်ဖြစ်ခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ မီးလောင်လွယ်ခြင်း၊ မြေထု၊ ရေထု၊ လေထုနှင့် မြို့တော်ပတ်ဝန်းကျင် ညစ်ညမ်းမှုများ ဖြစ်ပွားနိုင်သည့်အပြင် နောင်လာမည့်နှစ်များတွင် အမှိုက်ပစ်စရာ၊ အမှိုက်ထားစရာ နေရာမရှိတော့သည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့ရတော့မည် ဖြစ်သည်။

သို့သော် ဇန်နဝါရီလ ၂၉ ရက်က ပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေးကိစ္စနှင့် စွန့်ပစ်အမှိုက်များကို ပြုပြင်သန့်စင်ခြင်း၊ ချေဖျက် ဖျက်ဆီးခြင်းတို့ကို ဆောင်ရွက်နိုင်မည့် စီမံကိန်းကို ကြားသိရသဖြင့် ရန်ကုန်မြို့ပြပတ်ဝန်းကျင်သန့်ရှင်း ကောင်းမွန်ရေးအတွက် အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ရန်ကုန်မြို့တော်တွင် နေ့စဉ်ထွက်ရှိသော အမှိုက်များရှင်းလင်းရေးအတွက် သန့်ရှင်းရေးလုပ်သားများ၊ အမှိုက်ကားများကို ရန်ပုံငွေအမြောက်အမြား ကျခံသုံးစွဲနေရသည်။ အမှိုက်စွန့်ပစ်ခြင်း၊ သိမ်းဆည်းခြင်း၊ ပြုပြင်စီမံဆောင်ရွက်ခြင်းအတွက် ပိုမိုကောင်းမွန် ခေတ်မီသောနည်းလမ်းများဖြင့် ကြုံတွေ့နေရသော မြို့ပြစိန်ခေါ်မှုကို ဖြေရှင်းသွားရမည်ဖြစ်သည်။ စွန့်ပစ်အမှိုက်များကို ထိရောက်သော ပြုပြင်သန့်စင်သည့် အဆင့်မြင့်စနစ်ဖြင့် ဆောင်ရွက်နိုင်ပါက မြို့တော်နေပြည်သူများအတွက် သန့်ရှင်းသာယာသော ပတ်ဝန်းကျင်ဖြစ်စေနိုင်သည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းချုပ်ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်မြို့အတွက် သာမက နိုင်ငံအနာဂတ်အတွက်ပါ ပိုမိုကောင်းမွန်သော အနာဂတ်ဖြစ်ပေါ်လာပြီး ပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆယ်စုနှစ်အတွင်း နောက်ထပ် နှစ်ဆတိုးတက်လာနိုင်သည့် အမှိုက်ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ယခုဆောင်ရွက်မည့် အမှိုက်ပြုပြင်သန့်စင်ခြင်းစနစ် စီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ရန်ကုန်မြို့ပြသန့်ရှင်းသာယာလှပရေး၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ၏ အနာဂတ်ပုံရိပ်လှပလာအောင် ဝိုင်းဝန်းမြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

တန်းတူညီမျှ . . . အခွင့်အရေးရ
ငြိမ်းချမ်းသာယာ . . . ပြည်ထောင်စုမှာ၊
တန်းတူညီမျှ . . . တာဝန်ယူကြ
လုံခြုံခိုင်မာ . . . ပြည်ထောင်စုမှာ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ပြည်ထောင်စုနေ့အကြိုဟောပြောပွဲများ ကျင်းပ

**ကျွန်းစု**

ပြည်ထောင်စုနေ့အကြို ပြည်ထောင်စုနေ့အကြောင်းနှင့် အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု မရမ်းချောင်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန(မြို့နယ်တာဝန်ခံ) နည်းစနစ်မှူး ဦးဖြိုးဝေလင်းက ဉာဏ်ရည်ထက်မြက်ပြီး အားကစားနှင့် ပညာရေးကို ပေါင်းစပ်အသုံးချတတ်စေရန် အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသန္တာဖြိုးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံအကြောင်းတို့ကို ပြောကြားခဲ့သည်။

စည်သူရအောင်(ကျွန်းစု)

**ငဖဲ**

ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာဖတ်ဝိုင်း၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုသိန်းက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံအကြောင်း၊ မြို့နယ်စာအုပ်စာပေ ချစ်မြတ်နိုးသူအသင်းဥက္ကဋ္ဌ ဦးသန်းဦးက ပင်လုံညီလာခံသမိုင်းအကျဉ်း၊ မြန်မာ့လွတ်လပ်ရေးကာလတစ်လျှောက် ချုပ်ဆိုခဲ့သော စာချုပ်များအကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသည်။

မယု(ငဖဲ)

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ပထမနှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန် ပထမနှစ် ဘီဒီအက်စ်(၁၂/၂၀၁၉) သင်တန်း၊ ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက အဆိုပါတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင် ဌာနမှူးများက ဆုရကျောင်းသား ကျောင်းသူ ၈၂ ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သန့်ဇော်



ဒုတိယအကြိမ်လွှတ်တော် (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က နှစ်ပတ်လည်နေ့ ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုကဲ့သို့ ဒုတိယအကြိမ်လွှတ်တော်များ၏ (၄) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ တက်ရောက်ပြီး မိမိ၏ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအားလုံးကို အခွင့်အခါကြုံခိုက် ပြန်လည်တွေ့ဆုံရသည့်အတွက် အလွန်ပင်ဝမ်းမြောက်ကြောင်းကို ပြောကြားလိုပါကြောင်း။

**စည်းကမ်းချက်များရှိ**

လွှတ်တော် ကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများကို အဓိကထားပြီး တာဝန်ယူထမ်းဆောင်ကြရပါကြောင်း၊ ထိုသို့ တာဝန်ထမ်းဆောင်ကြသည့်အခါတွင် မေးခွန်း၊ အဆိုများနှင့်ပတ်သက်၍ ကန့်သတ်ချက်၊ စည်းကမ်းချက်များရှိပါကြောင်း၊ ထို့အတူ ဥပဒေကြမ်းနှင့်ပတ်သက်ပါကလည်း ဆွေးနွေးရမည့် ကန့်သတ်ချက်၊ စည်းကမ်းချက်များရှိပါကြောင်း၊ အလားတူ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် ဝတ္တရားများ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများရှိပါကြောင်း။

**တာဝန်နှင့် လုပ်ပိုင်ခွင့်**

လွှတ်တော်ကိုယ်စားလှယ်များသည် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျေပွန်စွာဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် ထမ်းဆောင်ရသကဲ့သို့ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း မှန်မှန်ကန်ကန်အသုံးပြုကြရန် လိုအပ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဥပဒေပြုရေးမဏ္ဍိုင်ဆိုသည်မှာ လွန်စွာတာဝန်ကြီးသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ ဥပဒေပြုသည် ဆိုရာတွင် လွယ်မယောင်နှင့် ခက်သကဲ့သို့ တိမ်မယောင်နှင့်လည်း နက်ပါကြောင်း၊ ဥပဒေတစ်ခု ပြုမည်ဆိုပါက ယင်းဥပဒေ၏ ပုဒ်မတစ်ခုချင်းအလိုက် စိစစ်ရသကဲ့သို့ ယင်းပုဒ်မတစ်ခုချင်းကလည်း ဥပဒေတစ်ခုလုံးတွင်ပါသည့် အချက်အလက်များနှင့် လိုက်လျောညီထွေ ရှိ/မရှိ ဆိုသည်ကို ကြည့်ရှုရပါကြောင်း၊ ထို့ပြင် ဥပဒေတစ်ခုသည် အခြားဥပဒေများနှင့် မည်မျှညီညွတ်ဆီလျော်မှုရှိသလဲဆိုသည်ကို အပြန်အလှန် လေ့လာရပါကြောင်း၊ ဥပဒေပြုရာတွင် Spirit of Law ဟုဆိုသည့် ဥပဒေအနှစ်သာရကို ကြည့်ရသကဲ့သို့ Letter of Law ဟုဆိုသည့် ဥပဒေဝေါဟာရကိုလည်း ကြည့်ရပါကြောင်း၊ ဥပဒေ၏အနှစ်သာရကို ဦးစားပေးလွန်းသည့်အခါတွင် ဥပဒေ၏ဝေါဟာရ ပျောက်တတ်သကဲ့သို့ ဥပဒေ၏ ဝေါဟာရကို ဦးစားပေးလွန်းပါကလည်း ဥပဒေ၏ အနှစ်သာရ ကွယ်ပျောက်တတ်ပါကြောင်း၊ ယင်းတို့ကိုလည်း အထူးဂရုစိုက်စေလိုပါကြောင်း။

ထို့ပြင် ဥပဒေတစ်ခုကိုပြုပါက ယင်းဥပဒေ၏ နောက်ကြောင်း အခြေခံအချက်အလက် သမိုင်းကြောင်းများကို သိရှိရန်လိုအပ်ပါကြောင်း၊ နောက်ကြောင်းအခြေခံ အချက်အလက် သမိုင်းကြောင်းများကို သိမှသာ ဥပဒေတစ်ခုကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့အရေးကြီးသည့် ဥပဒေပြုရေးမဏ္ဍိုင်က နိုင်ငံတော်၏ မူဝါဒများကိုလည်း ဥပဒေအဖြစ် ရေးဆွဲပေးရပါကြောင်း။

မေးခွန်းများ၊ အဆိုများ ဥပဒေပြုသည့်အခါများတွင် ကိုယ်စားလှယ်အားလုံးက ဆွေးနွေးရခြင်း၊ ညှိနှိုင်းရခြင်းများ ရှိပါကြောင်း၊ ထိုသို့ ဆွေးနွေးညှိနှိုင်းသည့်အခါတွင်လည်း ဥပဒေပြုရေးမဏ္ဍိုင်နှင့် လိုက်လျောညီထွေသည့် အသုံးအနှုန်း၊ အပြောအဆိုများဖြစ်ရန် လိုအပ်ပါကြောင်း၊ ယင်းသည် မိမိ၏ ဂုဏ်သိက္ခာနှင့်ဆိုင်သကဲ့သို့ မိမိအဖွဲ့အစည်း၏ ဂုဏ်သိက္ခာနှင့်လည်းဆိုင်ပါကြောင်း၊ ထိုသို့ ဆွေးနွေးကြသည့်အခါတွင်လည်း တစ်ဦးနှင့်တစ်ဦး အပြုသဘောအမြင်နှင့် ဆွေးနွေးကြစေလိုပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးအတွက် အပြုသဘောဆောင် ဆွေးနွေးကြပါက အောင်မြင်မှု ရနိုင်မည်ဖြစ်ပါကြောင်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**စေ့စပ်ညှိနှိုင်း အဖြေရှာ**

မိမိ၏အတ္တကို ဦးတည်ပြီး ဆွေးနွေးမည်ဆိုပါက အပြုသဘောမဆောင်ဘဲ အောင်မြင်မှုလည်း ရနိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် အပြုသဘောနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြ စေလိုပါကြောင်း၊ ယင်းသည် ဒီမိုကရေစီ၏ မဏ္ဍိုင်ကြီး (၁၂) ရပ်တွင် ပါဝင်သည့် သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ စေ့စပ်ညှိနှိုင်း အဖြေရှာခြင်းဆိုသည့် အချက်များနှင့် အကျုံးဝင်ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်တွင် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားကြီး၊ သည်းခံပြီး စေ့စပ်ညှိနှိုင်း အဖြေရှာရမည်ဖြစ်ပါကြောင်း၊ ထို့နောက်တွင် အများ၏ ဆုံးဖြတ်ချက်ကို လိုက်နာရသကဲ့သို့ အနည်းစု၏ သဘောထားကိုလည်း အလေးထားကြရမည် ဖြစ်ပါကြောင်း၊ အဆိုပါ ဒီမိုကရေစီကျင့်စဉ်ကို မြတ်နိုးတန်ဖိုးထားပြီး အမှန်တကယ် ကျင့်သုံးနိုင်မှသာလျှင် မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် မိမိတို့ကိုယ်တိုင် မည်မျှပြုပြင်ပြောင်းလဲနိုင်ပြီဆိုသည့် စံချိန်လည်း လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် မိမိတို့ မည်မျှပြုပြင်ပြောင်းလဲနိုင်စွမ်း မည်မျှရှိသည်ဆိုသည့် အပေါ်တွင် မူတည်နေပါကြောင်း၊ မိမိတို့အားလုံးသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အားလုံးကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြောင်းလဲပြီး ဒီမိုကရေစီကျင့်စဉ်ကို မှန်မှန်ကန်ကန် ကျင့်သုံး၍ ဒီမိုကရေစီ၏ မဏ္ဍိုင်ဖြစ်သည့် သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းများဖြင့် နိုင်ငံတော်က သန္နိဋ္ဌာန်ချထားသည့်၊ နိုင်ငံသူ နိုင်ငံသားများကလည်း နှစ်ရှည်လများ လိုလားတောင့်တပြီး အာသာဆန္ဒပြင်းပြနေသည့် ဒီမိုကရေစီနိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

**ခင်မင်ရင်းနှီးစွာ နှုတ်ဆက်**

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။ **သတင်းစဉ်**

❑ လွှတ်တော်ကိုယ်စားလှယ်များသည် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျေပွန်စွာဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် ထမ်းဆောင်ရသကဲ့သို့ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း မှန်မှန်ကန်ကန်အသုံးပြုကြရန် လိုအပ်၊ အဘယ်ကြောင့်ဆိုသော် ဥပဒေပြုရေးမဏ္ဍိုင်ဆိုသည်မှာ လွန်စွာတာဝန်ကြီးသည့် အဖွဲ့အစည်းတစ်ခုဖြစ်

❑ မေးခွန်းများ၊ အဆိုများ ဥပဒေပြုသည့်အခါများတွင် ကိုယ်စားလှယ်အားလုံးက ဆွေးနွေးရခြင်း၊ ညှိနှိုင်းရခြင်းများ ရှိ၊ ထိုသို့ ဆွေးနွေးညှိနှိုင်းသည့်အခါတွင်လည်း ဥပဒေပြုရေးမဏ္ဍိုင်နှင့် လိုက်လျောညီထွေသည့် အသုံးအနှုန်း၊ အပြောအဆိုများဖြစ်ရန် လိုအပ်

❍ ရွှေဖုံးမှ

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သုဝဏ္ဏမြက်ခင်းတုကွင်း၌ လာရောက်ဘောလုံးကစားနေကြသည့် ကျောင်းသား ကျောင်းသူလေးများနှင့် မသန်စွမ်းအားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး Football for schools ဆိုင်းဘုတ်ရှေ့တွင် ကျောင်းသား ကျောင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

## ပြခန်းများကြည့်ရှု

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘောလုံးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံပြခန်းများကို လိုက်လံကြည့်ရှုကြသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဘောလုံးအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက Football for schools program ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဘောလုံးပေါ်တွင် အမှတ်တရ လက်မှတ်ရေးထိုးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် Life & Dance အဖွဲ့၏ သရုပ်ပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး Football for nation Video Clip ပြသမှုကို ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က Football for schools program အကြောင်း ရှင်းလင်းပြောကြားပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖောင်ဒေးရှင်း) CEO Mr. Youri Ram Djaorkaeff က အမှာစကားပြောကြားကာ American Got Talent ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံမှ Junior Creative အဖွဲ့က Shadow Dance ဖြင့် တင်ဆက်ကပြကြသည်။

## မိန့်ခွန်းပြောကြား

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့် မိန့်ခွန်းပြောကြားရာတွင် "ဧည့်သည်တော်များအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်မတို့အားလုံး ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံရဲ့ ကျောင်းတွေမှာ ဘောလုံးကစားမှု တိုးတက်ရုံတင်မက ကျောင်းသားများရဲ့ စိတ်ဓာတ်တိုးတက်ရေးအတွက် ဝန်းရံတယ်လို့ ကျွန်မယူဆပါတယ်။ ပညာသင်တယ်ဆိုတာ အတန်းထဲမှာ စာကျက်ရုံနဲ့ မပြီးပါဘူး။ လူတစ်ဦးတစ်ယောက်ကို၊ လူတိုင်းလူတိုင်းကို ပိုပြီးပြည့်စုံတဲ့ လူသားတစ်ယောက်ဖြစ်လာအောင် ဖန်တီးဖို့ဖြစ်ပါတယ်။ ပြီးပြည့်စုံတဲ့လူသားတစ်ယောက်ဖြစ်လာအောင် ဖန်တီးဖို့ဆိုတာ စာကျက်ရုံနဲ့လည်း မပြီးသေးဘူး၊ အားကစားကလည်း အင်မတန်အရေးကြီးပါတယ်။ အားကစားအမျိုးမျိုးရှိတဲ့ အထဲမှာ ကျွန်မတို့နိုင်ငံမှာ အများ အင်မတန်မှ နှစ်သက်တဲ့ အားကစားနည်းကတော့ ဘောလုံးပဲဆိုတာ အားလုံးသိပြီးသား ဖြစ်ပါတယ်။ ဒီလို အားကစားကို ဘာဖြစ်လို့ ကျွန်မတို့က အားပေးသလဲဆိုတော့ အားကစားဆိုတာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှစ်ဖက်စလုံးနဲ့ဆိုင်ပါတယ်။ အထူးသဖြင့် ဘောလုံးကစားတယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာလည်း ဆိုင်တယ်၊ စိတ်ပိုင်းဆိုင်ရာလည်း ဆိုင်တယ်။ ပူးပေါင်းဆောင်ရွက်ခြင်းအတွက်လည်း အင်မတန်မှ အရေးကြီးပါတယ်။ ဘောလုံးအသင်းတစ်သင်းဟာ အောင်မြင်ဖို့ဆိုရင် အားလုံးက ပူးပေါင်းဆောင်ရွက်မှုရှိရမယ်။ တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ အင်အားတွေကို လေးစားရမယ်။ ငါတစ်ယောက် တည်းတော်တယ်ဆိုတဲ့ စိတ်ဓာတ်နဲ့လုပ်လို့မရဘူး။ အဲဒါကြောင့် ကျွန်မတို့က ဘောလုံးကစားနည်းကိုလည်း အားပေးတယ်၊ ဒီကနေတစ်ဆင့် လူငယ်များရဲ့ စိတ်ဓာတ်အင်အားတက်ခြင်းကို ဖန်တီးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

## မကြာခဏဆွေးနွေး

ဦးဇော်ဇော်ပြောသွားတဲ့ ဘယ်လိုနည်းတွေနဲ့ ကလေးတွေရဲ့စိတ်ဓာတ်ကို မြှင့်တင်ပေးဖို့ကြိုးစားတယ်ဆိုတာ video clip ထဲမှာလည်း ပြသွားပါတယ်။ ဥပမာ ဂိမ်းအလွန်အကျွံကစားတာမဖြစ်စေဖို့၊ မူးယစ်ဆေးဝါး ဆေးလိပ်သောက်ခြင်းစတဲ့ မသင့်တော်တဲ့ အလေ့အကျင့်တွေကနေ ဖယ်ခွာသွားဖို့ အားကစားဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာ ပြသွားပါတယ်။ ကျွန်မတို့ကျောင်းတွေမှာဆိုရင်လည်း အားကစားနည်းအမျိုးမျိုးရှိတဲ့အထဲမှာ တော်တော်များများကြိုက်တာကတော့ ဘောလုံးပါပဲ။ အကြိုက်ဆုံးက ဘောလုံးဆိုရင်တော့ မှားမယ်လို့မထင်ပါဘူး။ ဒါဟာ ယောကျ်ားလေးတွေတင် မဟုတ်ပါဘူး။ မိန်းကလေးတွေလည်းပါတယ်။ ကျွန်မတို့ရဲ့ မိန်းကလေးတွေကလည်း ဘောလုံးကစားတဲ့နေရာမှာ တော်တယ်ဆိုတာကို ကျွန်မအင်မတန်မှ ဂုဏ်ယူပါတယ်။ နိုင်ငံတကာက နေလာပြီး ကျွန်မတို့နိုင်ငံရဲ့ ဘောလုံးကစားနည်း၊ ဘောလုံးအသင်းများ၊ ဘောလုံးအသင်းဝင်များ အရည်အသွေးမြှင့်တင်ဖို့ ကူညီနေတဲ့ ပုဂ္ဂိုလ်အချို့နဲ့ ခဏလေးပဲ စကားပြောဖြစ်ပါတယ်။ ကျွန်မမေးပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ဘောလုံးသမားတွေရဲ့ အားသာချက်က ဘာလဲ၊ အားနည်းချက်ကဘာလဲဆိုပြီး မေးပါတယ်။ အားနည်းချက်ကဘာလဲဆိုတော့ ရေရှည်ခံနိုင်ရည်မရှိခြင်းလို့ ပြောပါတယ်၊ ဒါလည်း ကျွန်မတို့သိပြီးသားပါ။ ဒါလည်း ဦးဇော်ဇော်နဲ့ မကြာခဏဆွေးနွေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့ ကလေးများဟာ ငယ်ငယ်ကတည်းကနေပြီးတော့ အာဟာရပြည့်ဝစွာ မစားသောက်ခဲ့ရတဲ့အတွက် အသက်ကြီးလာတဲ့အခါမှာ ၁၂ နှစ် ကျော်မှာ ဘယ်လိုပဲကျွေးကျွေးမွေးကတည်းက အာဟာရပြည့်ဝစွာ စားခဲ့ရတဲ့ ကလေးတွေနဲ့ ခံနိုင်ရည်၊ ရေရှည်အကြမ်းခံနိုင်တာ၊ အမောခံနိုင်တဲ့နေရာမှာ မတူဘူးဖြစ်နေတာ။ ကျွန်မတို့ရဲ့ကလေးတွေက အားနည်းနေတယ်ဆိုတာ တွေ့ရပါတယ်။

နောက်ထပ် အခြားဘာအားနည်းချက်ရှိသလဲဆိုတော့ နည်းပြတွေ များများလိုတယ်တဲ့၊ နည်းပြများများလိုတယ်ဆိုတာတော့ ကျွန်မတို့သင်ပေးလို့ရပါတယ်။ ဒါပေမယ့် ဒီလိုခံနိုင်ရည်မှာ ငယ်ငယ်ကတည်းက အာဟာရမပြည့်ဝလို့ အားနည်းနေတဲ့ ကျွန်မတို့ ကလေးတွေအတွက် ဘယ်လိုလုပ်ပေးမလဲဆိုတာ ကျွန်မစဉ်းစားတဲ့အခါ ကျွန်မကို နည်းပြက ဘယ်လိုပြောသလဲဆိုတော့ နည်းပြသင်တန်းပေးနေတဲ့ဆရာက ကလေးတွေရဲ့ အားသာချက်ကဘာလဲဆိုတော့ စိတ်ဓာတ်ပဲတဲ့၊ အဲဒီတော့ ကျွန်မတို့ဟာ တစ်ဖက်မှာအားနည်းရင် တစ်ဖက်မှာပိုပြီးတော့ အားဖြည့်ပြီးလုပ်ရလိမ့်မယ်။ စိတ်ဓာတ် နဲ့ပတ်သက်လို့လည်း ကျွန်မလည်းဆွေးနွေးဖြစ်ပါတယ်။ ဘာကို ကျွန်မသွားသတိရသလဲဆိုတော့ တစ်ချိန်တစ်ခါတုန်းက အိုလံပစ်ပွဲတော်မှာ ရွှေတံဆိပ်ရဖူးတဲ့ အပြေးသမားတစ်ယောက်ကို မီဒီယာက သတင်းထောက်တစ်ယောက်ကမေးတယ်၊ "ခင်ဗျားက ဘာအတွက်နာမည်ကြီးသလဲဆိုတော့ ပန်းတိုင်မရောက်ခင်မှာ တခြားသူတွေမောနေတဲ့အချိန်မှာ ခင်ဗျားက အားတွေထုတ်ပြီး မြန်မြန်ပြေးနိုင်တယ်၊ ကျွန်တော်တို့နားလည်တာကတော့ ဒီလောက် ပန်းတိုင်ရောက်ခါနီးအချိန်မှာဆိုရင် အင်မတန်မှ အဆုတ်က အလုပ်လုပ်ရတဲ့အတွက် နာကျင်လာတယ်၊ ဒီနာကျင်တာကို မနာကျင်အောင် ခင်ဗျားဘယ်လို လေ့ကျင့်သလဲ" ဆိုတော့ သူက ဘယ်လိုပြောသလဲဆိုတော့ "မနာကျင်အောင် လေ့ကျင့်လို့မရဘူး အနာကိုခံနိုင်အောင်လို့ပဲ လေ့ကျင့်ရမယ်တဲ့" ကျွန်မတို့လည်း ဒီလိုပဲစဉ်းစားရမှာပဲ၊ ကျွန်မတို့ရဲ့ကလေးတွေကို လေ့ကျင့်ပေးရမယ်၊ ငယ်ငယ်ကတည်းက အာဟာရမပြည့်ဝတဲ့ကလေးတွေကို ပြည့်စေဆိုပြီး ကျွန်မတို့ လုပ်လို့မရတော့ဘူး။ တတ်နိုင်သလောက် အခုကနေစပြီး အာဟာရပြည့်ဝအောင် ကျွေးမွေးမယ်၊ ပြုစုပျိုးထောင်မယ်။ သို့သော်လည်း စိတ်ဓာတ်ကို ပြုစုပျိုးထောင်ဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။

## ကတိတည်ခြင်းကိုတန်ဖိုးထား

အဲဒါနဲ့ပတ်သက်လို့ ကျွန်မတို့ လူကြီးတွေ၊ မိဘများ၊ ဆရာများ အားလုံးက ဝိုင်းဝန်းပြီး ကူညီစေချင်ပါတယ်။ တချို့မိဘတွေက အားကစားရဲ့ တန်ဖိုးကို မသိကြပါဘူး။ ကျောင်းသွားတာ စာသင်ဖို့သွားတာ၊ ဆော့ဖို့သွားတာ မဟုတ်ဘူးဆိုပြီး အယူအဆရှိတဲ့မိဘတွေလည်း ရှိပါတယ်။ အဲဒီလိုအမြင်တွေကို ကျွန်မတို့ ပြောင်းဖို့လိုပါတယ်။ ကျောင်းသွားတယ်ဆိုတာ လူတစ်ယောက်ဟာ ပြီးပြည့်စုံတဲ့ လူတစ်ယောက်ဖြစ်လာဖို့အတွက် သွားတာပဲ၊ ပညာဆိုတာ ဒါပဲ၊ လူတစ်ယောက်ကို၊ ကလေးတစ်ယောက်ကို ပြီးပြည့်စုံတဲ့လူသားတစ်ယောက်ဖြစ်လာအောင် အဘက်ဘက်ကနေပြီးတော့ ဖွံ့ဖြိုးအောင်၊ တိုးတက်အောင်၊ အဘက်ဘက်ကနေပြီးတော့ ကိုယ်မွေးလာတဲ့ကမ္ဘာကြီးမှာ အကျိုးပြုနိုင်တဲ့ လူသားတစ်ယောက်ဖြစ်လာအောင် ကျွန်မတို့လုပ်တာဆိုတော့ အားကစားနည်းကလည်း ကျွန်မတို့အတွက် အင်မတန်မှ တန်ဖိုးရှိတဲ့ ကလေးများကို ပြုစုပျိုးထောင်မယ့် လက်နက်တစ်ခုလို့ပြောရင် မမှားပါဘူး။ ဒီပွဲဖြစ်မြောက်အောင် ကျွန်မတို့ရဲ့ ကျောင်းတွေအတွက် ဘောလုံးဆိုတဲ့ Football for schools program ဆိုတဲ့ အစီအစဉ် ဖြစ်မြောက်အောင်လုပ်ပေးတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကမ္ဘာ့ဘောလုံးအသင်း၊ ကျွန်မတို့ အာရှဘောလုံးအသင်း၊ အာဆီယံဘောလုံးအသင်း ဘောလုံးအဖွဲ့ချုပ်တွေကိုကျေးဇူးတင်တယ်။ နောက်ပြီးတော့ ကျွန်မတို့ရဲ့ မြန်မာဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီလို အားလုံးဝိုင်းဝန်းပြီး ကူညီလို့ ကျွန်မတို့ ဒီအခမ်းအနားဖြစ်လာတာပါ။ ကျွန်မအထူးကျေးဇူးတင်ရမှာတော့ ကျွန်မတို့ FIFA က လူတွေဖြစ်ပါတယ်။ ဘာဖြစ်လို့ အထူးကျေးဇူးတင်ရမှာလဲဆိုတော့ ကျွန်မနဲ့ ဘန်ကောက်မှာတွေ့တုန်းက ကတိပေးခဲ့ပါတယ်။ ဒီကိုလာခဲ့ပြီးတော့ မြန်မာနိုင်ငံဟာ ပထမဦးဆုံးကျောင်းတွေအတွက် ဘောလုံးအစီအစဉ်လုပ်တဲ့ နိုင်ငံဖြစ်စေရမယ်ဆိုတော့ ကတိအတိုင်းပဲ။ တစ်လတော့ နောက်ကျသွားတယ်။ တစ်လလောက်ကတော့ ကျွန်မခွင့်လွှတ်ပါတယ်။ အဲဒီတော့ တစ်လလောက်နောက်ကျသွားပေမယ့် ကျေးဇူးတင်တယ်ဆိုတာ ပထမဦးဆုံးအားဖြင့် ကျွန်မ ဘာကိုတန်ဖိုးထားလဲဆိုတော့ ကတိတည်ခြင်းကိုတန်ဖိုးထားတယ်။ ကတိတည်ခြင်းဆိုတာ လူသားနှစ်ယောက်ကြားထဲမှာ ယုံကြည်မှုတည်ဆောက်တာပဲ။ ကတိတည်ခြင်းဆိုတာ ကတိပြုတဲ့သူနဲ့ ကတိပြုတာကိုလက်ခံတဲ့သူအကြားမှာ ယုံကြည်မှုတည်ဆောက်တာပါ။ ကျွန်မတို့ဘယ်အရာရာမှာပဲ ဖြစ်ဖြစ်၊ ဘယ်လုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ဘာအလုပ်ပဲ ဖြစ်ဖြစ် အောင်မြင်ချင်ရင် ပထမဦးဆုံးအနေနဲ့ အတူတူလုပ်နေတဲ့ သူတွေကြားထဲမှာ ယုံကြည်မှုရှိဖို့ဟာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မကနေပြီး ကျေးဇူးတင်တယ်လို့ ပြောတာပါ။

## အချိန်ပေးဖို့ကြိုးစား

ဒုတိယကတော့ တကယ်ပဲလာခဲ့တာတင်မကဘူး။ ဒီမှာလာတဲ့အခါမှာ ဖြစ်မြောက်အောင် အတတ်နိုင်ဆုံး လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့လည်းဆက်ပြီးတော့ ကျွန်မတို့ရဲ့ကျောင်းတွေအတွက် ဘောလုံးဆိုတဲ့ အစီအစဉ်ဟာ အောင်မြင်မယ်လို့ ကျွန်မထင်ပါတယ်။ ကျွန်မကို နည်းပြဆရာတစ်ယောက်က ပြောပါတယ်။ ပြဿနာတစ်ခုက အချိန်မလုံလောက်ဘူးတဲ့။ ကျောင်းက ကလေးတွေကို ဘောလုံးလေ့ကျင့်ပေးဖို့ အချိန်မလောက်ဘူးဆိုတော့ ကျွန်မတို့မှာ တစ်ဖက်ကလည်း ကျောင်းသားကျောင်းသူများဟာ မိမိတို့ရဲ့ သင်ရိုးညွှန်းတမ်းပြီးအောင်လို့ သင်နိုင်ဖို့ဆိုတာလည်း ကျွန်မတို့က ကြိုးစားရတယ်။ တစ်ဖက်မှာလည်း တခြားကိစ္စတွေဖြစ်တဲ့ ကလေးတွေရဲ့ အကျင့်စာရိတ္တအတွက်၊ ကလေးတွေရဲ့ စိတ်ဓာတ်အတွက် လိုအပ်တဲ့ကိစ္စတွေအတွက်လည်း ကျွန်မတို့အချိန်ပေးဖို့ကြိုးစားရတယ်။ ဒီဟာကိုတော့ ကျွန်မ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ဆွေးနွေးပြီးတော့ ဖြစ်အောင်လုပ်ပါမယ်လို့ ကျွန်မပြောလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ဖြစ်အောင်လုပ်ရမယ့်ကိစ္စပါ။ ကျောင်းတိုင်းကျောင်းတိုင်းက မလုပ်နိုင်ရင်တောင်မှ ပထမဦးစွာ တချို့ကျောင်းတွေကို အစမ်းသဘောနဲ့လုပ်ပြီးတော့ ဘယ်လောက်အထိ ကျွန်မတို့အောင်မြင်မှုရနိုင်လဲဆိုတာကို ကြိုးစားရမှာဖြစ်ပါတယ်။

စာမျက်နှာ ၅ သို့



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Football for schools program ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် Football for schools program ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

စာမျက်နှာ ၄ မှ

### စိတ်ဓာတ်အားဖြင့် မြှင့်တင်ပေးမယ့် ကစားနည်း

ဘောလုံးကစားခြင်းဟာ စောစောကပြောသွားတဲ့ အကြောင်းတွေထက် ပိုပြီးတော့ ကျွန်မတို့နိုင်ငံအတွက် ဘာဖြစ်လို့ အရေးကြီးလဲဆိုတော့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ပြောတဲ့ဘာ သာစကားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဖြစ်ပါတယ်။ ဒီလိုပေါင်းစုံဖွဲ့ထားတဲ့ နိုင်ငံမို့လို့ ကျွန်မတို့ အချင်းချင်းနားလည်မှုရှိဖို့၊ ကျွန်မတို့အချင်းချင်း ခွဲခြားဆက်ဆံတဲ့စိတ်ဓာတ်တွေမရှိဖို့ဒါအင်မတန်အရေးကြီးပါတယ်။ ဘောလုံးကစားခြင်းအားဖြင့် ဒီလိုစုပေါင်းပြီး ညီညွတ်တဲ့ စိတ်ဓာတ်တွေကို ပြုစုပျိုးထောင်နိုင်ပါတယ်။ ဘောလုံးကွင်းမှာဆိုရင် ဘောလုံးတော်တဲ့သူကို ဘောလုံးတော်တဲ့သူလို့ မြင်တာပဲ။ သူက ဘာလူမျိုး၊ ဘာ ဘာသာစကား ပြောတယ်။ ဘာ ဘာသာကိုးကွယ်တယ်ဆိုတာ ဒီလိုမမြင်ကြပါဘူး။ နောက်ပြီးတော့ လူတိုင်းလူတိုင်းမှာ သူ့ရဲ့အားရှိတယ်။ သူ့ရဲ့အားနည်းချက် အားသာချက်ရှိတယ်ဆိုတာလည်း မြင်လာကြတယ်။ လူတိုင်းလူတိုင်းဟာ သူ့အားနည်းချက်ရှိတယ်။ သူ့အားသာချက်ရှိတယ်ဆိုတာ ငယ်ငယ်ကတည်းက သိလာတဲ့အခါကျရင် တခြားသူတွေကိုလည်း ပိုပြီးတော့ တန်ဖိုးထားတတ်တယ်။ ပိုပြီးတော့လေးစားတတ်တယ်။ ငါတစ်ယောက်တည်း တော်တယ်ဆိုတဲ့ စိတ်ဓာတ်တွေလည်းမရှိဘူး။ ဘယ်လောက်ပဲ ရှေ့တန်းမှာတော်တော်ဂိုးမှာသွားစောင့်ရင်တော့ အဆင်မပြေဘူးဆိုတာသိသွားရင် ကိုယ့်မှာ အားသာချက်ရှိသလို အားနည်းချက်ရှိတယ်ဆိုတာကိုလည်း လက်ခံလာတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ စုဖွဲ့ထားတဲ့ပြည်ထောင်စုကြီးမှာ စိတ်ဓာတ်အားဖြင့် မြှင့်တင်ပေးမယ့် ဒီလိုကစားနည်းဟာ အင်မတန်မှအရေးကြီးပါတယ်။

### မြင့်မားတဲ့ စိတ်ဓာတ်တွေကို မွေးမြူဖို့လို

ဒီကစားနည်းတွေဟာ စိတ်ဓာတ်အားဖြင့် မြှင့်တင်ပေးမယ်ဆိုတာဟာ ကစားသမားတွေအတွက်တင်မဟုတ်ပါဘူး။ ဦးဇော်ဇော်ပြောသွားတဲ့အထဲမှာ ပရိသတ်နဲ့လည်းဆိုင်ပါတယ်။ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေသိက္ခာရှိရှိနဲ့ လက်ခံနိုင်ရမယ်။ ကျွန်မအမြဲပဲပြောတယ်။ နိုင်တယ်ဆိုရင် ကိုယ့်စိတ်ကိုနှိမ့်ချပြီး ဣန္ဒြေရရ နိုင်ရမယ်။ ရှုံးတယ်ဆိုရင် သတ္တိရှိရှိနဲ့ ခံနိုင်ရည်နဲ့ ရှုံးရမယ်။ ဒါရင်ဆိုင်နိုင်ရမယ်။ အရှုံးအနိုင်ကို မှန်မှန်ကန်ကန် မရင်ဆိုင်နိုင်ရင် ကျွန်မတို့ဘဝမှာ တိုးတက်မှုရှိနိုင်မှာမဟုတ်ဘူး။ ရှုံးရင်လည်းတစ်ခါတည်း ဟိုဘက်ကို ဆော်မယ်ဆိုတဲ့စိတ်၊ နိုင်ရင်တော့လက်သီးလက်မောင်းတန်းပြီး ကျောချင်တဲ့စိတ် အဲဒါတွေက ကောင်းတဲ့စိတ်ဓာတ်တွေ မဟုတ်ပါဘူး။ အဲဒီတော့ ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့ ကစားသမားတွေ ကိုယ်တိုင်တင် မဟုတ်ဘူး။ ပရိသတ်တွေကလည်း ဒီလိုတန်ဖိုးထားပြီး ဒီလိုမြင့်မားတဲ့ စိတ်ဓာတ်တွေကို မွေးမြူဖို့လိုပါတယ်။

### ဝိုင်းဝန်းပြီးတော့ ကူညီပေးပါ

ကျွန်မတို့နိုင်ငံမှာ ဘောလုံးပွဲတွေ အများကြီးကျင်းပခြင်းအားဖြင့် ဘောလုံးပွဲတွေက ပရိသတ်တွေကလည်း ဘယ်လိုစိတ်ထားမြင့်မြင့်ထားပြီးတော့ နေရမယ်ဆိုတာကို သိလာလိမ့်မယ်။ တတ်လာလိမ့်မယ်။ ကျွန်မတို့နိုင်ငံအတွက် အင်အားတွေဖြစ်လာလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကြောင့် ကျောင်းတွေအတွက် ဘောလုံးအစီအစဉ်ကို တတ်နိုင်သမျှ ကျွန်မတို့အစိုးရအဖွဲ့ကနေပြီးတော့ ကူညီပံ့ပိုးပေးပါ့မယ်။ အောင်မြင်အောင်လို့ အားလုံးဝိုင်းပြီး ကြိုးစားပေးပါ။ ကျွန်မတို့ရဲ့ အားကစားသမားတွေတင်မက၊ ကျွန်မတို့ကျောင်းက ဆရာ ဆရာမတွေတင်မက မိဘများ၊ ကျောင်းသား မိဘများမဟုတ်တဲ့ ကျွန်မတို့ရဲ့ ပြည်သူပြည်သားရပ်မိရပ်ဖများအားလုံး ဝိုင်းဝန်းပြီးတော့ ကူညီပေးပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်”ဟု ပြောကြားသည်။

> “ဘောလုံးပွဲတွေ အများကြီးကျင်းပခြင်းအားဖြင့် ဘောလုံးပွဲတွေက ပရိသတ်တွေကလည်း ဘယ်လိုစိတ်ထားမြင့်မြင့်ထားပြီးတော့ နေရမယ်ဆိုတာကို သိလာလိမ့်မယ်။ တတ်လာလိမ့်မယ်။ ကျွန်မတို့နိုင်ငံအတွက် အင်အားတွေဖြစ်လာလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကြောင့် ကျောင်းတွေအတွက် ဘောလုံးအစီအစဉ်ကို တတ်နိုင်သမျှ ကျွန်မတို့အစိုးရအဖွဲ့ကနေပြီးတော့ ကူညီပံ့ပိုးပေးပါ့မယ်။ အောင်မြင်အောင်လို့ အားလုံးဝိုင်းပြီး ကြိုးစားပေးပါ”

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖောင်ဒေးရှင်း) CEO Mr. Youri Ram Djaorkaeff ၊ အာရှဘောလုံးအဖွဲ့ချုပ် မီဒီယာအကြီးအကဲ Mr. Colin Raymond Gibson ၊ အာဆီယံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Major General Khiev Sameth တို့နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

### ကျောင်းများတွင်အသုံးပြုရန် ဘောလုံး ၁၀၀၀၀ ပေးအပ်

ထို့နောက် အခြေခံပညာ ကျောင်းများတွင် အသုံးပြုနိုင်ရန် ဘောလုံးအလုံးရေ ၁၀၀၀၀ အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပေးအပ် လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် Football for schools program သည် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများတွင် ဘောလုံးအားကစားကို ပိုမိုတွင်ကျယ်စွာ လိုက်ပါကစားနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)ရှိ ရေလှောင်တမံလေးခုမှ ယခုနှစ် နွေစပါး လျာထားဧက ၅၄၀၀၀ ကျော် စိုက်ပျိုးရေပေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုရေလှောင်တမံများမှ ယခုနှစ် နွေစပါးစိုက်ပျိုးရန် စုစုပေါင်း ၅၄၁၉၃ ဧက လျာထားပြီး ဆည်ရေများကို ယခုလဆန်းပိုင်းမှ စတင်၍ ပေးဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါဆည်လေးခုတွင် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို JICA ODA ချေးငွေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပြီးစီးခဲ့ပြီး မူလဆည်ရေသောက်ဧက စုစုပေါင်း ၁၆၃၁၃၄ ဧက မှ ၂၂၅၈၇၇ ဧကအထိ တိုးမြှင့်ပေးဝေနိုင်မည်ဖြစ်ရာ မူလ စိုက်ဧကထက် ၃၉ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ရေလှောင်တမံ လေးခု၏ ရေဝင်ရောက်မှုအခြေအနေများ၊ ပွင့်လင်းရာသီတွင် ဆောင်ရွက်လျက်ရှိသည့် တမံထိန်းသိမ်းရေးလုပ်ငန်းများ၊ နွေစပါး ရေပေးဝေနိုင်ရန်အတွက် တူးမြောင်းရှင်းလင်းရေးလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်နှင့် အဖွဲ့က ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရေလှောင်တမံသို့ လာရောက်စစ်ဆေးခဲ့သည်။

ယခုနှစ်တွင် မြောက်နဝင်းရေလှောင်တမံ၌ သုံးစွဲနိုင်သည့် ရေလှောင်ပမာဏ ၁၈၅၃၇၅ ဧကပေ၌ နွေစပါး ၁၅၂၈၄ ဧက စိုက်ပျိုးရန် လျာထားကြောင်း၊ ထို့အတူ တောင်နဝင်းရေလှောင်တမံ လက်ရှိရေလှောင်ပမာဏ ဧကပေ ၁၀၇၉၂၀ တွင် နွေစပါး ၈၃၆၃ ဧက၊ ဝဲကြီးရေလှောင်တမံ လက်ရှိ ရေလှောင်ပမာဏ ဧကပေ ၂၀၅၀၀၀ တွင် နွေစပါး ဧက ၂၃၇၅၀ နှင့် တောင်ညိုရေလှောင်တမံ၏ လက်ရှိရေလှောင်ပမာဏ ဧကပေ ၁၇၇၄၅၀ တွင် နွေစပါးလျာထား ၆၇၉၆ ဧက စိုက်ပျိုးရန် လျာထားပြီး နွေစပါးအောင်ရေအား အပြည့်အဝဆက်လက်ပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



မောင်မွေး

## နာနတ်စိုက်တောင်သူများအား သဘာဝမြေဩဇာထောက်ပံ့

**လားရှိုး ဇန်နဝါရီ ၃၁**

လားရှိုးမြို့နယ် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးသော နာနတ်သီးနှံစိုက် စဥ့်အင်ကျေးရွာရှိ စံပြစိုက်ခင်းတောင်သူများအား သဘာဝမြေဩဇာအိတ်များ ထောက်ပံ့ပွဲကို ဇန်နဝါရီ ၂၉ ရက်က စဥ့်အင်ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး (ရှမ်း/မြောက်) ဦးကျော်မြင့်ဇော်က စိုက်ပျိုးရေးနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက နာနတ်စိုက်ဧက ၁၀၃၀ အတွက် သဘာဝမြေဩဇာအိတ်များကို တောင်သူများအား ထောက်ပံ့ပေးအပ်သည်။ **မောင်ကျော်ကြီး**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်အား ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု ပိုမိုခိုင်မြဲစေရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

**2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ မိမိနိုင်ငံတွင် တွေ့ရှိပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ရေရှည်ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ကိုင်တွယ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်သမ္မတရုံးမှ ဇန်နဝါရီ ၃၀ ရက်က ဖွဲ့စည်းခဲ့သည့် 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်၍ ယနေ့ မွန်းလွဲ ၂ နာရီ ခွဲက နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**ဗဟိုကော်မတီတစ်ရပ် ဖွဲ့စည်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားလျက်ရှိသည့် 2019 Novel Coronavirus ကြောင့် အဆုတ်ရောင်ရောဂါမှာ ကူးစက်ပြန့်ပွားမှု အရှိန်အဟုန်မြင့်မားလာနေပြီး တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် စိုးရိမ်ဖွယ်အခြေအနေသို့ရောက်ရှိလာနေပြီဖြစ်ကြောင်း၊ ယနေ့သတင်းများအရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် သေဆုံးသူဦးရေမှာ ၂၁၃ ဦးရှိလာပြီဟု သိရပါကြောင်း၊ တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ကူးစက်ပြန့်ပွားသူ ဝေဒနာရှင်အရေအတွက်မှာ ၉၈၀၀ နီးပါးရှိလာပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကလည်း ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ မြန်မာနိုင်ငံတွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ယင်းရောဂါကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်နိုင်ရန်နှင့် ရေရှည်ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ကိုင်တွယ် ဖြေရှင်းဆောင်ရွက်သွားရန်အတွက် ဗဟိုကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပြီး နိုင်ငံတော်သမ္မတရုံးမှလည်း ဇန်နဝါရီ ၃၀ ရက်တွင် 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟို ကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းဗဟိုကော်မတီ၏ လုပ်ငန်း တာဝန်များအဖြစ် (၁၂) ရပ် သတ်မှတ်ထားပါကြောင်း၊ အဆိုပါ ဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးမစတင်မီ ကနဦးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးသဘောမျိုး ကျင်းပလို၍ ယနေ့အစည်းအဝေးကို ခေါ်ယူခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေး ခေါ်ယူရခြင်း၏ ရည်ရွယ်ချက်မှာ ဗဟိုကော်မတီအတွက် ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန် (၁၂) ရပ်နှင့် ပတ်သက်၍ ဝန်ကြီးဌာနတစ်ခုချင်း၊ ဝန်ကြီးဌာနအချင်းချင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများ၊ ရေရှည်ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များအား ရင်ဆိုင် ဖြေရှင်းနိုင်ရေးအတွက် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အစီအမံများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေး ညှိနှိုင်းသွားစေလိုသည့် ရည်ရွယ်ချက် ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာန အသီးသီးမှ ကိုယ်စားလှယ်များက လတ်တလော အခြေအနေအရ မြန်မာ – တရုတ် နယ်စပ်ဂိတ်များနှင့် လေဆိပ်များတွင် ဝင်/ထွက် သွားလာသူများကို ကျန်းမာရေးစစ်ဆေးမှုများ ပိုမိုထိရောက်စွာ ပြုလုပ်သွားရေး၊ ပြည်သူလူထုအား ရောဂါကူးစက်ပြန့်ပွားမှုနှင့် ပတ်သက်၍ အသိပညာပေးရန်၊ နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ချက်များကို အချိန်နှင့် တစ်ပြေးညီ ပြည်သူလူထုထံ ထုတ်ပြန်သွားရန်၊ သတင်းမှားများ ပျံ့နှံ့မှုမရှိစေရန်အတွက် တန်ပြန်ဆောင်ရွက်မှုများအား အချိန်နှင့် တစ်ပြေးညီ လုပ်ဆောင်သွားရန်၊ ဝူဟန်မြို့သို့ ရောက်ရှိနေကြသည့် မြန်မာ ကျောင်းသား၊ ကျောင်းသူများ အပါအဝင် နိုင်ငံသားများအား ပြန်လည်ခေါ်ယူရေး အစရှိသည်တို့နှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# သုတေသနနှင့် ပညာပေးလုပ်ငန်းများမြှင့်တင်ရေး ဒုတိယအကြိမ်စာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

သုတေသနနှင့် ပညာပေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လာစေရေး၊ ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားလာစေရေး၊ ဒေသအသီးသီး၌ ဆောင်ရွက်ခဲ့ကြသည့် စမ်းသပ်ကွက် စံပြကွက်သုတေသနလုပ်ငန်း အတွေ့အကြုံများကို ဝန်ထမ်းအချင်းချင်း မျှဝေပေးနိုင်ရေးတို့ကို ရည်ရွယ်ကျင်းပသည့် သုတေသနနှင့် ပညာပေးလုပ်ငန်းများ မြှင့်တင်ရေး ဒုတိယအကြိမ် စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၂၉ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနများက ဒေသအလိုက် ၂၀၁၈–၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော စမ်းသပ်ကွက်၊ စံပြကွက် လုပ်ငန်းရလဒ်များ၊ သုတေသန လုပ်ငန်းရလဒ်များကို လက်တွေ့ဆောင်ရွက်ခဲ့သည့် စိုက်ပျိုးရေး ပညာရှင်ဝန်ထမ်းများက စာတမ်း ပြုစုတင်သွင်း ဖတ်ကြားကြခြင်းဖြစ်ပြီး အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲသည် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကာ နှစ်စဉ် ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယတိုင်းဒေသကြီး ပြည်နယ်ဦးစီးမှူးများ ပါဝင်သည့် စာတမ်းအမှတ်ပေးအဖွဲ့က စိစစ်ရွေးချယ်၍အကောင်းဆုံး စာတမ်းဆုများကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း က ပြောသည်။

စာတမ်းဖတ်ပွဲကို သုံးရက်ကြာ ကျင်းပခြင်းဖြစ်ပြီး သုတေသနနှင့် ပညာပေးစာတမ်း ၄၃ စောင်ကို ဖတ်ကြား တင်သွင်းခဲ့ကြောင်း၊ ပြောင်းလဲ သက်ရောက်လျက်ရှိသည့် ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် နည်းစနစ်များဖြစ်ရန်၊ ဒေသပတ်ဝန်းကျင် အခြေအနေနှင့် တောင်သူများ လက်ခံနိုင်မှုရှိမည့် နည်းပညာအသစ်များ ဖော်ထုတ်ရန်၊ ဈေးကွက်ကလိုလားသော သီးနှံအမယ်သစ်များကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်စေရန်နှင့် ရေရှည်တည်တံ့သည့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများဖြစ်ရန် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့်စီမံကိန်း ဆောင်ရွက်ရန် ပိုလန်နိုင်ငံ အစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူအတည်ပြု

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က **နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းတို့ကို** တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် ပိုလန်နိုင်ငံ အစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေးကိစ္စ**နှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် စီမံကိန်းမှထွက်ရှိမည့် ထုတ်ကုန်များ အနက်မှ CNG ဓာတ်ငွေ့ တစ်ရက်လျှင် တန် ၃၀ အား Dispenser Unit ဖြင့် CNG သုံးယာဉ်များ အားလုံးသို့ တိုက်ရိုက်ရောင်းချခြင်းနှင့် အုတ်စက်ရုံ၊ အစားအသောက်လုပ်ငန်းများ ထုတ်လုပ်သည့်စက်ရုံများသို့ တိုက်ရိုက်ရောင်းချရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ Liquefied CO2 တန် ၄၀ အား အချိုရည်စက်ရုံများနှင့် သား/ငါး၊ ဟင်းသီးဟင်းရွက် အအေးခန်းများသို့ တိုက်ရိုက်ရောင်းချရန် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးထားပြီး ဖြစ်ပါကြောင်း၊ အလားတူ Refuse Derived Fuel (RDF) တန် ၁၈၀ အား ဘိလပ်မြေစက်ရုံများနှင့် ဘွိုင်လာသုံးစက်ရုံများသို့ တိုက်ရိုက်ရောင်းချရန် သက်ဆိုင်ရာ စက်ရုံများနှင့် ဆွေးနွေးထားပြီး ဖြစ်ပါကြောင်း။

## နှစ်စဉ် ပြန်လည်ပေးဆပ်ရမည့် အတိုး/အရင်း စသည်တို့ကို စီမံကိန်းမှရရှိသည့် ငွေများဖြင့် ကာမိစေရေး စီမံဆောင်ရွက်သွားမည်

ထို့ပြင် **နှစ်ရှည်ချေးငွေဖြစ်၍ မြန်မာကျပ်ငွေတန်ဖိုးကွာခြားလာမည့် အခြေအနေများကို ထည့်သွင်းတွက်ချက်လျာထားမှု**နှင့် စပ်လျဉ်း၍ နှစ်စဉ် ပြန်လည်ပေးဆပ်ရမည့် အတိုး/အရင်း စသည်တို့ကို စီမံကိန်းမှရရှိသည့် ငွေများဖြင့် ကာမိစေရေး စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာငွေကြေး အတက်အကျအပေါ်မူတည်၍ ထုတ်ကုန်များ၏ ဈေးနှုန်းများကိုလည်း ဝယ်ယူသုံးစွဲသည့်ဌာနများနှင့် နှစ်အလိုက်သုံးသပ်မှုများကို ဆောင်ရွက်ခြင်းဖြင့် မြန်မာကျပ်ငွေတန်ဖိုး ပြောင်းလဲမှုအပေါ် ကာကွယ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ **ယခုချေးငွေဖြင့်ပြုလုပ်မည့် ပြုပြင်သန့်စင်စက်သည် အမှိုက်တန်ချိန် ၁၀၀၀ သာ ချေဖျက်နိုင်မည်ဖြစ်ပြီး ကျန်ရှိသည့်တန်ချိန် ၅၀၀ စီမံခန့်ခွဲမှု**နှင့် စပ်လျဉ်း၍ အဆိုပါတန်ချိန် ၅၀၀ ခန့်အနက် တန်ချိန် ၁၂၀ ခန့်ကို ဂျာမနီနိုင်ငံ RIGHT PERSON အဖွဲ့မှ ဥရောပနည်းပညာအသုံးပြု၍ BOT စနစ်ဖြင့် အမှိုက်မှ လျှပ်စစ်ထုတ်လုပ်ခြင်းကို Pilot Project အဖြစ် ဆောင်ရွက်ရန်နှင့် ကျန်အမှိုက်တန်ချိန် ၃၈၀ ခန့်ကို ကိုရီးယားနိုင်ငံ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သန့်စင်ချေဖျက်ခြင်း ဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း။




ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

**စီမံကိန်းကာလ(၃)နှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ခန့်မှန်းလများဖြင့် ဖော်ပြသင့်ခြင်း၊ စက်ရုံလည်ပတ်မှုအတွက် အာမခံသက်တမ်း၊ နှစ်ရှည်ပြင်ဆင် ထိန်းသိမ်းစရိတ်ဆောင်ရွက်ထားမှု အခြေအနေနှင့် ချေးငွေသက်တမ်း ၆၇ နှစ်အတွက် နှစ်စဉ် ဝင်ငွေများ မှန်မှန်ရရှိစေရန်**နှင့် စပ်လျဉ်း၍ စီမံကိန်းကာလ (၃)နှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လအလိုက် အသေးစိတ်ရေးဆွဲနိုင်ရန် Loan Agreement ညှိနှိုင်းသည့်အခါ ထည့်သွင်းညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းတွင်ပါဝင်သည့် စက်ပစ္စည်း ကိရိယာများအားလုံး၏ သက်တမ်းမှာ ပျမ်းမျှနှစ် ၃၀ ခန့် ရှိပါကြောင်း၊ ယင်းကာလအတွင်း ထုတ်ကုန်များမှရရှိသည့် ခန့်မှန်းဝင်ငွေနှင့် ပြန်လည်ပေးဆပ်ရမည့် အတိုး၊ အရင်းများကို ပုံမှန်ပေးဆပ်နိုင်ရန် တွက်ချက်ထားပြီး ကျန်ရှိသည့် ချေးငွေသက်တမ်းအတွင်း ပုံမှန်ပြန်လည်ပေးဆပ်နိုင်ရန် စက်များကို ပြုပြင်ထိန်းသိမ်းခြင်း၊ လိုအပ်သည့် စက်အစိတ်အပိုင်းများ အစားထိုးလဲလှယ်ခြင်း၊ လစဉ်/ နှစ်စဉ် ပုံမှန်စစ်ဆေးခြင်းတို့ဖြင့် ကုန်ထုတ်လုပ်မှုကို ထိန်းသိမ်းဆောင်ရွက်သွားရန် စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်၊ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအတွက် စွန့်ပစ်အမှိုက်ပြုပြင်သန့်စင်သည့် စီမံကိန်းအတွက် ပိုလန်နိုင်ငံထံမှ သက်သာမှုရှိသော ချေးငွေယူရိုသန်း ၅၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က အဆိုပါ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၃၄ မဲ၊ ကန့်ကွက်မဲ ၁၂ မဲ၊ ကြားနေမဲ ၈ မဲ ဖြစ်၍ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ပထမတွဲ(၁၆/၂၀၁၉)**အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို**က ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များနှင့် စပ်လျဉ်း၍ အလေးအနက်ထားပြီး အချိန်တိုအတွင်း ထိထိမိမိ ပြန်လည်သုံးသပ်အကောင်အထည်ဖော်ကာ အရေးယူစရာရှိပါက ပြတ်ပြတ်သားသားအရေးယူရန် လိုအပ်နေသည်ကို ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအရ ငြင်း၍မရနိုင်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ယခုအစီရင်ခံစာကို ဆွေးနွေးမှတ်တမ်းတင်နေရုံဖြင့် မလုံလောက်ဘဲ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများကို လွှတ်တော်သို့ ပြန်လည်အစီရင်ခံတင်ပြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

## စာရင်းစစ်ချုပ်ရုံး အဆင့်ဆင့်တွင်ရှိသည့် စစ်ဆေးရေး ဝန်ထမ်းများ၏ အရည်အသွေး အစဉ်မြင့်မားနေရေးနှင့် ဘက်လိုက်မှုမရှိ အဂတိကင်းစွာဖြင့် စစ်ဆေးဖော်ထုတ် နိုင်စေရေးတို့လည်း လိုအပ်

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို**က ရသင့်ရထိုက်သည့် ရငွေများ ပြည့်ပြည့်ဝဝ ရရှိအောင် ဆောင်ရွက်ကြရန်၊ ပုံသေပိုင်ပစ္စည်းများကို စနစ်တကျသုံးစွဲကြရန်နှင့် ပိုလျှံငွေပြန်အပ်ရမှုအနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ချေးငွေထောက်ပံ့ငွေများ ထိထိရောက်ရောက် ပြည့်ပြည့်ဝဝ သုံးစွဲနိုင်အောင် ကြိုတင်စီမံဆောင်ရွက်ကြရန်နှင့် မသမာမှု၊ အလွဲသုံးစားမှု၊ လေလွင့်ပြုန်းတီးမှုများ ကင်းဝေးပပျောက်လာစေရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် ဌာနအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် စီမံကိန်းလုပ်ငန်းများသည် ပြည်သူ့အတွက် အကျိုးသက်ရောက်မှုရှိ၊ မရှိစစ်ဆေးခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရေး၊ စာရင်းစစ်ချုပ်ရုံး အဆင့်ဆင့်တွင်ရှိသည့် စစ်ဆေးရေး ဝန်ထမ်းများ၏ အရည်အသွေး အစဉ်မြင့်မားနေရေးနှင့် ဘက်လိုက်မှုမရှိ အဂတိကင်းစွာဖြင့် စစ်ဆေးဖော်ထုတ်နိုင်စေရေးတို့လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာ ပထမတွဲ(၁၆/၂၀၁၉)အပေါ် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဥက္ကာမင်း၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးတို့က ဆက်လက် ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဖေဖော်ဝါရီ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀ - ၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀–၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Sedona Hotel ၌ ကျင်းပသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုများအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များက တင်ပြသည့် အခက်အခဲများကို Public–Private Dialogue ပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်း မူဘောင်နှင့် လုပ်ငန်းစီမံချက်၏ (ကာလတို/ ကာလလတ်/ ကာလရှည်) လုပ်ငန်းများအား အကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။



ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီအစည်းအဝေးနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀– ၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀ – ၂၀၂၅ ကို နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာ အကူအညီဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီက ဦးဆောင်ကြီးကြပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန၏ အကူအညီဖြင့် Export Development Board တည်ထောင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနက EU အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် Arise Plus စီမံကိန်း အစီအစဉ်နှင့် ချိတ်ဆက်ပြီး ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍနှင့် ပျားရည်ကဏ္ဍတို့၏ Value Chain Analysis များ ပြုလုပ်ခြင်းနှင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ဖော်ထုတ်ချမှတ်ခြင်းတို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀ – ၂၀၂၅ ရေးဆွဲရေးနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးသည် အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀ – ၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီဝင်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေး ကော်မတီဝင်များက ကဏ္ဍအလိုက် အကြံပြု ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဦးကျော်တင် အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၃၁**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဂျကာတာမြို့ရှိ အာဆီယံဆိုင်ရာဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ အီဂေါဒရိုင်းစမန်းအား ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့လက်ခံတွေ့ဆုံစဉ် အာဆီယံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ပိုမိုတိုးမြှင့်ရေး၊ အာဆီယံ-ဥရောပသမဂ္ဂဆွေးနွေးဖက်ဆက်ဆံရေးကိုမဟာဗျူဟာမြောက်အဆင့်သို့ တိုးမြှင့်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်ဖန်တီးရေးတွင် အာဆီယံမှ ကူညီပံ့ပိုးပေးသည့် လုပ်ငန်းများ၌ ဥရောပသမဂ္ဂကပံ့ပိုးပေးနိုင်မည့်အခြေအနေများနှင့် မြန်မာနှင့် ဥရောပသမဂ္ဂအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ အီဂေါဒရိုင်းစမန်းအား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ် ညှိနှိုင်း အစည်းအဝေး (၄/၂၀၂၀) ကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ဌာနချုပ်တွင် ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့သော အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော Emergency Committee အစည်းအဝေးမှ အကြံပြုချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က သဘောတူပြီး 2019 nCoV ကူးစက်ရောဂါ ဖြစ်ပွားမှုကို **"အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေ (Public Health Emergency of International Concern)"** အဖြစ် ကြေညာလိုက်ပြီဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဖွဲ့ဝင်နိုင်ငံများကို ရောဂါရှိသူထံမှ အခြားသူများထံ ကူးစက်ပြန့်ပွားမှုမရှိစေရေး လုပ်ငန်းများ အလေးထားရန် အကြံပြုထားပါကြောင်း၊ အဆိုပါကြေညာချက်တွင်ပါရှိသည့် ကမ္ဘာ့နိုင်ငံများမှ လိုက်နာ ဆောင်ရွက်ကြရမည့် အကြံပြုချက်များသည် မြန်မာနိုင်ငံအနေဖြင့် လတ်တလော ဆောင်ရွက်လျက်ရှိသော အချက်များဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားနေသော အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုနှုန်းသည် နေ့စဉ်ဆက်လက်မြင့်မားနေသည်ကို တွေ့ရှိရသည့်အတွက် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို အထူးဂရုပြု၍ အားထုတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအခါ ရောဂါဖြစ်ပွားသော နိုင်ငံများမှ ခရီးသည်များ ပြည်တွင်းသို့ ဝင်ရောက်လာခြင်း နည်းပါးသွားသည်နှင့်အမျှ မိမိတို့နိုင်ငံတွင် အဆိုပါ ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေမှာလည်း နည်းပါးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ပိုမိုအလေးထားဆောင်ရွက်ခြင်း (Active Surveillance) နှင့် ဖြစ်ပွားသူတွေ့ရှိရပါက ၎င်းရောဂါရှိသူနှင့် ထိတွေ့ခဲ့သူများရှာဖွေခြင်း (Contact Tracing) ကို ပိုမိုအားထည့်၍ လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရန်နှင့် အစီရင်ခံခြင်း၊ သတင်းပို့ခြင်းများကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်ဝင်ရောက်လာပါက စောစီးစွာသိရှိနိုင်ရေး၊ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဆေးရုံ/ဆေးခန်းများတွင် ဆောင်ရွက်ထားရှိရုံသာမက နီးနွယ်ဝန်ကြီးဌာနများ အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် 2019 Novel Coronavirus (2019-nCoV) ရောဂါပိုးကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီဖွဲ့စည်းပြီး စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ပြည်သူလူထုအတွင်း ကျန်းမာရေး အသိပညာပေးခြင်းကို အထူးကိစ္စရပ်အနေဖြင့် ဘက်ပေါင်းစုံမှ မဟာဗျူဟာများဖြင့် လုပ်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှတစ်ဆင့် အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ကို ဆက်သွယ်၍ သံသယလူနာ စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ခြင်း၊ သတင်းပို့ခြင်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာနိုင်ငံရုံးခွဲ) ကို ဆက်သွယ်၍ ဆက်လက်လိုအပ်နိုင်မည့် နှာခေါင်းစည်း (surgical mask)၊ N95 နှာခေါင်းစည်း၊ တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံ (personal protective equip-ment)၊ ရောဂါပိုးစစ်ဆေးဖော်ထုတ်ရန် ဓာတ်ခွဲပစ္စည်း (primer ၊ probe နှင့် PCR kit) များ အမြန်ဆုံးရရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်က နယ်စပ်ဖြတ်ကျော်သွားလာမှုများကို ကျန်းမာရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့၌ ပညာသင်ကြားလျက်ရှိကြသော မြန်မာ ကျောင်းသား၊ ကျောင်းသူများကို မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ယူနိုင်ရေးအတွက် အထူးလေယာဉ် စေလွှတ်ခေါ်ယူသွားရန်အတွက် လေယာဉ်အမှုထမ်းအဖွဲ့၊ ကျန်းမာရေးအဖွဲ့နှင့် သယ်ယူပို့ဆောင်ရေး စသည်တို့အတွက် ကြိုတင် ပြင်ဆင်ထားမှုများ၊ ကျောင်းသား၊ ကျောင်းသူများ ရောက်ရှိလာပါက လိုအပ်သည်များ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် Video conferen-cing နှင့် Teleconferencing ပြုလုပ်၍ သတင်းပေးပို့ဖလှယ်ခြင်း၊ လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ခြင်းများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ e-Health ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှ ထုတ်ပြန်ချက်နှင့် သတင်းအချက်အလက်များ၊ ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများရရှိမှု၊ ခွဲဝေဖြန့်ဖြူးထားမှုများ စသည်တို့ အပါအဝင် နောက်ဆုံး သတင်းအချက်အလက်များကို ဝေမျှခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုဖြစ်ပွားနေသည့် 2019 Novel Coronavirus (2019-nCoV) ရောဂါပိုးကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ချိန်ကိုက် ပူးပေါင်းဆောင်ရွက်ညှိနှိုင်းခြင်း၊ ဆောင်ရွက်ပြီးစီးမှုကို သုံးသပ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းကို ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**



**❑ *ကျောဖုံးမှ***

အဆိုပါလူနာသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော 2019-nCoV Infection ရောဂါသံသယ (သို့မဟုတ်) အတည်ပြုလူနာသတ်မှတ်ချက်များနှင့် မကိုက်ညီသော်လည်း ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်း လက္ခဏာများရှိနေပြီး ၎င်းနေထိုင်သည့် ကွမ်ကျိုးမြို့သည် ဟူနန်ပြည်နယ်တွင်တည်ရှိ၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် ဟူပေပြည်နယ်နှင့် နီးကပ်နေသဖြင့် စောင့်ကြပ်ကြည့်ရှုရန်နှင့် မြန်မာနိုင်ငံအတွင်းသို့ ရောဂါကူးစက်ဝင်ရောက်မှု မရှိစေရေးအတွက် လူနာအားသီးခြားထားရှိ၍ ကုသမှုပေးနေခြင်းဖြစ်သည်။

အဆိုပါ လူနာလိုက်ပါလာသည့် China Southern Airline လေယာဉ်ခရီးစဉ်အမှတ် CZ 3066 ပေါ်တွင် နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသား နှစ်ဦးအပါအဝင် စုစုပေါင်းခရီးသည် ၇၉ ဦးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦး လိုက်ပါလာခဲ့သည်။

လေယာဉ်ဖြင့် လိုက်ပါလာသူ မြန်မာနိုင်ငံသား အမျိုးသားနှစ်ဦးတွင် 2019-nCoV Infection ရောဂါသံသယဖြစ်ဖွယ် လက္ခဏာများ တစ်စုံတစ်ရာ တွေ့ရှိရခြင်းမရှိသော်လည်း ၎င်းတို့အား ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ဆောင်ရွက်လျက်ရှိသည်။

ဓာတ်ခွဲစစ်ဆေးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား ခရီးသည်ထံမှ ဓာတ်ခွဲနမူနာများရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) မှတစ်ဆင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ညှိနှိုင်းဓာတ်ခွဲစစ်ဆေးရန် စီစဉ်ထားရှိပြီးဖြစ်သည်။

အဆိုပါ လေယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများအား ခွဲခြားထားရှိ၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ် (Quarantine) ကို နှစ်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးဆွေးနွေးခဲ့ရာ ၎င်းတို့သဘောဆန္ဒအရ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မှုမရှိဘဲ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ဝူဟန်မြို့ရှိ မြန်မာကျောင်းသူ ကျောင်းသား ၆၃ ဦးကို မြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် အမြန်ဆုံးခေါ်ယူနိုင်ရေး တရုတ်အစိုးရနှင့် ညှိနှိုင်းလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့၌ ပညာသင်ကြားလျက်ရှိကြသည့် မြန်မာ ကျောင်းသူ ကျောင်းသား ၆၃ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် အထူးလေယာဉ် စေလွှတ်ခေါ်ယူသွားရန် မြန်မာအစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဇန်နဝါရီ ၃၀ ရက်တွင် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရ၏ စီစဉ်ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -



အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်

**မေး ။ ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှာ ဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားနေချိန်မှာ ဝူဟန်မြို့ကို ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေကို မြန်မာနိုင်ငံအစိုးရအနေနဲ့ ကူညီစောင့်ရှောက်ပေးနေမှုအခြေအနေကို သိချင်ပါတယ်။**

ဖြေ ။ ။ ဝူဟန်မြို့မှာ ရောက်ရှိနေတဲ့ မြန်မာကျောင်းသူ ကျောင်းသား စုစုပေါင်း ၆၃ ဦးရှိတယ်လို့ ပေကျင်းမြို့ မြန်မာသံရုံးက သတင်းပေးပို့မှုအရ သိရှိရပါတယ်။ ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားချိန်ကစတင်ပြီး လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးဖို့ မြန်မာအစိုးရအနေနဲ့ ပေကျင်းမြို့ မြန်မာသံရုံးကို ညွှန်ကြားခဲ့ပါတယ်။ သံရုံးနဲ့ ကျောင်းသားတွေအကြား အဆက်မပြတ်ဆက်သွယ်မှုလည်းရှိနေပါတယ်။ တရုတ်အစိုးရအနေနဲ့ ကျောင်းသားတွေကို အစားအသောက်ဝေငှပေးတာတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို သက်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ပေကျင်းမြို့ မြန်မာသံရုံးကလည်း ဖြစ်ပေါ်တိုးတက်မှုတွေကို အချိန်နဲ့တစ်ပြေးညီ နိုင်ငံခြားရေးဝန်ကြီးဌာနကို အစီရင်ခံတင်ပြသလို သတင်းထုတ်ပြန်ချက်တွေကိုလည်း အသိပေးထုတ်ပြန်ခဲ့ပါတယ်။ အခုဆိုရင် ဝူဟန်မှာရှိတဲ့ အမေရိကန်၊ ဂျပန်နဲ့ စင်ကာပူနိုင်ငံတို့က နိုင်ငံခြားသားတွေကို အထူးလေယာဉ်(Chartered Flight)နဲ့ ပြန်လည်ခေါ်ယူနိုင်ဖို့ တရုတ်နိုင်ငံအစိုးရက ဇန်နဝါရီ ၂၉ ရက်က စတင်ပြီး စိစစ်ခွင့်ပြုနေပြီဖြစ်ပါတယ်။

တရုတ်အစိုးရက စတင်ခွင့်ပြုခဲ့တဲ့ ဇန်နဝါရီ ၂၉ ရက်မှာပဲ မြန်မာကျောင်းသူ ကျောင်းသား ၆၃ ယောက်ကို မြန်မာနိုင်ငံကို အထူးလေယာဉ်နဲ့ ပြန်လည်ခေါ်ယူနိုင်ဖို့ နိုင်ငံခြားရေးဝန်ကြီးဌာနက တင်ပြခဲ့ရာမှာ နိုင်ငံတော်အကြီးအကဲတွေက ချက်ချင်း ခွင့်ပြုချက်ပေးခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကျောင်းသားတွေကို အမြန်ဆုံးခေါ်ယူနိုင်ဖို့ တရုတ်အစိုးရနဲ့ နှစ်နိုင်ငံအကြား လေယာဉ်ဆင်းသက်ခွင့်နဲ့ ပြန်လည်ခေါ်ယူနိုင်ဖို့ ညှိနှိုင်းနေပြီဖြစ်ပါတယ်။

**မေး ။ ။ အထူးလေယာဉ်နဲ့ ပြန်လည်ခေါ်ယူဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်ထားသလဲဆိုတာကို သိချင်ပါတယ်ခင်ဗျာ။**

ဖြေ ။ ။ အထူးလေယာဉ်နဲ့ သွားရောက်ခေါ်ယူတဲ့အခါမှာလည်း လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်နိုင်ဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ရှိသူ သုံးဦး လေယာဉ်နဲ့အတူ လိုက်ပါသွားမှာဖြစ်ပါတယ်။ ပြန်ရောက်တဲ့အခါမှာလည်း အဲဒီ ကျောင်းသူကျောင်းသားတွေကို မန္တလေးမှာရှိတဲ့ ကန်တော်နဒီဆေးရုံမှာ သီးခြားခွဲထားပြီး ရက်သတ္တ နှစ်ပတ်ခန့်လိုအပ်တဲ့ ကျန်းမာရေးစောင့်ကြည့်မှု အစီအမံတွေ စနစ်တကျဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြိုတင်စီမံဆောင်ရွက်ထားရှိတယ်လို့ သိရှိရပါတယ်။

ဒါ့အပြင် ဝူဟန် ဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာနိုင်မယ့် အကျိုးဆက်တွေကို ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပူးတွဲဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက အဆင့်မြင့်ကိုယ်စားလှယ်တွေ ပါဝင်တဲ့ “2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင် ရောဂါကာကွယ်၊ ထိန်းချုပ်ကုသရေးဗဟိုကော်မတီ”ကို ဇန်နဝါရီ ၃၀ ရက်က ဖွဲ့စည်းပေးခဲ့ပါတယ်။ ဗဟိုကော်မတီရဲ့ ပထမအကြိမ် အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေး ကနဦးညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက်မှာ ကျင်းပခဲ့ပြီး ဗိုင်းရပ်စ်မပြန့်ပွားရေး ကြိုတင်ကာကွယ်ရေးနည်းလမ်းတွေ အပါအဝင် လိုအပ်မယ့်လုပ်ငန်းစဉ်တွေကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

**မေး ။ ။ ဝူဟန်မြို့ရောက် မြန်မာနိုင်ငံသားတွေကို ချန်းရှမြို့ကတစ်ဆင့် ပြန်လည်ခေါ်ယူသွားမယ့် အစီအစဉ်ကို သိချင်ပါတယ်။**

ဖြေ ။ ။ ရောဂါစတင်ဖြစ်ပွားစဉ်မှာ ဝူဟန်မှာရှိတဲ့ ကျောင်းသားတွေကို ဝူဟန်မြို့တည်ရှိတဲ့ ဟူပေပြည်နယ်ကနေ အနီးစပ်ဆုံး ချန်းရှမြို့ကို မော်တော်ယာဉ်နဲ့တစ်ဆင့် ပို့ဆောင်ပြီး အဆိုပါမြို့ကတစ်ဆင့် မြန်မာနိုင်ငံကို လေယာဉ်နဲ့ ပို့ဆောင်ဖို့ စီစဉ်ထားခဲ့ပါတယ်။

ဒါပေမယ့် တရုတ်နိုင်ငံ သက်ဆိုင်ရာပြည်နယ်ကနေ ထုတ်ပြန်ထားတဲ့ ဒေသန္တရ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်တဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် ကန့်သတ်ချက်တွေရှိပြီး တရုတ်အစိုးရကလည်း ခွင့်ပြုပေးဖို့ အခက်အခဲရှိတယ်လို့ သိရပါတယ်။ ခွင့်ပြုမယ်ဆိုရင်လည်း ကျောင်းသားတွေကို လက်ခံတဲ့ ပြည်နယ်မှာ အနည်းဆုံး (၁၄)ရက်ထားပြီး ကျန်းမာရေးစောင့်ကြည့်မှုတွေ ခံယူပြီးမှ ခွင့်ပြုပေးနိုင်မယ့် အခြေအနေမှာ ရှိပါတယ်။

ဒါကြောင့် အခြားနိုင်ငံတွေက ဆောင်ရွက်နေတဲ့ အတိုင်း မြန်မာနိုင်ငံကနေ အထူးလေယာဉ်နဲ့ ဝူဟန်မြို့ကို သွားရောက်ခေါ်ယူပေးတာက ပိုပြီးထိရောက်မြန်ဆန်တဲ့ နည်းလမ်းဖြစ်လို့ အဲဒီနည်းလမ်းနဲ့ အမြန်ဆုံးခေါ်ဆောင်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ဆုံးအခြေအနေက အထူးလေယာဉ်နဲ့ တစ်ရက်၊ နှစ်ရက်အတွင်း ဝူဟန်မြို့ကို သွားရောက်ခေါ်ဆောင်ခွင့်ရဖို့ တရုတ်နိုင်ငံဘက်ကို ဆက်လက်မေတ္တာရပ်ခံထားပါတယ်။

**သူရဇော်**

> **“နောက်ဆုံးအခြေအနေက အထူးလေယာဉ်နဲ့ တစ်ရက်၊ နှစ်ရက်အတွင်း ဝူဟန်မြို့ကို သွားရောက်ခေါ်ဆောင်ခွင့်ရဖို့ တရုတ်နိုင်ငံဘက်ကို ဆက်လက်မေတ္တာရပ်ခံထားပါတယ်”**

## နေပြည်တော် ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင် ဖြစ်ပွားလျက်ရှိသော 2019 Novel Coronavirus (2019–nCoV) (အဆုတ်ရောင်ရောဂါ)နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အစည်းအဝေးခန်းမဆောင်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီး အုပ်ချုပ်မှုဆောင်မှ တာဝန်ရှိသူများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ ပထမလက်ထောက် ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင် ဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကျွမ်းကျင်သူ ဒေါက်တာပပ၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေး(ဆေးရုံအုပ်ကြီး-ပူးတွဲတာဝန်)၊ ပါမောက္ခ ဒေါက်တာ တင့်တင့်ကြည်(ဆေးပညာ)၊ ပါမောက္ခ ဒေါက်တာ ကျော်ကျော်ဦး(ဆေးပညာ)၊ အထူးကုဆရာဝန်ကြီး ဒေါက်တာခိုင်ဝင်းထွန်း (အဏုဇီဝ) တို့က 2019 Novel Coronavirus အကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ရောဂါ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ ကာကွယ်နိုင်မည့် နည်းလမ်းများ၊ နေပြည်တော် ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် လူနာများရောက်ရှိလာပါက ကုသပေးမည့် အစီအစဉ်များ၊ လူနာများအား သီးခြား လူနာခန်းတွင် ထားရှိနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကျန်းမာရေးပညာပေး သတင်းအချက်အလက်များ၊ Video ဖိုင်များကို Scan ဖတ်၍ Website သို့ ဝင်ရောက်ကြည့်ရှုနိုင်မည့် QR Code များကို လူနာဆောင် အသီးသီးတွင် ထားရှိရန် ဆောင်ရွက်ထားရှိမှုများကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် အထူးကုဆရာဝန်ကြီး ဒေါက်တာခိုင်ဝင်းထွန်း(အဏုဇီဝ)က ခေတ်ခွဲကျွမ်းကျင် ဝန်ထမ်းများအား (Personal Protective Equipment) ဝတ်ဆင်နည်း၊ ချွတ်နည်းများအား အသေးစိတ် သင်ကြားပေးပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်များ၌ ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်

### တာချီလိတ်

ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသား အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၁၁ ဦးကို ထိုင်းနိုင်ငံ မယ်ဆိုင်လဂက မှ တာဝန်ရှိသူများက ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီက လွှဲပြောင်းပေးရာ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က စိစစ်လက်ခံပေးခဲ့ကြပြီး ကျန်းမာရေးဌာနကလည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုမရှိစေရေး စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံဘက်မှ လွှဲပြောင်းပေးလာသည့် မြန်မာနိုင်ငံသား ၁၁ ဦးတွင် ချင်းပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှတစ်ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ သုံးဦး၊ ရှမ်းပြည်နယ်တောင်ပိုင်းမှ လေးဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦးနှင့် ပဲခူးတိုင်းဒေသကြီးမှ တစ်ဦးတို့ဖြစ်ကြကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

### ခင်ဦး

တရုတ်နိုင်ငံနယ်စပ် ရှန်ကန်မြို့တွင် အလုပ်လုပ်ကိုင်ပြီးနောက် ပြန်လည်ရောက်ရှိလာသည့် ခင်ဦးမြို့နယ် သာဝတ္ထိကျေးရွာမှ အမျိုးသား ကိုးဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၅ ဦးကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီ၌ မြို့နယ်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာ မေစိုးအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ ဆေးရုံမှ သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

### သာစည်

သာစည်မြို့နယ် ကွဲတပ်ဆုံဂိတ်တွင် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီခွဲခန့်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်မှ သာစည်မြို့နယ်သို့ ဖြတ်သန်း သွားလာသော ခရီးသွားများအား ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ အဖျားတိုင်းကိရိယာဖြင့် စစ်ဆေးတိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

### ❍ ကျောဖုံးမှ

ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဝင်/ထွက်သွားလာနေသည့် ပြည်သူများအား သာမိုမီသာဖြင့် ကျန်းမာရေးစစ်ဆေးမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံဘက်သို့ ကူးစက်ပြန့်ပွားလာခြင်းမရှိစေရန်အတွက် သေချာစွာ စောင့်ကြည့်စစ်ဆေးကြရန်နှင့် လိုအပ်သည်များကို အကြံပြုမှာကြားသည်။

ဆက်လက်၍ မုံးကိုးမြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ ဝင်/ထွက်ဂိတ်ဖြစ်သည့် မန်ဟိုင်းဂိတ်မှ ပြည်သူများ ဝင်/ထွက်သွားလာမှုကို မေးမြန်းပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် ဝင်/ထွက်ပြုနေသည့် ပြည်သူများအား သာမိုမီတာဖြင့် လက်တွေ့တိုင်းတာခြင်းများ ဆောင်ရွက်သည်။ ဆက်လက်ပြီး နှစ်နိုင်ငံ ဝင်/ထွက်ဂိတ်များတွင် သတိရှိစွာ စစ်ဆေးကြရန်နှင့် ထူးခြားမှုများကို အချိန်နှင့်တစ်ပြေးညီ အထက်သို့ တင်ပြကြရန် မှာကြားသည်။

ထို့နောက် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် နယ်စပ်ဂိတ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ များများဆောင်ရွက်ပေးရန်၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးရန်၊ တစ်စုံတစ်ရာ ထူးခြားမှုရှိလာပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့ကြရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဆလိုင်းဇန်ရိုးထန်(ပြန်/ဆက်)**

## နေရာကျဲကျဲ မိုးရွာမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာမည်။

**မိုး/ဇလ**

# (၇၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

*ယမန်နေ့မှအဆက်*

### ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင် ဝိနယဓရ (၂၄) ပါးအဆက်

၂၃။ ပလ္လင်အမှတ် (၁၀၁) အရှင်ကိတ္တိဝိဒါလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ ထေရဝါဒဓမ္မရောင်ခြည်ပရိယတ္တိ စာသင်တိုက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၁၀၃) အရှင်ပညာသာမီလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ (၆၀) ပါး

၁။ ပလ္လင်အမှတ် (၁၁၁) အရှင်ပဏ္ဍိတ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၁၁၄) အရှင်ဓမ္မာနန္ဒ(တပ်ကုန်း)၊ အသက်(၃၁) နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၁၁၅) အရှင်ခေမိန္ဒ (တနင်္သာရီ) အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါတိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၁၁၇) အရှင်အရိယ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါတိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၁၁၈) အရှင်ဝိမလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၁၂၀) အရှင်ပညာဒီပ၊ အသက်(၂၉) နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၁၂၁) အရှင်ဉာဏိကာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၁၂၂) အရှင်အဂ္ဂဓဇ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ သဒ္ဓမ္မပရိယတ္တိစာသင်တိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၁၂၅) အရှင်ဇောတိက၊ အသက်(၂၉) နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၁၂၆) အရှင်တေဇောဘာသ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၁၃၁) အရှင်ကေလာသ၊ အသက် (၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၁၃၃) အရှင်ကဝိသာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၁၃၅) အရှင်ခေမာ၊ အသက်(၂၆) နှစ်၊ သိက္ခာ(၇)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၁၃၆) အရှင်နန္ဒဝံသ (မြစ်သား)၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၁၃၇) အရှင်ကောဝိဒ လင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၁၃၉) အရှင်ဇဝန၊ အသက်(၂၇)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ် (၁၄၁) အရှင်ဆန္ဒာဓိကာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၅) ဝါ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၁၄၂) အရှင်သြသဓာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ(၄)ဝါ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)

၁၉။ ပလ္လင်အမှတ် (၁၄၃) အရှင်တေဇိန္ဒာလင်္ကာရ၊ အသက် (၂၆) နှစ်၊ သိက္ခာ(၄)ဝါ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)

၂၀။ ပလ္လင်အမှတ် (၁၄၄) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ(၄) ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ် (၁၄၅) အရှင်သုစိတ္တာလင်္ကာရ၊ အသက် (၂၅) နှစ်၊ သိက္ခာ(၄) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ် (၁၄၆) အရှင်ဥတ္တမာလင်္ကာရ၊ အသက် (၂၄) နှစ်၊ သိက္ခာ (၄)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ် (၁၅၀) အရှင်ကုသလ၊ အသက်(၂၅) နှစ်၊ သိက္ခာ(၂)ဝါ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၁၅၆) အရှင်ဂုဏဝံသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ ရွှေတောင်ဦး တိပိဋကဓမ္မပါလမဟာဝိဟာရ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၁၅၈) အရှင်စန္ဒာသိရီ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်း တိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ် (၁၅၉) အရှင်ဝါသေဋ္ဌ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ ပိဋကဝရာရာမ် မြန်မာကျောင်းတိုက်၊ နောင်ဟီယမ်ရပ်ကွက် ဖနပ်နိခုံမြို့၊ ချွန်ပူရီခရိုင်၊ ထိုင်းနိုင်ငံ

၂၇။ ပလ္လင်အမှတ် (၁၆၁) အရှင်တိလောက၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်း တိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ် (၁၆၆) အရှင်ကုသလာနန္ဒာလင်္ကာရ၊ အသက် (၂၉) နှစ်၊ သိက္ခာ(၉) ဝါ တိပိဋက ကမ္ဘောဇကျောင်းတိုက်၊ နားရိုးရွာ၊ နောင်ချိုမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

၂၉။ ပလ္လင်အမှတ် (၁၆၉) အရှင်ခေမိန္ဒ၊ အသက် (၂၈) နှစ်၊ သိက္ခာ (၈) ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ် (၁၇၁) အရှင်ဝိမလာလင်္ကာရ(ရွှေဘို)၊ အသက်(၂၈) နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၁၇၃) အရှင်ဣန္ဒဝံသ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ် (၁၇၅) အရှင်ကုမာရာလင်္ကာရ၊ အသက် (၂၈) နှစ်၊ သိက္ခာ (၇) ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်း တိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၃၃။ ပလ္လင်အမှတ် (၁၇၈) အရှင်ပဏ္ဍိစ္စ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် စာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၃၄။ ပလ္လင်အမှတ် (၁၈၄) အရှင်စန္ဒာသိရီ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ် (၁၈၆) အရှင်ဣန္ဒြိယ၊ အသက် (၂၄)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*(ဆက်လက်ဖော်ပြပါမည်)*

# ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ (၁၅)ရပ်ကွက်၊ သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယက၊ အဖွဲ့ဝင်၊ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဒုတိယဂဏာဓိပတိဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၂)ဝါအရ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၂၉-၁-၂၀၂၀၊ ဗုဒ္ဓဟူးနေ့၊ ည ၇ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း၏ ဒုတိယဂဏာဓိပတိ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ်တောင်ပေါ် ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကျွဲတဲအုပ်စု၊ လေးပမောကျေးရွာ၊ ခမည်းတော် ဦးမှုန်(ခ)ဦးထွန်းအေး၊ မယ်တော် ဒေါ်စောတင်တို့မှ ၁၂၉၉ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ စနေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၂ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်နေ့တွင် မြန်အောင်မြို့နယ်၊ ကွမ်းခြံကုန်းကျောင်းဆရာတော် ဘဒ္ဒန္တကောဏ္ဍညကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်နေ့တွင် လက်ပံတန်းမြို့နယ်၊ ပျဉ်းကတိုးကုန်းကျောင်း၊ ခဏ္ဍာသိမ်၌ ကွမ်းခြံကုန်းကျောင်းဆရာတော် ဘဒ္ဒန္တကောဏ္ဍညကို ဥပဇ္ဈာယ်ပြုလျက် ဦးဘခိုင်၊ ဒေါ်ပန်းမယ် သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မြန်အောင်မြို့နယ်၊ ကွမ်းခြံကုန်းကျောင်းဆရာတော် ဘဒ္ဒန္တကောဏ္ဍည၊ ဘဒ္ဒန္တနာယက၊ ဟင်္သာတမြို့၊ လယ်တီကျောင်းဆရာတော် ဘဒ္ဒန္တကဝိသေဋ္ဌ၊ ဘဒ္ဒန္တခမာဝုဓ၊ ဓနုဖြူမြို့၊ သဒ္ဓမ္မဇောတိကာရာမ ပါဠိတက္ကသိုလ် တောင်ပေါ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒရံသီ၊ ဘဒ္ဒန္တပုညိန္ဒ၊ ဘဒ္ဒန္တအဂ္ဂဓမ္မာလင်္ကာရ၊ ဘဒ္ဒန္တဉာဏသာဂရ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမအလယ်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တမာဃိန္ဒ၊ ဘဒ္ဒန္တပညိန္ဒစသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၃၄၂ ခုနှစ်မှ ၁၃၅၆ ခုနှစ်အထိ ရပ်/ကျေး သံဃနာယက အဖွဲ့ဝင်၊ ၁၃၅၆ ခုနှစ်မှ ၁၃၆၂ ခုနှစ်အထိ မြို့နယ်ဝိနည်းဓိုရ်၊ ၁၃၆၂ ခုနှစ်မှ ၁၃၇၁ ခုနှစ်အထိ တိုင်းဒေသကြီး သံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌ၊ ၁၃၇၁ ခုနှစ်မှ ၁၃၇၉ အထိ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ ပထမပြန်စာမေးပွဲစာစစ်အဖွဲ့ဝင်၊ ကြီးကြပ်ရေးအဖွဲ့ဝင်၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယ သာသနပါလစာမေးပွဲကြီး၏ အကျိုးတော်ဆောင်အဖြစ် ၁၃၄၁ ခုနှစ်မှ ယနေ့အထိ၊ ၁၃၈၀ ပြည့်နှစ်မှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယ၊ ဒုတိယဂဏာဓိပတိ၊ ဂဏာရက္ခိတအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် ဆောင်ရွက်တော်မူခြင်း၊ ဂန္ထဓုရာဝဟဂုဏ်၊ ဂဏာစရိယဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ သံဃဂဏာဝိရောစနဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၁၃၅၉ ၁၉၉၈ ခုနှစ်တွင် နိုင်ငံတော်အစိုးရက မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၈၁ (၂၀၂၀)ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါအရ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၂၉-၁-၂၀၂၀၊ ဗုဒ္ဓဟူးနေ့၊ ည ၇ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

**သတင်းစဉ်**

# ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဂ) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၆) ၏နောက်တွင် ပုဒ်မခွဲငယ် (၇) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၇) အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ်လူပုဂ္ဂိုလ်တစ်ဦးဦးထံမှ လုပ်ငန်းတင်ဒါအပ်နှံခံရပြီး အလုပ်သမားများအား အခကြေးငွေဖြင့် ငှားရမ်းလုပ်ကိုင်သည့်ကန်ထရိုက်တာ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာများ။"

(ဃ) ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ကို ပယ်ဖျက်ရမည်။

(င) ပုဒ်မခွဲ(င)တွင်ပုဒ်မခွဲငယ်(၃)ကိုပယ်ဖျက်ရမည်။

(စ) ပုဒ်မခွဲ(င)တွင် ပုဒ်မခွဲငယ်(၇)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(၇) ဝန်ကြီးဌာနကအမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသောအခကြေးငွေများ။"

(ဆ) ပုဒ်မခွဲ(င)၏နောက်တွင် ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) **အနည်းဆုံးအခကြေးငွေ**ဆိုသည်မှာ သတ်မှတ်ပြဋ္ဌာန်းထားသည့်အလုပ်တွင် အလုပ်သမားတစ်ဦးချင်းအတွက် တစ်နာရီ၊ တစ်ရက်၊ တစ်လလုပ်ခအပေါ် မူတည်၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသော အနိမ့်ဆုံးလုပ်ခကြေးငွေကို ဆိုသည်။"

(ဇ) ပုဒ်မခွဲ(ည)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤကိစ္စအလို့ငှာ တာဝန်ပေးအပ်သဖြင့် ဤဥပဒေကိုကိုင်တွယ်ကျင့်သုံးသည့်ဝန်ကြီးဌာနကို ဆိုသည်။"

(ဈ) ပုဒ်မခွဲ(ဋ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဋ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်အကျုံးဝင်သူများက လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိတစ်ဦးဦးကို ဆိုလိုသည်။"

၅။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(က) အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန်အလို့ငှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ၊ အလုပ်သမားရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာဝန်ကြီးဌာနများ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကိုယ်စားပြုဝန်ကြီးများ၊ အလုပ်သမားအဖွဲ့အစည်းသို့မဟုတ် အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်များ၏ ကိုယ်စားလှယ်များ၊ ပြင်ပမှပညာရှင်များနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့်အမျိုးသားကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။"

(ခ) ပုဒ်မခွဲ(ဂ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အမျိုးသားကော်မတီ၏ သက်တမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သက်တမ်းအတိုင်းဖြစ်ပြီး ယင်းသက်တမ်းအတွင်းလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ အစားထိုးခန့်အပ်နိုင်သည်။"

၆။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၄ ကိုပယ်ဖျက်ရမည်။

၇။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ (က) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(က) အမျိုးသားကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ကို တာဝန်ခံရမည်။"

(ခ) ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်သော်လည်းကောင်း၊ ကဏ္ဍအလိုက်သော်လည်းကောင်း၊ လုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း၊ သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များကိုလေ့လာစိစစ်ပြီး သတ်မှတ်သင့်သည့် အနည်းဆုံးအခကြေးငွေနှုန်းထားများအပေါ် အကြံပြုချက်ကို တစ်နှစ်တစ်ကြိမ်ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။"

(ဂ) ပုဒ်မခွဲ (စ) နှင့် (ဆ) တို့ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဇ) ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) နိုင်ငံတော်၏ စီးပွားရေးနှင့်ငွေရေးကြေးရေးအခြေအနေ အရပ်ရပ်ကို စဉ်ဆက်မပြတ်သုံးသပ်ပြီး အနည်းဆုံးအခကြေးငွေပြန်လည်သတ်မှတ်သင့်သည့်အခါတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။"

၈။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေအခန်း (၄) ခေါင်းစဉ်ကို ပယ်ဖျက်ရမည်။

၉။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ အမျိုးသားကော်မတီသည်ဤ ဥပဒေပါ အနည်းဆုံးအခကြေးငွေဆိုင်ရာပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည့် လုပ်ငန်းအမျိုးအစားကဏ္ဍအလိုက် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။ ထို့အပြင် အဆိုပါလုပ်ငန်းများကို ပြောင်းလဲလာသောအခြေအနေနှင့်အညီ အခါအားလျော်စွာပြင်ဆင် သတ်မှတ်နိုင်သည်။"

၁၀။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၇ တွင်-

(က) ပုဒ်မခွဲ (က) (ဂ) (ဆ) နှင့် (ဇ) တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဃ) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဃ) ငွေကြေးဖောင်းပွမှုနှုန်းနှင့်စားသုံးသူဈေးဆနှုန်း၊"

၁၁။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၈ နှင့် ၉ တို့ကို ပယ်ဖျက်ရမည်။

၁၂။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၀ တွင်-

(က) ပုဒ်မ ၁၀ ၏ ခြေဆင်းစကားရပ်နှင့်ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အမျိုးသားကော်မတီ၏ တင်ပြချက်အပေါ် စိစစ်ပြီး အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက အနည်းဆုံးအခကြေးငွေသတ်မှတ်မည့် အဆိုပြုအမိန့်ကြော်ငြာစာကို အများပြည်သူသိရှိစေရန်နှင့် အကြံပြုချက်များ၊ ကန့်ကွက်လိုပါကကန့်ကွက်ချက်များ ပေးပို့နိုင်ရန် ရက်ပေါင်း ၆၀ ကြိုတင်၍ နိုင်ငံတော်ပြန်တမ်းနှင့်သတင်းစာများတွင်ထုတ်ပြန်ကြော်ငြာရမည်။"

(ခ) ပုဒ်မခွဲ(ခ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) အကြံပြုချက်များ၊ ကန့်ကွက်ချက်များရှိပါက အမျိုးသားကော်မတီနှင့်ပြန်လည်ညှိနှိုင်းပြီး အနည်းဆုံးအခကြေးငွေနှုန်းထားကို သတ်မှတ်အတည်ပြုရမည်။"

၁၃။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၁ ကို ပယ်ဖျက်ရမည်။

၁၄။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၂ တွင်-

(က) ပုဒ်မခွဲ(ခ)၊(ဃ)၊(င)တို့ကိုပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ဂ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) တည်ဆဲအခကြေးငွေပေးချေရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဖြတ်တောက်ခြင်းမှအပ အခြားမည်သည့်အကြောင်းကြောင့်မျှ အလုပ်သမားတစ်ဦးရခွင့်ရထိုက်ရှိသော အနည်းဆုံးအခကြေးငွေကို ဖြတ်တောက်နုတ်ယူခြင်း မရှိစေရ။"

၁၅။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၃ တွင်-

(က) ပုဒ်မခွဲ(က)တွင် ပါရှိသော "သက်ဆိုင်ရာအလုပ်သမားများ" ဆိုသည့် စကားရပ်၏ နောက်တွင်"နားလည်နိုင်သောဘာသာစကားဖြင့်" ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ(ဂ)နှင့်(စ)တို့ကိုပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ(င)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(င) သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ငန်းခွင်များသို့ စစ်ဆေးရေးအရာရှိက ဝင်ရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်ဖြစ်ပြီး လိုအပ်သော အကူအညီများပေးရမည်။"

၁၆။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၄ တွင်-

(က) ပုဒ်မခွဲ (ခ) တွင် ပါရှိသော"ပိုမိုရရှိသော အခကြေးငွေကို ဆက်လက်ခံစားခွင့်ရှိသည်။" ဆိုသည့်စကားရပ်ကို "မူလရရှိသော အခကြေးငွေကို ဆက်လက်ခံစားခွင့်ရရှိစေရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ) တွင် ပါရှိသော"အနည်းဆုံးအခကြေးငွေထက်" ဆိုသည့် စကားရပ်ကို "အနည်းဆုံးအခကြေးငွေအောက်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ရထိုက်ခွင့်ရှိသည်" ဆိုသည့်စကားရပ်ကို "ခံစားခွင့်ရရှိစေရမည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဃ) တွင်ပါရှိသော "အလုပ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော" ဆိုသည့် စကားရပ်၏ရှေ့တွင် "လုပ်ငန်းခွင်မတူသော" ဆိုသည့် စကားရပ်ကိုဖြည့်စွက်၍ "ခံစားခွင့်ရှိသည်။" ဆိုသည့်စကားရပ်ကို "ခံစားခွင့် ရရှိစေရမည်။"ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (စ) ကို ပယ်ဖျက်ရမည်။

(င) ပုဒ်မခွဲ (ဆ) တွင် ပါရှိသော "အခကြေးငွေရထိုက်ခွင့်ရှိသည်။" ဆိုသည့်စကားရပ်ကို "အခကြေးငွေရရှိခံစားစေရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မခွဲ(ဈ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဈ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်သောအလုပ်သမားဖြစ်ပါက အနည်းဆုံးအခကြေးငွေကို ငွေသားဖြင့်ဖြစ်စေ၊ အလုပ်ရှင်နှင့် အလုပ်သမားသဘောတူညီချက်ဖြင့်ဖြစ်စေ ရထိုက်ခွင့်ရှိသည်။ ထို့ပြင် သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမားများ၏ဆန္ဒအရငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်းတချို့တစ်ဝက်တွဲဖက်၍ဖြစ်စေ ရထိုက်ခွင့်ရှိသည်။"

၁၇။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "အခြားခံစားခွင့်များရရှိရေးအတွက် ရထိုက်ခွင့်ရှိသည့်နေ့မှ တစ်နှစ်အတွင်း"ဆိုသည့်စကားရပ်ကို" အခြားခံစားခွင့်များရထိုက်ကြောင်း သိရှိသည့်အချိန်မှစ၍ ခံစားခွင့်များကိုရရှိရေးအတွက်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၆။ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှင့် အခြားခံစားခွင့်များကို အလုပ်သမားအားပေးရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း ထိုအနည်းဆုံးအခကြေးငွေအောက်လျော့နည်း၍ အလုပ်သမားအားပေးခြင်းကြောင့်လည်းကောင်း၊ အလုပ်ရှင်အပေါ် တရားရုံးကပြစ်ဒဏ်ချမှတ်သည့်အခါတွင် သက်ဆိုင်ရာအလုပ်သမား၏ ရထိုက်ခွင့်ရှိသည့် အခကြေးငွေများအား အပြည့်အဝရရှိစေရန် သက်ဆိုင်ရာအလုပ်သမားဦးစီးဌာနမှ တောင်းခံပေးရမည်။"

၁၉။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၉။ ဦးစီးဌာနသည် ဤဥပဒေအရသတ်မှတ်ထားသောအနည်းဆုံးအခကြေးငွေပေးဆောင်ရန်ပျက်ကွက်သည့် အလုပ်ရှင်ထံမှလည်းကောင်း၊ အနည်းဆုံးအခကြေးငွေပေးဆောင်ရန် ကျန်ရှိသော အလုပ်ရှင်ထံမှလည်းကောင်း၊ အလုပ်သမားက ရရန်ရှိသော အခကြေးငွေများကို ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြ၍ ထိုကော်မတီ၏ ဆုံးဖြတ်ချက်အရတောင်းခံပြီး သက်ဆိုင်ရာ နစ်နာသူအလုပ်သမားကို ပေးရမည်။"

၂၀။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။" ဆိုသည့်စကားရပ်ကို " ပေးချေရန် ပျက်ကွက်ခြင်းမရှိစေရ။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ ၂၀၁၃ခုနှစ်၊အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ၂၆၊၂၇၊၃၂၊၃၄နှင့်၃၅တို့ကိုပယ်ဖျက်ရမည်။

၂၂။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၃၆ တွင်-

(က) ပုဒ်မခွဲ (က) တွင် ပါရှိသော "စည်းမျဉ်းနှင့် စည်းကမ်းများကို" ဆိုသည့်စကားရပ်ကို"စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) ဝန်ကြီးဌာနသည်အမျိုးသားကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ပြည်ထောင်စုလွှတ်တော်သို့ ၁ နှစ်လျှင် တစ်ကြိမ် အစီရင်ခံတင်ပြရမည်။"

---

## အဆင့်မြင့်နည်းပညာများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI)နှင့် အကျိုးတူပူးပေါင်း၍ အဆင့်မြင့် သုတေသန လုပ်ငန်းများ ဆောင်ရွက်နေမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် IRRI မှ တာဝန်ရှိသူများနှင့် ဇန်နဝါရီ ၂၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

IRRI နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ ဈေးကွက်အလားအလာရှိပြီး အာဟာရဓာတ်ကြွယ်ဝကာ အရသာနှင့် အရည်အသွေးကောင်းမွန်သော စပါးမျိုးသစ်များကို တိုးချဲ့သုတေသနပြုဆောင်ရွက်ရန်နှင့် စပါးစိုက်ပျိုးသည်မှစ၍ ရိတ်သိမ်းချိန်လွန် နည်းပညာအပါအဝင် စားသုံးသူလက်ဝယ်ရောက်ရှိသည်အထိ အဆင့်မြင့်နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့သည်။

IRRI အနေဖြင့် ၁၉၆၇ ခုနှစ်က ရာကျော်အထွက်ကောင်းစပါးမျိုးကို စတင်မိတ်ဆက်သည်မှ စတင်ကာ မြန်မာနိုင်ငံနှင့်ပူးပေါင်း၍ ဆန်စပါး သုတေသန လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး IRRI မြန်မာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းအရ သီးနှံဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ဖြင့် အထွက်နှုန်းမြင့်မျိုးများ မွေးမြူခြင်း၊ စပါးအခြေခံ သီးနှံစိုက်ပျိုးရေး စနစ်နှင့် အသေးစား လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်သုံးစွဲခြင်းတို့ကို ၁၉၇၈-၁၉၈၂ ခုနှစ် ကာလများမှ စတင်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သိန်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကယားပြည်နယ် လူငယ်များသမဂ္ဂအဖွဲ့လူငယ်များနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

လူငယ်ရေးရာမူဝါဒနှင့်ပတ်သက်၍ ကယားပြည်နယ်လူငယ်များသမဂ္ဂအဖွဲ့ လူငယ်များ၊ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် လူငယ်များနှင့် မကြာခဏတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပါကြောင်း၊ ပြည်သူများ၏ ဘုံရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လူငယ်များသည်အရေးပါပါကြောင်း၊ အစိုးရအနေဖြင့် ပြည်သူများ လွတ်လပ်လုံခြုံ စွာဖွံ့ဖြိုးတိုးတက်ရေး၊ သာတူညီမျှ ခံစားရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ရေရှည်တည်တံ့စေရေးအတွက် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာများဖော်ဆောင်ပြီး ဆောင်ရွက်ရပါကြောင်း၊ ဒီမိုကရေစီအကူးအပြောင်းကာလတွင် အခက်အခဲများ၊ ရင်ဆိုင်ကျော်လွှားရမည့်ကိစ္စများ များစွာရှိမည်ဖြစ်ပြီး အချိန်ကာလတစ်ခုအထိ စိတ်ရှည်သည်းခံကာ ဖြတ်သန်းကြရမည်ဖြစ်ကြောင်း။

လူငယ်များသည် ကောင်းမွန်သော လက်ဆင့်ကမ်းအမွေများယူကြရမည်ဖြစ်ပြီး ကောင်းမွန်သော လက်ဆင့်ကမ်းအမွေများကိုလည်း ပေးခဲ့နိုင်ရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သောအမွေများ လက်ခံယူနိုင်ရန် မိမိကိုယ်တိုင်အမြော်အမြင်၊ အသိဉာဏ်နှင့် စွမ်းရည်ပြည့်ဝရန်ကြိုးစားရမည်ဖြစ်ကြောင်း၊ လူငယ်ကာလသည် အချိန်အကန့်အသတ်ရှိရာ လက်ရှိအချိန်သည် အရေးကြီးသောကြောင့် အကောင်းဆုံးကြိုးစားကြရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဒီမိုကရေစီစံနှုန်းများ ရှိပါကြောင်း၊ ဒီမိုကရေစီစံနှုန်းများသည် မျှတသောရွေးကောက်ပွဲကျင်းပနိုင်ခြင်း၊ ပြည်သူ့အစိုးရ၏ ဆောင်ရွက်မှုများကိုစောင့်ကြည့်ထိန်းညှိပေးနိုင်ခြင်း၊ ပြည်သူများသည် နိုင်ငံ၏အရေးကို စိတ်ပါဝင်စားလာခြင်း၊ အစိုးရ၏ ဆောင်ရွက်ချက်များတွင် ပြည်သူများ ပူးပေါင်းပါဝင်နိုင်မှုအားကောင်းခြင်းနှင့် ဥပဒေဘောင်အတွင်းမှ လွတ်လပ်မှုရရှိခြင်းတို့ဖြစ်ကြောင်း၊ ထိုစံနှုန်းများနှင့် ကိုက်ညီအောင်ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စည်းကမ်း၊ ဥပဒေဘောင်အတွင်းကဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ နှင့်ပတ်သက်၍ လူငယ်ရေးရာမူဝါဒကို လူငယ်များကိုယ်တိုင်ရွေးချယ်ပေးသော ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လူငယ်ကိုယ်စားလှယ်များက ပါဝင်ရေးဆွဲခဲ့ပါကြောင်း၊ ဘုံသဘောတူညီချက် (၁၆)ချက် ရရှိပြီး မဟာဗျူဟာလည်းရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ဒေသနှင့် ကိုက်ညီမည့် လုပ်ငန်းစဉ်များ ဆက်လက်ချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူငယ်ရေးရာမူဝါဒတွင် ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရေးအတွက်လည်း ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် လူငယ်ရေးရာမူဝါဒနှင့်ပတ်သက်၍ ထည့်သွင်း ပြင်ဆင်လိုသည့် အချက်များကို စုစည်းပြီး ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အကောင်းဆုံး လုပ်ငန်းစဉ်တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်ရေးရာမူဝါဒနှင့်ပတ်သက်၍ ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ထို့နောက် ကယားပြည်နယ်လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ကယားပြည်နယ် လူငယ်များသမဂ္ဂအဖွဲ့က လူငယ်ရေးရာမူဝါဒ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ အားလုံးပါဝင်နိုင်ရေးကိစ္စများ၊ လူငယ်ကိုယ်စားလှယ်များကိစ္စနှင့် လူငယ်ရေးရာမူဝါဒအပေါ် သုံးသပ်ညှိနှိုင်းမှုများနှင့် ပြင်ဆင်ဖြည့်စွက်မှုများကို ဆွေးနွေးကြသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီမှ ပြည်ထောင်စုလူငယ်ကိုယ်စားလှယ်များနှင့် ကယားပြည်နယ်လူငယ်ရေးရာ ကော်မတီမှ လူငယ်ကိုယ်စားလှယ်များက လူငယ်ရေးရာမူဝါဒ စတင်ရေးဆွဲနိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်ခဲ့မှု၊ လူငယ်ရေးရာ မဟာဗျူဟာရေးဆွဲခဲ့မှု၊ ကယားပြည်နယ် လူငယ်ရေးရာ ကော်မတီအနေဖြင့် ကယားပြည်နယ်တွင် အကောင်အထည်ဖော်ရန် ရွေးချယ်ထားသောကဏ္ဍများ၊ လူငယ်စင်တာ တည်ဆောက်ရေးကိစ္စများနှင့် အဆိုပါကိစ္စရပ်များ ကယားပြည်နယ်တွင် ရှင်းလင်းဆွေးနွေးခဲ့မှုများကို ရှင်းလင်းပြောကြားကြရာ ကယားပြည်နယ် လူငယ်များသမဂ္ဂအဖွဲ့မှ လူငယ်များက ပြန်လည်ဆွေးနွေးမှုများပြုလုပ်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းမှုများပြုလုပ်ခဲ့ကြသည်။

**သတင်းစဉ်**

---

## ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon lake view hotel ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ သတင်းမီဒီယာများ တက်ရောက်သတင်းယူနိုင်ကြောင်း သိရသည်။

**သန့်ဇော်**

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်းလုပ်ငန်းစဉ်များ တိမ်းစောင်းမှုမရှိစေရန် လက်တွေ့သရုပ်ပြသ

**သီပေါ ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၂၉ ရက် က ငွေဂုဂံခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် IDEA အဖွဲ့မှ ပူးပေါင်း၍ နေပြည်တော်၌ ဖွင့်လှစ်ပို့ချခဲ့သော သင်တန်းနည်းပြများက ခရိုင်အတွင်းရှိ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊



ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်းတွင် မဲရေတွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ လက်တွေ့သရုပ်ပြသစဉ်။

အဖွဲ့ဝင်နှင့် ဝန်ထမ်းများကို ပို့ချလျက်ရှိရာ ခရိုင်ရွေးကောက်ပွဲ အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ကျော်က မဲရေတွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား တိမ်းစောင်း ချွတ်ချော်မှု မရှိစေရန် လက်တွေ့ သရုပ်ပြသခဲ့သည်။

**စိုင်း(သီပေါ)**

✤ *ကျောဖုံးမှ*

တူတာဗို့က တူးတူးကို အလားတူ ရမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ဝှေ့ပွဲစဉ်လေးချီ လိုက်ဝိတ်တန်းတွင် လင်းထက်နိုင် (သုဝဏ္ဏဘူမိ) နှင့် ဇင်ဘို (Yangon Fight Clue) တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ကြရာ လင်းထက်နိုင်က အမှတ်ဖြင့် အနိုင်ရရှိသွားသည်။ ငါးချီ လိုက်ဝယ်လ်တာ ဝိတ်တန်းတွင် သားဝင်းထွန်း (ခြံသေ့မင်း) ကို အဲမ္ဗီ (နဂါးမင်း) က နောက်ဆုံးအချီ၌ ဘယ်ဒူးတိုက်ချက်ဖြင့် အလဲထိုးအနိုင်ရရှိသည်။ လိုက်ဝယ်လ်တာ ဝိတ်တန်းတွင် စောလှမင်း (မြိုင်ကလေးဘိလပ်မြေစက်ရုံ) နှင့် ထွန်းလင်းအောင် (ဒို့ရိုးရာ) တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ စောလှမင်း၏ လက်သီး၊ ဒူးတိုက်ချက်ကြောင့် ထွန်းလင်းအောင် ဒဏ်ရာရရှိကာ စောလှမင်း အနိုင်ရရှိသည်။

ပြည်ပပြိုင်ပွဲလိုက်ဝိတ်တန်းတွင် ဟိန်းထွန်းအောင် (မြန်မာ) နှင့် အမ်ဆိုသီ (ကမ္ဘောဒီးယား)တို့ ငါးချီပြည့် ထိုးသတ်သော်လည်း ဟိန်းထွန်းအောင်က အမ်ဆိုသီကို အမှတ်ဖြင့်အနိုင်ရရှိသွားသည်။ ဝယ်လ်တာဝိတ်တန်းတွင် စောကောင်းထက် (မြန်မာ) နှင့် ဆင်မြူရယ်တော့စ်ကာနိုဟာ (အီတလီ)တို့ ပြိုင်ပွဲ၌ သူတင်ကိုယ်တင် ထိုးကြသော်လည်း ဆင်မြူရယ်တော့စ်ကာနိုဟာက စောကောင်းထက်ကို အမှတ်ဖြင့် အနိုင်ရရှိသွားသည်။ ဘင်တန်ဝိတ်တန်းတွင် ဆိုရိစ်မန်ဖရက်ဒီ(ပြင်သစ်) က ဒုတိယအချီ၌ ညာထောက်လက်သီးဖြင့် ထရန်သီလျူအာ (ဗီယက်နမ်) ကို အလဲထိုးအနိုင်ရသည်။ ဘင်တန်ဝိတ်တန်းတွင် စိုးမင်းအောင် (မြန်မာ) က ဒုတိယအချီ၌ ဆော့ရစ်သ် (ကမ္ဘောဒီးယား) ကို ဒုတိယအချီ၌ ဘယ်ညာလက်သီးတွဲလုံးဖြင့် အလဲထိုးအနိုင်ရရှိသွားသည်။

**အာကာစိုး**

## ကိုရီးယား - မြန်မာ မြားပစ် ပူးတွဲလေ့ကျင့်မှု ဂုဏ်ပြု

**ရန်ကုန် ဇန်နဝါရီ ၃၁**

ကိုရီးယားနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့ ပူးတွဲ လေ့ကျင့်မှု၏ လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၃၀ ရက် ညပိုင်းက ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပသည်။

### ဂုဏ်ပြုလက်ဆောင်များ ပေးအပ်

အဆိုပါ ဂုဏ်ပြုပွဲသို့ အာရှမြားပစ်အဖွဲ့ချုပ် အဖွဲ့ဝင်၊ အရှေ့တောင်အာရှ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နာယက ဒေါက်တာ ခင်ရွှေ ၊ ဒုတိယ ဥက္ကဋ္ဌများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အားကစားသမားများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နာယက ဒေါက်တာခင်ရွှေက ကိုရီးယားမြားပစ်လက်ရွေးစင်အသင်းမှ အသင်းအုပ်ချုပ်သူ နည်းပြများ၊ အားကစားသမားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ကိုရီးယား - မြန်မာ မြားပစ်ပူးတွဲလေ့ကျင့်မှုကို ဇန်နဝါရီ ၁၇ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပခဲ့သည်။

“ဒီလို ပူးတွဲလေ့ကျင့်တဲ့အခါ မြန်မာမှ ထိုက်လင်းဦးက အဆင့် - ၃ ရရှိခဲ့လို့ ကိုရီးယားမြားပစ်အဖွဲ့ချုပ်က ဆုချီးမြှင့်တာ ခံရပါတယ်။ ဒါကြောင့် ထိုက်လင်းဦးကို အိုလံပစ်တစ်ဦးချင်း ပြိုင်ပွဲမှာ လျာထားပါတယ်” ဟု မြန်မာနိုင်ငံမြားပစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက ပြောသည်။

### ငွေတစ်ခု၊ ကြေးနှစ်ခုရရှိခဲ့

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတစ်ခု၊ ကြေးနှစ်ခုရရှိခဲ့ကြောင်း သိရသည်။

**အာကာစိုး**



# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို မွန်ပြည်သစ်ပါတီ၏ ခေါင်းဆောင်များ လာရောက်တွေ့ဆုံခဲ့ပါကြောင်း၊ မွန်ပြည်သစ်ပါတီအနေဖြင့် ပါတီညီလာခံ လုပ်ဆောင်ပြီးနောက် ခေါင်းဆောင်မှုအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပြီး ခေါင်းဆောင်အပြောင်းအလဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ၎င်းတို့၏ Commitment ကို လာရောက်တင်ပြပြောကြားခြင်း ဖြစ်ပါကြောင်း။

## မော်တော်ယာဉ်တင်သွင်းခွင့်နှင့်ပတ်သက်၍ ဆိုင်းငံ့ထားရန် ညွှန်ကြားထား

ဝန်ထမ်းများ မော်တော်ယာဉ်တင်သွင်းခွင့်နှင့်ပတ်သက်၍ မူလရည်ရွယ်ချက်မှာ အငြိမ်းစားသွားမည့် နိုင်ငံ့ဝန်ထမ်းများ၊ ပင်စင်သွားခါနီးဝန်ထမ်းများကို ရည်ရွယ်၍ စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း ယခုအခါတွင် မော်တော်ယာဉ်တင်သွင်းခွင့်နှင့်ပတ်သက်၍ ဆိုင်းငံ့ထားရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ အကြီးအကဲများအနေဖြင့် ပြန်လည်သုံးသပ်ဆောင်ရွက်ရန် ရှိပါကြောင်း။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE)၏ အပြီးသတ်အစီရင်ခံစာကို ဇန်နဝါရီ ၂၀ ရက်တွင် နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် ယင်းအစီရင်ခံစာအပြည့်အစုံကို ပြည်ထောင်စုရှေ့နေချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ကို ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးအနေဖြင့် ဇန်နဝါရီ ၂၁ ရက်တွင် ကြေညာချက်များထုတ်ပြန်ထားပါကြောင်း၊ ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးများသို့ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါကြောင်း၊ အစီရင်ခံစာအကျဉ်းချုပ်ကို နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ခဲ့ပါကြောင်း၊ တစ်ဆက်တည်းမှာပင် စစ်ဥပဒေချုပ်ရုံးမှ တပ်မတော်အနေဖြင့် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်သွားမည့်အကြောင်းကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်နှင့် တရားစွဲဆိုမှုများ ပြုလုပ်ရန် ကြေညာချက်ထုတ်ပြန်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် ICOE အစီရင်ခံစာအပေါ်အခြေခံ၍ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါကြောင်း။

## ပဋိပက္ခဖြစ်စဉ်ကာလများတွင် ARSA အဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်သူများကို စုံစမ်းဖော်ထုတ်တရားစွဲဆိုရေး

အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အစီရင်ခံစာပါ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်ကာလများတွင် ARSA အဖွဲ့ဝင်များနှင့် ၎င်းတို့နှင့်အတူ ပူးပေါင်းပါဝင်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲဆိုရေး ဆောင်ရွက်ရန်၊ အစီရင်ခံစာအရ ရာဇဝတ်မှုကျူးလွန်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲဆိုရေး၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အတွင်း အရပ်သားများ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကိုလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲဆိုရေး ဆောင်ရွက်ရန်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူမှုအသိုင်းအဝိုင်းအားလုံးက ဒေသခံများအတွက် တရားစွဲဆိုခွင့်တိုင်တန်းမှုများကို ဖြေရှင်းပေးနိုင်မည့် နည်းလမ်းများအပါအဝင် ဖြေရှင်းဆောင်ရွက်ရန် သင့်လျော်သည့် နည်းလမ်းများရရှိရေး မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်စေမည့် အကူးအပြောင်းကာလ တရားမျှတမှုနှင့် သက်ဆိုင်သည့်လုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်ရေးနှင့် နိုင်ငံတော်သမ္မတက အစီရင်ခံစာနှင့်စပ်လျဉ်း၍ အခြားပေးအပ်သည့် တာဝန်များ ထမ်းဆောင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် ICOE အစီရင်ခံစာ နောက်ဆက်တွဲဖြစ်စဉ် ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ အပြည့်အစုံကို နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ခဲ့ပါကြောင်း။

## အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီဖွဲ့စည်း

ကိုရိုနာဗိုင်းရပ်စ် ကို ဇန်နဝါရီ ၇ ရက်တွင် တရုတ်နိုင်ငံက စတင်အတည်ပြုခဲ့ပါကြောင်း၊ ထိုသို့အတည်ပြုပြီးနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်လေဆိပ်များ၊ ဆိုက်ရောက်နေရာများနှင့် နယ်စပ်ဂိတ်များတွင် Screen Test စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ဗိုလ်တထောင် ဟိုတယ်တွင် တည်းခိုနေသည့် တရုတ်နိုင်ငံသား ၁၉ ဦးအနက် ဝူဟန်မြို့သို့ ရောက်ဖူးသူတစ်ဦးမှာ ဖျားနာသည့်အတွက် ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့ပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ယင်းမှာ ရိုးရိုးဖျားနာခြင်းသာဖြစ်သည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ လွယ်ဂျယ်မြို့၌ နေထိုင်နေသူတစ်ဦးမှာ ဇန်နဝါရီ ၁၁ ရက်တွင် ဝူဟန်ပြည်နယ်မှ ပြန်လည်ရောက်ရှိနေကြောင်း သတင်းရရှိသည့်အတွက် ဇန်နဝါရီ ၂၆ ရက်တွင် သွားရောက်စစ်ဆေးရာ ဖျားနာမှုမရှိဘဲ ကျန်းမာရေးကောင်းမွန်ကြောင်း၊ သို့သော်လည်း အိမ်အပြင်သို့ နှစ်ပတ်တိတိ မထွက်ဘဲ နေရန် စောင့်ကြည့်နေပါကြောင်း၊ ဇန်နဝါရီ ၂၇ ရက် တွင် မူဆယ်မြို့ မြန်မာ–တရုတ်ဝင်ပေါက်ထွက်ပေါက်တွင် ရွှေလီမှ မူဆယ်သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသမီးတစ်ဦးအား စစ်ဆေးရာတွင် အပူချိန်လွန်ကဲနေသည့်အတွက် ဆေးရုံသို့ပို့ဆောင်စစ်ဆေးရာ ကိုရိုနာဗိုင်းရပ်စ်မရှိဘဲ ရိုးရိုးဖျားနာခြင်းဖြစ်ပါကြောင်း၊ နောက်ဖြစ်စဉ်တစ်ခုမှာ တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့မှ ပြန်လည်ရောက်ရှိလာရာ ပုဗ္ဗသီရိဆေးရုံ၌ ဆေးဝါးကုသနေသူအား စစ်ဆေးရာ ရိုးရိုးအဖျားဖြစ်သည်ဟု သိရပါကြောင်း၊ မိတ္ထီလာမြို့နယ် ပြင်သာကျေးရွာ၌ နေထိုင်သူတစ်ဦးမှာ တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်ပြီး ဇန်နဝါရီ ၁ ရက်တွင် ပြန်လည်ရောက်ရှိလာရာ ချောင်းဆိုးဖျားနာသည့်အတွက် မိတ္ထီလာဆေးရုံ၌ ဓာတ်မှန်ရိုက်စစ်ဆေးရာ အဆုတ်တွင် အနာတွေ့ရှိပြီး ကိုရိုနာဗိုင်းရပ်စ် သံသယရှိသည့်အတွက် သီးသန့်အခန်းတွင်ထားရှိ ကုသနေစဉ် ဆိုင်ကယ်တက္ကစီဖြင့် ထွက်ပြေးသွားပါကြောင်း၊ ယခုအခါ ပြန်လည်ခေါ်ယူပြီး မိတ္ထီလာဆေးရုံအထူး ကြပ်မတ်ဆောင်၌ ကုသလျက်ရှိပါကြောင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် "၂၀၁၉ Novel Coronavirus(2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ"ကို ဖွဲ့စည်းခဲ့ပါကြောင်း။

## ဝူဟန်မြို့တွင် ရောက်ရှိနေသော မြန်မာကျောင်းသူ ကျောင်းသား ၆၃ ဦးကို ပြန်လည်ခေါ်ဆောင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိ

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ရောက်ရှိနေသော မြန်မာကျောင်းသူကျောင်းသား ၆၃ ဦးကို ပြန်လည်ခေါ်ဆောင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ကျောင်းသူ ကျောင်းသားများကို အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ရန် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်ထုတ်ပြန်ထားပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့သို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် ပြန်လည်ခေါ်ဆောင်ပြီး မန္တလေးလေဆိပ်သို့ ဆိုက်ရောက်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းသား ကျောင်းသူ ၆၃ ဦးကို မန္တလေးမြို့ရှိ ကန်တော်နဒီဆေးရုံတွင် ထားရှိစောင့်ကြည့်သွားရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ၂၄ နာရီ စောင့်ကြည့်ပြီး ၁၄ ရက် ထားရှိမည်ဖြစ်ပါကြောင်း၊ သယ်ဆောင်လာသည့်လေယာဉ်ကို မန္တလေးမြို့တွင် ပိုးသတ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## သတင်းမီဒီယာများက သိရှိလိုသည့် အချက်အလက်များ မေးမြန်း

ထို့နောက် သတင်းမီဒီယာများက ICJ ကြားဖြတ်အမိန့်နှင့် ပတ်သက်သည့်ကိစ္စများ၊ ICOE အစီရင်ခံစာနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတရုံးအနေဖြင့် တပ်မတော်သို့ ညွှန်ကြားထားမှုအခြေအနေ၊ လက်ရှိအစိုးရလက်ထက်၌ ဗိုလ်ရွေးသဘင်အခမ်းအနား ကျင်းပရန် အစီအစဉ် ရှိ/မရှိ၊ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ နယ်စပ်ဂိတ်များ ပိတ်ထားမှု ရှိ/မရှိ၊ ဝူဟန်မြို့ရှိ မြန်မာကျောင်းသား ကျောင်းသူများ ခေါ်ယူမှုအခြေအနေ၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တွေ့ဆုံရန် အစီအစဉ်ရှိ/မရှိ၊ ဗစ်တိုးရီးယားကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေ၊ ၂၀၂၀ ပြည့်နှစ်တွင် အစိုးရ၏ ငြိမ်းချမ်းရေးမျှော်မှန်းချက်အခြေအနေ၊ တရားခံပြေးများနှင့်ပတ်သက်၍ ဖမ်းဆီးရမိရေး ဆောင်ရွက်နေမှုအခြေအနေ၊ ဝန်ထမ်းများ မော်တော်ယာဉ်တင်သွင်းခွင့် ဆိုင်းငံ့ထားရှိမှုအခြေအနေ၊ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ရှိ/မရှိကို အတည်ပြုနိုင်ခြင်း ရှိ/မရှိ အခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ် ဦးဖေ့တင်း ပြန်လည်လွတ်မြောက်လာရန်အတွက် အစိုးရအနေဖြင့် ဆောင်ရွက်ခဲ့မှုအခြေအနေအပါအဝင် အခြားသိရှိလိုသည့် အချက်အလက်များကို မေးမြန်းကြသည်။

## မိမိတို့နိုင်ငံက လိုက်နာမည်ဟု လက်မှတ်ရေးထိုးထားသည့်အချက်များကို လိုက်နာရန် ပြန်ပြောခြင်းသာဖြစ်

မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ဦးဇော်ဌေးက ICJ မှ Provisional Measures ချမှတ်ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ချက်ထုတ်ပြန်ထားပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်တွင် ဆောင်ရွက်ထားမှုများကို ထုတ်ပြန်ထားပါကြောင်း၊ အဆိုပါထုတ်ပြန်ချက် နောက်ဆုံးအပိုဒ်တွင် ICJ ၏ Provisional Measures သည် မိမိတို့နိုင်ငံအား တရားစီရင်ခွင့်ရှိခြင်းမရှိခြင်းကို ယင်းအပိုဒ်တွင် ဖော်ပြထားပါကြောင်း၊ ထို့အတွက် သဘောထားကို တရားဝင်ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ဖြစ်စဉ်ကို ပြန်ကြည့်လျှင် ဂမ်ဘီယာနိုင်ငံက (၆)ချက် တောင်းဆိုပါကြောင်း၊ ICJ က (၄)ချက် ချမှတ်ထားပါကြောင်း၊ ချမှတ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သည့် စကားဝိုင်းကို ထုတ်လွှင့်ထားပါကြောင်း၊ မိမိတို့ နိုင်ငံတွင် Genocide လုံးဝမရှိပါကြောင်း၊ မရှိသည့်အတွက် ယင်းအမှုကို စီရင်ရာတွင် မြန်မာနိုင်ငံက နိုင်ကိုနိုင်မည်ဆိုသည်ကို ပြောထားပြီးဖြစ်ပါကြောင်း၊ Provisional Measures ပတ်သက်ပြီး မည်သို့တုံ့ပြန်မည်ကို ပြောကြားရန်မရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာရှေ့နေများ ငှားထားပြီး တိုင်ပင်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ICJ သို့ သွားရောက်ရှင်းလင်းရာတွင် Genocide မရှိကြောင်းကို ပြောကြားထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံလိုက်နာမည်ဟု လက်မှတ်ရေးထိုးထားသည့် Article 2 နှင့် 3 ကို ပြန်ချမှတ်ခြင်းဖြစ်ပါကြောင်း၊ ကွန်ဗင်းရှင်းက အချက်များ ပြန်လည်ထည့်သွင်းခြင်းဖြစ်ပြီး ဂမ်ဘီယာနိုင်ငံ၏ တောင်းဆိုချက်များကို ထည့်သွင်းခြင်း မဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံက လိုက်နာမည်ဟု လက်မှတ်ရေးထိုးထားသည့် အချက်များကို လိုက်နာရန် ပြန်ပြောခြင်းသာ ဖြစ်ပါကြောင်း။

## ကိုရိုနာဗိုင်းရပ်စ် နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်မှုမရှိစေရန် နိုင်ငံတော်အစိုးရအနေဖြင့် စစ်ဆေးမှုဆောင်ရွက်နေ

ICOE အစီရင်ခံစာနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်များကို နိုင်ငံတော်သမ္မတရုံး ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားပါကြောင်း၊ ဗိုလ်ရွေးသဘင်ကျင်းပရန်ကိစ္စမှာ အကြီးအကဲများ စဉ်းစားဆုံးဖြတ်ကြမည်ဖြစ်ပါကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်မှုမရှိစေရန် နိုင်ငံတော်အစိုးရအနေဖြင့် စစ်ဆေးမှုဆောင်ရွက်နေပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ရာနေရာများတွင်လည်း ဝင်ရောက်လာမှုမရှိစေရန် ဆက်သွယ်ပြောကြားထားပြီးဖြစ်ပါကြောင်း၊ ဝူဟန်မြို့ရှိ မြန်မာကျောင်းသားကျောင်းသူများကို ဖေဖော်ဝါရီ ၂ ရက်တွင် ပြန်လည်ခေါ်ယူပြီး မန္တလေးမြို့ သီးသန့်ဆေးရုံ၌ စစ်ဆေးစောင့်ကြည့်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားခံပြေးများ ဖမ်းဆီးနိုင်ရေးနှင့်စပ်လျဉ်း၍ မိသင့်မိထိုက်သူများ ဖမ်းဆီးနိုင်ရေးအတွက် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် ပြည်တွင်း၌ ရှိ/မရှိ အတည်ပြုနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးဖေ့တင်း ပြန်လည်လွတ်မြောက်ရေးအတွက် AA အဖွဲ့အပေါ် လွှမ်းမိုးမှုရှိသည့်အဖွဲ့အစည်းများနှင့် နိုင်ငံများကို ပြောကြားခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဦးဇော်ဌေးက မေးခွန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများအား ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

# ရန်ကုန်အိုင်စီတီပြပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်အိုင်စီတီပြပွဲ(ဇန်နဝါရီ ၂၀၂၀) Yangon ICT Fair (Jan 2020) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

ပြပွဲတွင် ကုမ္ပဏီစုစုပေါင်း ၅၀ မှ ပြခန်းပေါင်း ၁၂၀ ခန့် ပါဝင်ပြသမည်ဖြစ်ပြီး အသိပညာပေးဆွေးနွေးပွဲများ၊ အိုင်စီတီကျွမ်းကျင်မှုဆိုင်ရာပြပွဲများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား အထူးဈေးလျှော့ရောင်းချခြင်းများ ပါဝင်မည်ဖြစ်သည်။ ပြပွဲကို ဖေဖော်ဝါရီ ၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# တရုတ်နိုင်ငံသို့ ပျံသန်းပြေးဆွဲနေသောလေကြောင်းလိုင်းများမှ ခရီးစဉ်များရပ်နား

**လန်ဒန် ဇန်နဝါရီ ၃၁**
ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် တရုတ်နိုင်ငံသို့ ပြေးဆွဲနေသော လေကြောင်းခရီးစဉ်များ လျှော့ချ၊ ရပ်နား၊ ခရီးစဉ်ပြောင်းလဲမှုများ ပြုလုပ်လိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၃၁ ရက်က ဖော်ပြလိုက်သည်။

အီတလီအစိုးရက အီတလီနှင့် တရုတ်နိုင်ငံသို့ ပြေးဆွဲနေသော လေကြောင်းလိုင်းများအားလုံးကို ရပ်နားလိုက်ပြီဖြစ်ကြောင်း၊ အဲအေးရှ လေကြောင်းလိုင်း၊ အဲအော်စထရယ်လေကြောင်းလိုင်း၊ အဲဖရန့် လေကြောင်းလိုင်း၊ အဲအိန္ဒိယလေကြောင်းလိုင်း၊ အဲကမ္ဘောဇ (ကေဘီဇက်) လေကြောင်းလိုင်း၊ အဲမာဒါဂက်စ်တာလေကြောင်းလိုင်း၊ အမေရိကန်လေကြောင်းလိုင်း၊ ဗြိတိသျှလေကြောင်းလိုင်း၊ ကေသီပစိဖိတ် လေကြောင်းလိုင်း၊ ဒယ်လ်တာလေကြောင်းလိုင်းများလည်း ရပ်နားလိုက်ကြောင်း သိရသည်။

ထို့အတူ အီဂျစ်အဲလေကြောင်းလိုင်း၊ အီးအယ်လ်အေအယ်လ်ဟုခေါ်သည့် အစ္စရေးလေကြောင်းလိုင်း၊ ဥရောပနှင့် အာရှတစ်လွှားပြေးဆွဲနေသော ဖင်နာလေကြောင်းလိုင်း၊ အိန္ဒိယနိုင်ငံ၏ အကြီးဆုံး အင်ဒီဂိုလေကြောင်းလိုင်း၊ အီဘရီရယ်လေကြောင်းလိုင်း၊ ကာဇက်စတန်လေကြောင်းလိုင်းများလည်း တရုတ်နိုင်ငံသို့ ပျံသန်းပြေးဆွဲမှုများကို ရပ်နားလိုက်ပြီဖြစ်သည်။

အလားတူ အမ်စတာဒန်မှ ထွက်ခွာလျက်ရှိသည့် ကေအယ်လ်အမ်လေကြောင်းလိုင်း၊ လိုင်းယွန်းအဲလေကြောင်းလိုင်း၊ လုပ်ဖ်သင်ဇာလေကြောင်းလိုင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (အမ်အေအိုင်)၊ မြန်မာအမျိုးသားလေကြောင်းလိုင်း (အမ်အင်န်အေ)၊ မော်ရိုကို လေကြောင်းလိုင်းဖြစ်သည့် ရွိုင်ယယ်အဲမာရော့ခ်လေကြောင်းလိုင်း၊ စကန်ဒီနာဗီယန် လေကြောင်းလိုင်း၊ စင်ကာပူလေကြောင်းလိုင်း၊ စကိုင်းအပ်လေကြောင်းလိုင်း၊ တူရကီလေကြောင်းလိုင်း၊ ယူကရိန်းအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း၊ ယူနိုက်တက်လေကြောင်းလိုင်းနှင့် ယူရယ်လ် လေကြောင်းလိုင်းများလည်း ၎င်းတို့၏ လေကြောင်းလိုင်းများကို ရပ်နားလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**အေအက်ဖ်ပီ**



ပြေးဆွဲမှုရပ်နားလိုက်သည့် ဗြိတိသျှအဲဝေးမှ လေယာဉ်များကိုတွေ့ရစဉ်။

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး ကမ္ဘာ့အရေးပေါ်အခြေအနေကြေညာ

**ဂျီနီဗာ ဇန်နဝါရီ ၃၁**
ကိုရိုနာဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူ ၂၁၃ ဦးအထိ မြင့်တက်လာပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀၀၀ နီးနီး ဖြစ်လာသည်ဟု တရုတ်နိုင်ငံမှ ဇန်နဝါရီ ၃၁ ရက်က သတင်းဖော်ပြခဲ့သကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ဖြစ်ပွားနေသော နိုဗယ်ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး ကမ္ဘာ့အရေးပေါ်အခြေအနေအဖြစ် ကြေညာလိုက်ကြောင်း နိုင်ငံတကာသတင်းများတွင် ယနေ့ဖော်ပြထားသည်။

ဂျီနီဗာအခြေစိုက် ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက အစပိုင်းက ဝူဟန်ဗိုင်းရပ်စ်အပေါ် အရေးမကြီးသယောင် ပြုလုပ်ခဲ့သော်လည်း ယမန်နေ့က အရေးကြီးအစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ပြီးနောက် ကမ္ဘာ့အရေးပေါ်အခြေအနေအဖြစ် ကြေညာလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ရဲ့ အဓိကစိုးရိမ်မှုကြီးကတော့ ကိုရိုနာဗိုင်းရပ်စ်ဟာ ကျန်းမာရေးစနစ် အားနည်းတဲ့နိုင်ငံများကို ကူးစက်ပျံ့နှံ့သွားမှာပဲ ဖြစ်ပါတယ်"လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တက်ဒရော့စ်အက်ဒါနွန်ဂီဘရီယက်ဆုက ယမန်နေ့က ဂျီနီဗာတွင်ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ ပြောကြားခဲ့သည်။

"နောက်ထပ် ကူးစက်မှုမဖြစ်အောင် ကျွန်တော်တို့အားလုံး အတူတကွ ကြိုးစားကြမယ်။ ကျွန်တော်တို့အတူတကွလုပ်မယ်ဆိုရင် ဝူဟန်ဗိုင်းရပ်စ်ကို ရပ်တန့်နိုင်ပါတယ်"လို့ ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

သို့သော်လည်း တရုတ်နှင့် ပတ်သက်ပြီး ခရီးသွားခြင်းနှင့် ကုန်သွယ်ရေးပိတ်ဆို့ခြင်းများ ပြုလုပ်ခြင်းဖြင့် ဗိုင်းရပ်စ်ပျံ့နှံ့ခြင်းကို တားဆီး၍ မရနိုင်ဟု တက်ဒရော့စ်က ပြောခဲ့သည်။ ရောဂါပျံ့နှံ့မှုသည် ယခုအခါ နိုင်ငံပေါင်း ၁၅ နိုင်ငံအထိ ရောက်ရှိခဲ့ပြီဖြစ်သည်။





ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ဖော်ပြထားသော မြေပုံကိုတွေ့ရစဉ်။

နိုင်ငံပေါင်းမြောက်မြားစွာက ၎င်းတို့၏ နိုင်ငံသားများကို တရုတ်နိုင်ငံကို မသွားရန် တိုက်တွန်းထားကြပြီး တချို့နိုင်ငံများကလည်း ဝူဟန်မှ လာရောက်သည့် ခရီးသွားများကို တားမြစ်ပိတ်ပင်ထားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၌ ဝူဟန်သို့သွားရောက်ခဲ့သည့်ဇနီးထံမှ ခင်ပွန်းသည်ထံသို့ ရောဂါကူးစက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၂၉ ရက်ကလည်း တရုတ်နိုင်ငံသို့ ပျံသန်းပြေးဆွဲနေသည့် လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

အီတလီဆိပ်ကမ်းရှိ အပျော်စီးသင်္ဘောကြီး တစ်စင်းပေါ်တွင်လည်း တရုတ်ခရီးသည်နှစ်ဦးနှင့် အတူလိုက်ပါလာသော ခရီးသွား ၆၀၀၀ ကျော် ခဏတာသောင်တင်နေခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသည်ဟု သံသယရှိသည့် တရုတ်ခရီးသွားနှစ်ဦးကို သီးသန့်ခွဲထားကြောင်းလည်း သိရသည်။

နောက်ပိုင်း စစ်ဆေးကြည့်ရာတွင် ရောဂါကူးစက်ခြင်း မရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရန် စတင်

**လန်ဒန် ဇန်နဝါရီ ၃၁**
ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ ဝင်နိုင်ငံအဖြစ် ၄၇ နှစ်ကြာ တည်ရှိခဲ့မှုကို အဆုံးသတ်ပြီး အဖွဲ့ကြီးမှ နုတ်ထွက်ရန်အတွက် ဇန်နဝါရီ ၃၁ ရက်တွင် စတင်တော့မည် ဖြစ်သည်။

ယခုအခါ ဗြိတိန်သည် ၁၁ လကြာမြင့်မည့် အသွင်ကူးပြောင်းရေးကာလအတွင်းသို့ ချဉ်းနင်းဝင်ရောက်နေပြီဖြစ်ပြီး ဆက်ဆံရေးအသစ်တစ်ခုကို မည်သို့ထူထောင်မည်ကို နှစ်ဖက်စလုံးမှ ကြိုးစားကြမည်ဖြစ်သည်။ ဗြိတိန်သည် ဇန်နဝါရီ ၃၁ ရက် ည ၁၁ နာရီတွင် ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှ တရားဝင်နုတ်ထွက် သွားတော့မည်ဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှ ပထမဦးဆုံး နုတ်ထွက်သည့်နိုင်ငံဖြစ်လာပြီး အဖွဲ့ဝင်နိုင်ငံ အရေအတွက်သည် ၂၇ နိုင်ငံ ဖြစ်သွားမည်ဖြစ်သည်။ ယခုအချိန်သည် ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်အတွက် အောင်ပွဲခံရမည့်အချိန်လည်း ဖြစ်သည်။

ဘောရစ်ဂျွန်ဆင်သည် လွန်ခဲ့သည့်လအတွင်းက ရွေးကောက်ပွဲကို အရဲစွန့်ကာပြုလုပ်ခဲ့သည်။ ဇန်နဝါရီ ၃၁ ရက်ညပိုင်းတွင် ဗြိတိန်ဝန်ကြီးချုပ်က တိုင်းပြည်ကို မိန့်ခွန်းပြောကြားပြီး တိုင်းပြည်တွင်း စည်းလုံးညီညွတ်ကြရန် တိုက်တွန်းပြောကြားမည် ဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း နေလိုသော ပြည်သူတစ်ဦးကမူ တစ်နေ့နေ့တွင် ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ပြန်လည်ဝင်ရောက်မည်ဟု မျှော်လင့်ကြောင်းပြောခဲ့သည်။

ယခု ဗြိတိန်နိုင်ငံ၏ အခြေအနေသည် ဝမ်းနည်းဖွယ်ကောင်းပြီး စီးပွားရေးလည်း ထိခိုက်နေပြီဖြစ်ကြောင်း၊ လူမှုရေးအခြေအနေမှာလည်း ထိခိုက်ခံစားနေရပြီး တိုင်းပြည်တွင် ကွဲပြားမှုများရှိနေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အသွင်ကူးပြောင်းရေးကာလအတွင်း ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂ၏ တစ်ခုတည်းသော ဘုံဈေးကွက်အတွင်း ရှိနေဦးမည်ဖြစ်သည်။ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့သည် ကုန်သွယ်ရေး သဘောတူစာချုပ်သစ် ချုပ်ဆိုရန် လုပ်ဆောင်ရမည်ဖြစ်ပြီး အချိန်ကာလကြာမြင့်စွာ ညှိနှိုင်းမှုများ လုပ်ဆောင်ရဦးမည် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

## အိန္ဒိယတွင် ကျောင်းသားတစ်ဦး ပစ်ခတ်ခံရသဖြင့် ဆန္ဒပြမှုများဖြစ်ပွား

**နယူးဒေလီ ဇန်နဝါရီ ၃၁**
ကျောင်းသားတစ်ဦး သေနတ်ဖြင့်ပစ်ခတ်ခံရသဖြင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ဂျမီယာမိုင်လီယာ အစ်စလာမီယာ တက္ကသိုလ်အပြင်ဘက်တွင် ကျောင်းသားအများစု အပါအဝင် ရာပေါင်းများစွာသော လူများသည် ဇန်နဝါရီ ၃၀ ရက်က ဆန္ဒပြရန် စုဝေးခဲ့ကြသည်။ ရာဂျ်ဂတ်သို့ချီတက်ရန် ကျောင်းသားများက ကြိုးစားခဲ့ကြပြီး ရဲများကမီးသတ်ပိုက်များ၊ မျက်ရည်ယိုဗုံးများ အသုံးပြုကာ လူအုပ်ကြီးကိုရပ်တန့်ရန် ကြိုးပမ်းခဲ့ကြသည်။ ယခုအခါ ကျောင်းသားများကို နှစ်သိမ့်ရန်ကြိုးပမ်းနိုင်ခဲ့ပြီး အခြေအနေကို ထိန်းချုပ်လိုက်နိုင်ပြီဟု ရဲအရာရှိတစ်ဦးကပြောသည်။ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းက လူငယ်တစ်ဦးသည် အငြင်းပွားဖွယ်ဖြစ်နေသည့် နိုင်ငံသားဖြစ် ခွင့် ဥပဒေသစ်ကို ဆန္ဒပြနေကြသည့် ကျောင်းသားများအကြား သေနတ်ပစ်ခဲ့သည်။ ယင်းသို့ ပစ်ခတ်မှုကြောင့် ကျောင်းသားတစ်ဦးဒဏ်ရာရရှိခဲ့သည်။ ဆန့်ကျင်ဆန္ဒပြသူများကို စိုးရိမ်သည့်အတွက် မြေအောက်ဘူတာရုံအချို့မှ ဝင်ပေါက်ထွက်ပေါက်များကို အာဏာပိုင်များက ပိတ်ထားခဲ့သည်။ လွန်ခဲ့သည့် နှစ်နှောင်းပိုင်းတွင် အိန္ဒိယအထက်လွှတ်တော်မှ နိုင်ငံသားဖြစ်ခွင့် ဥပဒေသစ်ကို အတည်ပြုခဲ့ပြီးနောက် ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ကုန်သွယ်ရေးဆိုင်ရာမျှော်လင့်ချက်တွေနဲ့ ထရမ့်ရဲ့အိန္ဒိယခရီးစဉ်

………… ခြူးစန္ဒီနွေး …………

တာ့ဂျ်မဟာ အနီးတစ်ဝိုက်မှာ အရာရှိတွေ အလုပ်ရှုပ်နေကြတာကိုတွေ့မြင်နေရတော့ အရေးကြီးပုဂ္ဂိုလ်တစ်ဦးလာဖို့ပြင်ဆင်နေတဲ့ပုံပါပဲ။ အိန္ဒိယကို လာရောက်မယ့် အရေးကြီးပုဂ္ဂိုလ်ဟာ ဘယ်သူများဖြစ်နေမလဲ။ သူကတော့အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပါပဲ။

**ကုန်သွယ်ရေးစာချုပ်အပြီးသတ်နိုင်ရေးကြိုးပမ်း**

ဒေါ်နယ်ထရမ့်ဟာ ဖေဖော်ဝါရီလနှောင်းပိုင်းမှာ အိန္ဒိယကို လာရောက်ဖို့ရှိတာမို့ အိန္ဒိယအရာရှိတွေဟာ ပြင်ဆင်မှုတွေနဲ့ အလုပ်ရှုပ်နေကြပါတယ်။ သူတို့ပြင်ဆင်နေကြတဲ့အထဲမှာ ကုန်သွယ်ရေးသဘောတူစာချုပ် နောက်ဆုံးအပြီးသတ် ညှိနှိုင်းဆွေးနွေးမှုတွေပါရှိပါတယ်။ အမေရိကန်နဲ့ အိန္ဒိယတို့ဟာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန် ကုန်သွယ်ရေးသဘောတူစာချုပ်ကြီးကို လာမယ့်လအတွင်းမှာ အပြီးသတ်နိုင်ဖို့ကြိုးစားနေကြပါတယ်။ သမ္မတထရမ့်အိန္ဒိယကို လာရောက်တဲ့အခါ လက်မှတ်ရေးထိုးနိုင်ဖို့ မျှော်လင့်ထားကြပါတယ်။

**စီးပွားရေးပိုမိုလုပ်ဆောင်ရန်ဆန္ဒရှိ**

သမ္မတ ထရမ့်ဟာလည်း လက်တလောမှာတော့ သူ့ကိုစွဲချက်တင်ဖို့ အငြင်းအခုန် ဖြစ်နေတာတွေရဲ့ အဝေးကို ထွက်သွားချင်တဲ့ပုံ ပေါ်နေပါတယ်။ အိန္ဒိယနိုင်ငံကို နှစ်ရက်တာ ခရီးသွားရောက်ဖို့ စီစဉ်ထားတယ်လို့သိရပါတယ်။ အမေရိကန်အနေနဲ့ အိန္ဒိယမှာ စီးပွားရေးတွေ ပိုမိုလုပ်ဆောင်ဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီဟာလည်း လက်ရှိအခြေအနေမှာတော့ နိုင်ငံရေးပြဿနာတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်လည်း ဖြစ်ပါတယ်။

**မိုဒီအတွက် အားတက်စရာ**

ဝန်ကြီးချုပ်မိုဒီရဲ့ လက်တလောချမှတ်ခဲ့တဲ့ နိုင်ငံရေးမူဝါဒကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်းမှာ ဆန့်ကျင်ဆန္ဒပြမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ သမ္မတထရမ့်ရဲ့ ခရီးစဉ်ဖြစ်လာတော့ မိုဒီအတွက် အားတက်စရာတစ်ခုဖြစ်လာခဲ့ပါတယ်။ မကြာသေးခင် သီတင်းပတ်များအတွင်းက နိုင်ငံသားဖြစ်ခွင့်ဥပဒေသစ်ကြောင့် အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ဒီဥပဒေသစ်ကြောင့် အိန္ဒိယမှာရှိတဲ့ လူနည်းစု မူဆလင်တွေကို ခွဲခြားဆက်ဆံတယ်ဆိုပြီး ဆန့်ကျင်မှုတွေ ပေါ်ပေါက်လာခဲ့တာပဲဖြစ်ပါတယ်။ သမ္မတထရမ့်နဲ့ ဝန်ကြီးချုပ်မိုဒီတို့ဟာ အရင်တုန်းကလည်း တက္ကဆက်ပြည်နယ်မှာ တွေ့ဆုံခဲ့ကြဖူးပါတယ်။ အဲဒီတုန်းကလည်း ခေါင်းဆောင်နှစ်ဦးကို ထောင်ပေါင်းများစွာသော အိန္ဒိယ – အမေရိကန်တွေက ကြိုဆိုခဲ့ကြဖူးပါတယ်။ ယခုအခါမှာလည်း သမ္မတထရမ့်နဲ့ မိုဒီတို့ဟာ မိုဒီရဲ့ဇာတိဖြစ်တဲ့ ဂူဂျာရက်ပြည်နယ်က အာမီတာဘတ်ဆိုတဲ့ ခရစ်ကက်အားကစားရုံကြီးမှာ လူထုနဲ့ တွေ့ဆုံသွားမယ်လို့ အိန္ဒိယသတင်းမီဒီယာတွေမှာ ဖော်ပြနေကြပါတယ်။

**အကူအညီတစ်ခုဖြစ်နိုင်**

အိန္ဒိယကိုရောက်လာတဲ့အခါမှာတော့ အရင်အမေရိကန်သမ္မတတွေ ဖြစ်ကြတဲ့ ဘီလ်ကလင်တန်၊ ဘားရက်အိုဘားမားတို့ တည်းခိုခဲ့ကြတဲ့ နယူးဒေလီမြို့ရှိ အမေရိကန်သံရုံးအနီးက ဟိုတယ်မှာ တည်းလိမ့်မယ်ဆိုပြီး လည်းခန့်မှန်းနေကြပါတယ်။ ဇန်နဝါရီလအစောပိုင်းမှာ သမ္မတ ထရမ်နဲ့ ဝန်ကြီးချုပ် မိုဒီတို့ ဖုန်းဖြင့်ဆက်သွယ်ကာ



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့ ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ဟူစတန်မြို့တွင် တွေ့ဆုံခဲ့ကြစဉ် ။

နှစ်သစ်ကူးဆုတောင်းစကားပြောကြားရင်း အိန္ဒိယကို လာရောက်ဖို့အစီအစဉ် ဖြစ်လာခဲ့တယ်လို့ အိန္ဒိယမီဒီယာတွေမှာဖော်ပြကြပါတယ်။ ဝန်ကြီးချုပ်မိုဒီအတွက်တော့ သမ္မတ ထရမ့်ရဲ့ ခရီးစဉ်ဟာ အကူအညီတစ်ခုဖြစ်သွားနိုင်ပါတယ်။ ဒီအချိန်ဟာ မိုဒီအတွက် ခြောက်နှစ်တာ ကာလအတွင်း ပထမဆုံး ဆန္ဒပြမှုတွေနဲ့ တွေ့ကြုံနေရတဲ့အချိန်လည်းဖြစ်ပါတယ်။

**ရေငုံနှုတ်ပိတ်**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ အငြင်းပွားဖွယ်ဆုံးဖြတ်ချက်တစ်ခုကို အစိုးရက ပြုလုပ်ခဲ့ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေက မူဆလင်မဟုတ်တဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို နိုင်ငံသားဖြစ်ခွင့်ပေးမယ့် ဥပဒေသစ်ပြင်ဆင်ခဲ့တဲ့အတွက်ကြောင့်ပါပဲ။ အဲဒီနောက်မှာတော့ စွပ်စွဲမှုတွေ တသီတတန်းကြီးနဲ့ ဆန့်ကျင်ဆန္ဒပြမှုတွေ ပေါ်ပေါက်လာပါတော့တယ်။ အဲဒီလို ပြုလုပ်ခဲ့တဲ့အတွက်လည်း ဝန်ကြီးချုပ်မိုဒီကို ပြည်ပနိုင်ငံတွေက ဝေဖန်လာကြပါတယ်။ အချို့သော အမေရိကန်အရာရှိတွေဆိုရင် ပိတ်ဆို့မှု ပြစ်ဒဏ်ပြုလုပ်ဖို့အထိ တောင်းဆိုလာကြပါတယ်။ ဥရောပသမဂ္ဂကလည်း သူတို့ရဲ့ ပါလီမန်မှာဒီကိစ္စကို ဆွေးနွေးဖို့အထိ စဉ်းစားလာကြပါတယ်။ အမေရိကန်အရာရှိတွေကတော့ သမ္မတ ထရမ့်ရဲ့အိန္ဒိယ ခရီးစဉ်ကို ရေငုံနှုတ်ပိတ်နေပါတယ်။ လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်တွေနဲ့ ဘာမှမပြောဘဲနေကြပါတယ်။

**ကုန်သွယ်ရေးအရ အစဉ်လာကြီးတဲ့မြို့**

အချို့သော အိန္ဒိယသတင်းဌာနတွေမှာတော့ ယခုလအတွင်းအမေရိကန် ကိုယ်စားလှယ်အဖွဲ့ရဲ့ပုံတွေကို ပြသလာပါတယ်။ နေကာမျက်မှန်တွေဝတ်ထားတဲ့ အဖွဲ့တွေဟာ လုံခြုံရေးအစီအမံတွေပြုလုပ်ဖို့ တာ့ဂျ်မဟာကိုလာရောက်တာကိုလည်း မီဒီယာတွေမှာ ဖော်ပြခဲ့ကြပါတယ်။ နယူးဒေလီတစ်ဝိုက်ကို လည်ပတ်ဖို့လည်း ခရီးစဉ်ထဲမှာပါတယ်လို့ ယူဆနေကြပါတယ်။ လေ့လာသုံးသပ်သူတွေကတော့ ဂူဂျာရတ်ပြည်နယ်မှာပဲ ပွဲလုပ်ဖို့ဖြစ်နိုင်တယ်လို့ သုံးသပ်ကြပါတယ်။ ဂူဂျာရတ်ပြည်နယ်ဟာ ကမ်းရိုးတန်းပြည်နယ်တစ်ခုဖြစ်ပြီး ကုန်သွယ်ရေးအရ အစဉ်အလာကြီးတဲ့မြို့လည်းဖြစ်ပါတယ်။ နောက်ပြီး ဝန်ကြီးချုပ်မိုဒီအတွက်လည်း ယခုထက်ထိတိုင်အောင် ထောက်ခံမှုအများဆုံး ရရှိထားတဲ့ပြည်နယ် ဖြစ်ပါတယ်။ ခမ်းခမ်းနားနား ကြိုဆိုမှုတွေနောက်ကွယ်မှာ ထရမ့်နဲ့ မိုဒီတို့ကြား ပထဝီဝင် နိုင်ငံရေးကို ဆွေးနွေးသွားလိမ့်မယ်လို့လည်း ခန့်မှန်းထားကြပါတယ်။

**လိုလိုလားလားမရှိ**

နှစ်ပေါင်းများစွာကတည်းက အမေရိကန်အရာရှိတွေဟာ တရုတ်နိုင်ငံကိုထိန်းချုပ်နိုင်ဖို့အရေး အိန္ဒိယကို မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် စည်းရုံးဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ သို့ပေမယ့်လည်း အိန္ဒိယဘက်ကတော့ သိပ်ပြီး လိုလိုလားလား မရှိလှပါဘူး။ အိန္ဒိယဟာ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံထဲက တစ်ခုဆိုတာလည်း ငြင်းဖွယ်ရာမရှိပါဘူး။ အမေရိကန်ရဲ့ကုန်သွယ်ရေး လိုငွေကို လျှော့ချလိုပြီး အိန္ဒိယအနေနဲ့လည်း အမေရိကန်ရဲ့ ကုန်ပစ္စည်းတွေကိုပိုမို ဝယ်ယူပေးစေချင်ပါတယ်။ သမ္မတထရမ့်နဲ့ မိုဒီတို့ကြား ကန့်သတ်မှုရှိတဲ့ ကုန်သွယ်ရေးစာချုပ်မှာ လက်မှတ်ရေးထိုးဖြစ်လိမ့်မယ်လို့ စီးပွားရေးခေါင်းဆောင်တွေနဲ့ သုတေသီတွေက ခန့်မှန်းထားကြပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲခန့်က အမေရိကန်နဲ့ အိန္ဒိယတို့အကြား အခွန်စည်းကြပ်မှုတွေ၊ တန်ပြန်အခွန်စည်းကြပ်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ အခုအချိန်မှာသာ ကုန်သွယ်ရေးသဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးနိုင်ပြီဆိုရင် သိသာထင်ရှားတဲ့ ပြန်လည်သင့်မြတ်မှုတွေကို တွေ့မြင်လာရမှာပဲဖြစ်ပါတယ်။

**အခွန်စည်းကြပ်မှုလျှော့နည်းပေးဖို့လို**

အိန္ဒိယနိုင်ငံဟာ ပြည်တွင်းလုပ်ငန်းတွေကို ပြည်ပယှဉ်ပြိုင်မှုကနေ အကာအကွယ်ပေးတဲ့ နိုင်ငံတွေထဲမှာ နာမည်ကြီးပါပဲ။ နိုင်ငံခြားကုမ္ပဏီတွေကို ဟန့်တားနိုင်ဖို့အရေး အခွန်စည်းကြပ်မှုတွေနဲ့ ရှုပ်ထွေးတဲ့ စည်းမျဉ်းတွေချမှတ်ထားပါတယ်။ ပြည်တွင်းကို တင်သွင်းမယ့် ဆေးပစ္စည်းတွေမှာ ဈေးနှုန်းကန့်သတ်မှုကို အဆုံးသတ်ပေးဖို့ အိန္ဒိယဟာ သဘောတူထားပြီး ဖြစ်ပါတယ်။ ဒါဟာလည်း ကုန်သွယ်ရေးအတွက် ဆွေးနွေးတဲ့နေရာမှာ ဆွေးနွေးရခက်တဲ့အပိုင်းတစ်ခုပါပဲ။ ထရမ့်အစိုးရအနေနဲ့လည်း အိန္ဒိယအတွက် ဦးစားပေးကုန်သွယ်မှု အဆင့်အတန်းတစ်ခု ပြန်လည်ထိန်းသိမ်းပေးဖို့ အိန္ဒိယဘက်က တောင်းဆိုထားပါတယ်။ အမေရိကန်ဘက်ကလည်း ချည်မျှင်ကဲ့သို့သော ကုန်ပစ္စည်းတွေအပေါ်မှာ အခွန်စည်းကြပ်မှုလျှော့နည်းပေးဖို့ လိုအပ်ပါတယ်။

**အချိန်ကောင်းတစ်ခု**

စီးပွားရေးလုပ်ငန်းတွေအပြင် ခေါင်းဆောင် နှစ်ဦးဟာ လက်နက်ဝယ်ယူရေးကိစ္စတွေမှာလည်း အသိပေးကြေညာမှုတွေပြုလုပ်သွားလိမ့်မယ်လို့ ယူဆကြပါတယ်။ လက်ရှိအခြေအနေမှာ ထရမ့်ဟာ စွဲချက်တင်ခံရမှုနဲ့ ရင်ဆိုင်နေရပြီး သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံဖို့လည်း မဲဆွယ်မှုတွေ စတင်နေတဲ့ ကာလပါပဲ။ ဒီလိုအချိန်မျိုးမှာ သူဟာ ကုန်သွယ်ရေးအတွက်ကြိုးစားလုပ်ဆောင်နေတယ်ဆိုတာကို မဲဆန္ဒရှင်တွေကိုပြသရမယ့်အချိန်ကောင်းပါပဲ။ ။

ကိုးကား–နယူးယောက်တိုင်းမ်

## နိုင်ငံတကာသတင်းတိုထွာ

### ဂူဇာဂီအိနေ့ာခရိုင်ကို အာဖဂန်တပ်ဖွဲ့ဝင်များ ပြန်လည်သိမ်းယူနိုင်

ကဘူးလ် ဇန်နဝါရီ ၃၁

အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘက်ဂလန်ပြည်နယ် မြောက်ပိုင်းရှိ ဂူဇာဂီအိနေ့ာခရိုင်ကို ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း သိရသည်။ ယင်းဒေသတွင် လေးလကြာ တာလီဘန်တို့၏ အုပ်ချုပ်ရေးကို အဆုံးသတ်နိုင်ခဲ့ပြီဟု ပြည်နယ်အစိုးရက ဇန်နဝါရီ ၃၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

နယ်မြေရှင်းလင်းရေးလုပ်ငန်းကို ဇန်နဝါရီ ၂၉ ရက်တွင် ပြုလုပ်ခဲ့ပြီး အစိုးရကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဂူဇာဂီအိနေ့ာခရိုင်ကို ဇန်နဝါရီ ၃၀ ရက်တွင် ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ကိုးနာရီကြာ စစ်ဆင်ရေးအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်မှ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း၊ သူပုန်များဘက်မှ အကျအဆုံးများကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ သို့သော် သေဆုံးသူ အတိအကျကိုမူ ဖော်ပြခဲ့ခြင်း မရှိပေ။

ဆင်ဟွာ

### အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဂါဇာဒေသအတွင်းမှ ဒုံးကျည်သုံးစင်း ပစ်ခတ်

ဂျေရုဆလင် ဇန်နဝါရီ ၃၁

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဇန်နဝါရီ ၃၀ ရက် ညပိုင်းတွင် ဒုံးကျည်သုံးစင်း ပစ်ခတ်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။ ဒုံးကျည်သုံးစင်းအနက်မှ နှစ်စင်းကို လေကြောင်းကာကွယ်ရေးစနစ်ဖြင့် ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း အစ္စရေး စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ တတိယမြောက် ဒုံးကျည်မှာ ဒီရော့မြို့ စက်ပီယာကောလိပ်အပြင်ဘက် ကွင်းပြင်သို့ ကျရောက်ခဲ့သည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။ မည်သည့်အဖွဲ့အစည်းက ဒုံးကျည်ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်ကိုမူ မသိရပေ။

အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က မကြာသေးမီအချိန်အတွင်း အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်ကို ကြေညာခဲ့ပြီးနောက် ဒေသတွင်းတင်းမာမှုများ မြင့်တက်နေစဉ် ယခုလိုပစ်ခတ်မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ငြိမ်းချမ်းရေးအစီအစဉ်မှာ အစ္စရေးအပေါ် အခွင့်အရေးပေးလွန်းသည်ဟု ဆိုကာ ပါလက်စတိုင်းက လက်မခံဘဲ ငြင်းဆန်ခဲ့သည်။

ဆင်ဟွာ

# ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၄၂။ ရှေ့နေလိုက်သူ တစ်ဦးဦးမှာ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် -

(က) ရှေ့နေလိုက်သူ တစ်ဦးဦးက အကြောင်းတစ်စုံတစ်ရာကြောင့် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းမပြုလိုသဖြင့် ရှေ့နေလိုက်ခြင်းမှ ကာလသတ်မှတ်၍ ခေတ္တရပ်ဆိုင်းထားရန် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရန် တောင်းဆိုခြင်း၊

(ခ) နိုင်ငံခြားရှိ တရားရုံးတစ်ခုခုတွင် ရှေ့နေအဖြစ် စာရင်းသွင်းထားခြင်း၊

(ဂ) အကျိုးအမြတ်ရရှိသည့် ကုန်သွယ်မှု သို့မဟုတ် အခြား စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ခြင်း သို့မဟုတ် ထိုသို့ ဝင်ရောက်လုပ်ကိုင်ကြောင်း သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ စာဖြင့် အကြောင်းကြားခြင်း၊

(ဃ) ပုဒ်မ ၂၁ ပါ အရည်အချင်းတစ်ရပ်ရပ် ပျက်ယွင်းခြင်း။

၄၃။ နိုင်ငံခြားသား ရှေ့နေလိုက်သူများသည် နိုင်ငံတော်အတွင်းရှိ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ခြင်း မပြုနိုင်။

### အခန်း (၁၁)
### အမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုရာတွင် ဦးစားပေးခြင်း

၄၄။ ပြည်ထောင်စုရှေ့နေချုပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် လည်းကောင်း အခြားသောတရားလွှတ်တော် ရှေ့နေများထက် ဦးစွာလျှောက်ထားခွင့်၊ လျှောက်လဲခွင့်၊ တင်ပြခွင့်နှင့် ဆောင်ရွက်ခွင့်တို့ရှိသည်။

၄၅။ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တို့မှအပ တရားလွှတ်တော်ရှေ့နေများသည် သက်ဆိုင်ရာ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့်ရုံးများတွင် အထက်တန်းရှေ့နေများထက် ဦးစွာလျှောက်ထားခွင့်၊ လျှောက်လဲခွင့်၊ တင်ပြခွင့်နှင့် ဆောင်ရွက်ခွင့်တို့ ရှိသည်။

၄၆။ သက်ဆိုင်ရာ အမှုလိုက်ပါ ဆောင်ရွက်ခြင်း ပြုနိုင်သည့်ရုံးများတွင် ဦးစွာလျှောက်ထားခွင့်၊ လျှောက်လဲခွင့်၊ တင်ပြခွင့်နှင့် ဆောင်ရွက်ခွင့်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ -

(က) တရားလွှတ်တော်ရှေ့နေများသည် မိမိတို့အနက် သက်သေခံမှတ်ပုံတင်အမှတ် ဝါစဉ်အရ ဝါရင့်သည့် တရားလွှတ်တော်ရှေ့နေကို ဦးစားပေးရမည်။

(ခ) အထက်တန်းရှေ့နေများသည် မိမိတို့အနက် သက်သေခံ မှတ်ပုံတင်အမှတ် ဝါစဉ်အရ ဝါရင့်သည့် အထက်တန်းရှေ့နေကို ဦးစားပေးရမည်။

(ဂ) အထက်တန်းရှေ့နေများသည် မိမိတို့အချင်းချင်း သက်သေခံမှတ်ပုံတင်အမှတ် ဝါစဉ်တူနေလျှင် အသက်ကြီးသည့် အထက်တန်းရှေ့နေကို ဦးစားပေးရမည်။

### အခန်း (၁၂)
### ရှေ့နေလိုက်သူများ၏ တာဝန်နှင့် အခွင့်အရေးများ

၄၇။ ရှေ့နေလိုက်သူများသည် -

(က) ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) သတ်မှတ်ထားသည့် ရှေ့နေကျင့်ဝတ်သိက္ခာများနှင့်အညီ ရှေ့နေပညာဖြင့် မွန်မြတ်သော အသက်မွေးဝမ်းကျောင်းမှု ပြုရမည်။

(ဂ) ဤဥပဒေပါပြဋ္ဌာန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) ရှေ့နေလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ပါက အမှုသည်၏ အကျိုးစီးပွားကို ထိခိုက်နိုင်သဖြင့် ထိုသို့ဝင်ရောက်လုပ်ကိုင်ကြောင်း ဖော်ပြပြီး မိမိအား အမှုလိုက်ပါ ဆောင်ရွက်ခြင်းမှ ကာလသတ်မှတ်၍ ဆိုင်းငံ့ခွင့်ပြုရန် သို့မဟုတ် သက်ဆိုင်ရာ ရှေ့နေလိုက်သူများ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရန် သက်ဆိုင်ရာရှေ့နေများကောင်စီသို့ အကြောင်းကြားရမည်။

(င) ရှေ့နေခနှင့် ပေးချေရမည့်ကာလကို အမှုသည်နှင့် နှစ်ဖက်သဘောတူ သတ်မှတ်နိုင်သည်။ ထိုသို့ နှစ်ဖက်သဘောတူ သတ်မှတ်ထားသော ရှေ့နေခကိုဖြစ်စေ၊ အမှုလိုက်ပါ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရားစရိတ်အဖြစ် သတ်မှတ်သော ရှေ့နေခကိုဖြစ်စေ ရရှိရေးအတွက် တရားစွဲ၍ တောင်းဆိုခွင့်ရှိသည်။

၄၈။ တရားလွှတ်တော် ရှေ့နေများသည် -

(က) သတ်မှတ်ထားသော တရားလွှတ်တော်ရှေ့နေ နှစ်စဉ်ကြေးကို မြန်မာနိုင်ငံရှေ့နေများကောင်စီသို့ တိုက်ရိုက်ဖြစ်စေ၊ ဒေသဆိုင်ရာ ရှေ့နေများကောင်စီမှတစ်ဆင့်ဖြစ်စေ မှန်ကန်စွာ ပေးသွင်းရမည်။

(ခ) သတ်မှတ်ထားသော တရားလွှတ်တော်ရှေ့နေ နှစ်စဉ်ကြေးကို ပေးသွင်းပြီးမှသာ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့်ရုံးတွင် အမှုလိုက်ပါဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) တရားလွှတ်တော် ရှေ့နေအဖြစ် လက်တွေ့အမှုလိုက်ပါဆောင်ရွက်ခြင်းမရှိသော်လည်း သတ်မှတ်ထားသော နှစ်စဉ်ကြေးကို မှန်ကန်စွာ ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းပြီးမှသာ မိမိအမည်နှင့် ယှဉ်တွဲ၍ တရားလွှတ်တော်ရှေ့နေဟု ဖော်ပြပိုင်ခွင့်ရှိသည်။

၄၉။ အထက်တန်းရှေ့နေများသည် -

(က) တစ်နှစ်သက်တမ်းအတွက် သတ်မှတ်ထားသော အထက်တန်းရှေ့နေ အခကြေးငွေကို ဒေသဆိုင်ရာ ရှေ့နေများ ကောင်စီသို့ မှန်ကန်စွာ ပေးသွင်းရမည်။

(ခ) မိမိရရှိထားသော အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင် လက်မှတ် သက်တမ်းကုန်ဆုံးသည့်အခါ အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုရန်ရှိပါက မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဒေသဆိုင်ရာရှေ့နေများကောင်စီသို့ လျှောက်ထားခွင့်ရှိသည်။

(ဂ) သက်တမ်းရှိသော အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားရှိမှသာ သက်ဆိုင်ရာ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့်ရုံးတွင် အမှုလိုက်ပါဆောင်ရွက်နိုင်ခွင့်နှင့် အထက်တန်းရှေ့နေဟူသော အမည်ကို အသုံးပြုခွင့်ရှိသည်။

### အခန်း (၁၃)
### ရှေ့နေ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုများအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း

၅၀။ ရှေ့နေလိုက်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် ငြိစွန်းပါက ရှေ့နေကျင့်ဝတ်သိက္ခာဖောက်ဖျက်သူဟု မှတ်ယူခြင်းခံရမည် -

(က) ရှေ့နေလိုက်သူက မိမိအား ငှားရမ်းထားသော အမှုသည်နှင့် ၎င်း၏ အခွင့်ရ ကိုယ်စားလှယ်၊ ၎င်းကလွှဲအပ်သည့် ဆွေမျိုးမိတ်ဆွေ သို့မဟုတ် ဝန်ထမ်းတို့မှအပ အခြားသူ တစ်ဦးဦးထံမှ အမှုနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်ရယူခြင်း၊

(ခ) ရှေ့နေလုပ်ငန်းဆောင်ရွက်ရာတွင် လိမ်လည်လှည့်ဖျား၍ဖြစ်စေ၊ အလျဉ်းမသင့်မလျော်အောင်ဖြစ်စေ ဆောင်ရွက်ခြင်းဖြင့် အပြစ်ရှိသူဖြစ်ခြင်း၊

(ဂ) မိမိအတွက်ဖြစ်စေ၊ အခြားရှေ့နေလိုက်သူ တစ်ဦးဦးအတွက်ဖြစ်စေ ရှေ့နေလုပ်ငန်းတစ်ခုခုရရှိရေးအတွက်သော်လည်းကောင်း၊ ရရပြီးသော ရှေ့နေလုပ်ငန်းတစ်ခုခုအတွက်သော်လည်းကောင်း အမှုဆွယ်ပေးသူအား မိမိရရှိထားသော ရှေ့နေခထဲမှ အဖိုးအခတစ်စုံတစ်ရာကိုဖြစ်စေ၊ လာဘ်လာဘတစ်စုံတစ်ရာကိုဖြစ်စေ ပေးရန် ကမ်းလှမ်းခြင်း၊ ပေးကမ်းခြင်း သို့မဟုတ် ပေးပါမည်ဟု ကတိပေး သဘောတူထားခြင်း၊

(ဃ) ရှေ့နေလုပ်ငန်းတစ်ခုခုရရှိရေးအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား အခကြေးငွေပေး၍ဖြစ်စေ၊ ပေးရန်သဘောတူ၍ သို့မဟုတ် ကတိပြု၍ဖြစ်စေ ထိုသူမှတစ်ဆင့် သော်လည်းကောင်း၊ ထိုသူက ကြားဝင်ဆောင်ရွက်၍သော်လည်းကောင်း ရှေ့နေလုပ်ငန်း တစ်ခုခု ရရှိရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(င) အမှုပွဲစားဟု ကြေညာခြင်းခံထားရသူ ထံမှတစ်ဆင့် ရှေ့နေလုပ်ငန်း တစ်ခုလက်ခံခြင်း၊

(စ) ကိုယ်ကျင့်သိက္ခာ ပျက်ပြားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား၍ ထောင်ဒဏ် ချမှတ်ခံရခြင်း၊

(ဆ) မိမိလိုက်ပါ ဆောင်ရွက်သော အမှုတွင် လေလံတင်ရောင်းချသည့် ပစ္စည်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လေလံဆွဲဝယ်ခြင်း၊

(ဇ) မဟုတ်မမှန် လုပ်ကြံသည့် တိုင်စာ၊ ပစ်စာများကို အမှုသည်အား ရေးသားပေးခြင်း သို့မဟုတ် ကိုယ်တိုင်လက်မှတ် ရေးထိုးပေးခြင်း၊

(ဈ) တရားရုံးအပေါ် မထေမဲ့မြင်ပြုလုပ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရခြင်း၊

(ည) မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါး သို့မဟုတ် အရက်သေစာ သောက်စား မူးယစ်လျက် တရားခွင်သို့ တက်ရောက်ခြင်း၊

(ဋ) မိမိ၏ရှေ့နေ ပညာအသက်မွေးဝမ်းကျောင်း လုပ်ငန်းကို ကြော်ငြာခြင်း၊

(ဌ) မိမိအား အမှုသည်ကိုယ်စား လိုက်ပါဆောင်ရွက်ရန် လွှဲအပ်ခြင်း မရှိသောအမှုတွင် လိုက်ပါဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် အားထုတ်ခြင်း၊

(ဍ) တစ်ဖက်ရှေ့နေအား အမှုတွင်လိုက်ပါဆောင်ရွက်ခြင်း မပြုနိုင်အောင်ရည်ရွယ်ပြီး ယင်းရှေ့နေအား မလိုအပ်ဘဲ သက်သေအဖြစ် ခေါ်ယူစစ်ဆေးခြင်း၊

(ဎ) အမှုသည်တစ်ဖက်နှင့် မှုခင်းကိစ္စတိုင်ပင် ဆွေးနွေးပြီးနောက် ဆန့်ကျင်ဘက် အမှုသည်ဘက်မှ မိမိကိုယ်တိုင်လိုက်ပါဆောင်ရွက်ခြင်း သို့မဟုတ် မိမိနှင့်ဆက်သွယ်ပြီး အခြားရှေ့နေတစ်ဦးကို တစ်ဖက်လှည့်၍ လိုက်ပါဆောင်ရွက်စေခြင်း၊

(ဏ) ရှေ့နေခကို အမှုသည်နှင့် နှစ်ဖက်သဘောတူ သတ်မှတ်ခြင်း မဟုတ်ဘဲ အမှုအနိုင်ရရှိပါက ရှေ့နေခမည်မျှပေးရမည် သို့မဟုတ် အချင်းဖြစ် ပစ္စည်း၏တန်ဖိုး မည်ရွေ့မည်မျှပေးရမည်ဟု ကတိထားပြီး အမှုလိုက်ပါဆောင်ရွက်ခြင်း၊

(တ) ရှေ့နေခထဲမှာ ရာခိုင်နှုန်း မည်ရွေ့မည်မျှ ပေးမည်ဟူသော သဘောတူညီချက်ဖြင့် အမှုပွဲစားထားရှိကာ အမှုရရှိရေး ဆောင်ရွက်ခြင်း၊

(ထ) အမျိုးသမီးတစ်ဦးအား လူပုံအလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်စေရန် သက်သေခံအက်ဥပဒေအရ တားမြစ်ပိတ်ပင်ထားသောမေးခွန်းမျိုး မေးမြန်းခြင်း၊

(ဒ) သက်သေအား တန်စိုးလက်ဆောင်ပေးပြီး မုသား သက်သေခံရန် ဆောင်ရွက်ခြင်း၊

(ဓ) သက်သေအစစ်နေရာတွင် သက်သေအတုအယောင်ကို ထည့်သွင်းစစ်ဆေးခြင်း၊

(န) ရှေ့နေလိုက်သူအဖြစ်မှ ရပ်ဆိုင်းရန် သို့မဟုတ် ထုတ်ပယ်ရန် အရေးယူထိုက်သည့် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ် ကျူးလွန်ဖောက်ဖျက်ခြင်း။

၅၁။ အမှုသည်ကဖြစ်စေ၊ ရှေ့နေလိုက်ပါဆောင်ရွက်သည့် အမှုနှင့်သက်ဆိုင်သူကဖြစ်စေ ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် တရားလွှတ်တော်ရှေ့နေအား အရေးယူပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီသို့လည်းကောင်း၊ အထက်တန်းရှေ့နေအား သက်ဆိုင်သည့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့လည်းကောင်း သက်သေအထောက်အထား ခိုင်လုံစွာဖြင့် တိုင်တန်းနိုင်သည်။

၅၂။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် -

(က) ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် တရားလွှတ်တော် ရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ အကျဉ်းနည်းဖြင့် ပယ်ချခြင်း မပြုပါက စုံစမ်းစစ်ဆေးရန် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး အရေးယူရန် တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်း ကော်မတီ သို့မဟုတ် ခုံရုံး) ကို တာဝန်ပေးရမည်။

(ခ) တရားလွှတ်တော်ရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်အပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်နှင့် သဘောထားကိုတင်ပြစေရန် သက်ဆိုင်သည့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီကို တာဝန်ပေးနိုင်သည်။

၅၃။ (က) ဒေသဆိုင်ရာရှေ့နေများကောင်စီသည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် အထက်တန်းရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် လိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်နှင့် သဘောထားကိုတင်ပြစေရန် အထက်တန်းရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး)ကို တာဝန်ပေးရမည်။

(ခ) အထက်တန်းရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး) သည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် အထက်တန်းရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်နှင့် သဘောထားကိုဒေသဆိုင်ရာ ရှေ့နေများကောင်စီသို့ တင်ပြရမည်။

၅၄။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး)သည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် တရားလွှတ်တော်ရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေး၍ စွပ်စွဲခံရသူအား ခုခံချေပခွင့်ပေးပြီး စွပ်စွဲခံရသူမှာ ရှေ့နေကျင့်ဝတ်သိက္ခာဖောက်ဖျက်ကြောင်း သက်သေအထောက်အထား ခိုင်လုံစွာတွေ့ရှိပါက စွပ်စွဲခံရသည့် တရားလွှတ်တော် ရှေ့နေအား အောက်ပါစီမံခန့်ခွဲရေး အမိန့်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေချမှတ်နိုင်သည်-

(က) သတိပေးပြီး ဝန်ချတောင်းပန်စေခြင်း၊

(ခ) ပြစ်တင်ရှုတ်ချခြင်း၊

(ဂ) အမှုလိုက်ပါဆောင်ရွက်ခွင့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဃ) တရားလွှတ်တော်ရှေ့နေ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*



# မြန်မာစကားသမိုင်းအတွက် (၂၂)

## မောင်ခင်မင် (ဓနုဖြူ)

"ဆရာ အရင်ပတ်ကပြောတဲ့ 'နိုင်ငံကူးလက်မှတ်ထဲက သဒ္ဒဗေဒ' စာတမ်းကို သမီးတို့ သိပ်စိတ်ဝင်စားနေပါပြီ ဆရာ"

"ဟုတ်ပါတယ်ဆရာ။ သိပ်သိချင်နေပါတယ်"

"အဲဒီ နိုင်ငံကူးလက်မှတ်ကို ရေးထားတဲ့ မူရင်းစာက မြန်မာစာပေါ့။ မြန်မာလိုရေးတာပေါ့။ အဲဒီမြန်မာစာကို ပေါ်တူဂီဘာသာနဲ့ ဘာသာပြန်တဲ့အခါ မြန်မာမြို့ရွာနာမည်တွေ၊ လူနာမည်တွေကို တော့ အသံဖလှယ်ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"အသံဖလှယ်တယ်ဆိုတာ သိတယ်မဟုတ်လား။ မြန်မာစာကို အင်္ဂလိပ်လို အသံဖလှယ်မယ်ဆိုရင် ရန်ကုန်ကို Yangon၊ ရွှေတိဂုံကို Shweda-gon၊ ဦးသန့်ကို U Thant လို့ ဖလှယ်တာမျိုးပေါ့။ မူလ မြန်မာအသံထွက်အတိုင်း ထွက်အောင် အင်္ဂလိပ်အက္ခရာနဲ့ ဖလှယ်ထားတာလေ။ အဲဒီအသံထွက်ဟာ မြန်မာတွေထွက်တဲ့ အသံထွက်အတိုင်းပဲလို့ နားလည်နိုင်တာပေါ့"

"ဟုတ်ကဲ့၊ နားလည်ပါတယ်ဆရာ"

"အဲဒီနိုင်ငံကူးလက်မှတ်မှာ နာမည်တွေကို အင်္ဂလိပ်အက္ခရာနဲ့ အသံဖလှယ်ပြီး ရေးထားတာလေ။ အဲဒီမှာ ဘာတွေ့ရသလဲဆိုတော့ 'စစ်ကဲ' ကို Chitke၊ 'စာရေး' ကို Chere လို့ အသံဖလှယ်တယ်။ 'ဂုလံသတ္တာ' ဆိုတဲ့ လူနာမည်ကို Gulam Satlar လို့ အသံဖလှယ်တယ်။ 'သခင်' ကို Saquem လို့ အသံဖလှယ်တယ်"

"သြော်...ဟုတ်ကဲ့ပါ"

"ဒီတော့ ဘယ်လိုကောက်ချက်ချနိုင်သလဲဆိုရင် မြန်မာစာလုံး 'စ' ကို 'Ch' လို့ အသံထွက်တယ်။ မြန်မာစာလုံး 'သ' ကို 'S' လို့ အသံထွက်တယ်လို့ ကောက်ချက်ချနိုင်တာပေါ့"

"ဟုတ်ကဲ့"

"ဆရာကြီး ဦးဖေမောင်တင်က ပြောပါတယ်။ ကိုယ့်ဘာသာစကားမဟုတ်တဲ့ နိုင်ငံခြားဘာသာစကားရဲ့ အသံတစ်သံကို တိတိကျကျဖော်ပြဖို့ ခက်တာအမှန်ပါပဲတဲ့။ ပြီးတော့ ဒီအသံထွက်တွေဟာ အသံကို တိတိကျကျ မှတ်တမ်းတင်တဲ့ သဒ္ဒဗေဒ (Phonetics) အထောက်အထားမဟုတ်တဲ့အတွက် အဲဒီလိုအသံထွက်လိမ့်မယ်လို့ အခိုင်အမာ မဆုံးဖြတ်နိုင်ပါဘူး–တဲ့။ အဲဒီအသံဖလှယ်တဲ့ ပေါ်တူဂီက နားမကောင်းသူဖြစ်ချင် ဖြစ်နေမယ်။ ဒါမှမဟုတ် သူ့ကို အဲဒီအသံတွေ ထွက်ပြတဲ့ မြန်မာမိတ်ဆွေတွေက အသံထွက်မကွဲပြားတာ၊ စကားမပီတာတွေလည်း ဖြစ်နိုင်ပါတယ်တဲ့။ ပေါ်တူဂီဘာသာမှာ မရှိတဲ့အသံမျိုးဖြစ်နေရင်လည်း တိတိကျကျ အသံဖလှယ်ဖို့ ခက်မှာပါတဲ့။ ဆရာကြီးကဖြစ်နိုင်တဲ့ အားနည်းချက်တွေကို ထောင့်စေ့အောင် တွေးပြတာလေ"

"ဟုတ်တယ်နော်ဆရာ"

"ဒီတော့ ဒီအထောက်အထားနဲ့တင် မကျေနပ်သေးတာမို့ နောက်ထပ်အထောက်အထားတွေ ထပ်ပြတယ်။ အဲဒီနိုင်ငံကူးလက်မှတ်ထုတ်ပေးပြီး ၁၂ နှစ်အကြာ ၁၇၉၅ ခုနှစ်မှာပေါ့။ အဲဒီနှစ်မှာ ကာနယ်ဆိုင်း Col.Michail Symes ဆိုတဲ့ ပုဂ္ဂိုလ်က အင်းဝနေပြည်တော်ကို သံတမန်အဖြစ်လာတဲ့ သူ့အတွေ့အကြုံကို Account of an Embassy to the Kingdom of Ava ဆိုတဲ့ စာအုပ်တစ်အုပ်ရေးတယ်။ ဒီစာအုပ်ကို ပညာရှင်တွေ သိကြပါတယ်။ အဲဒီစာအုပ်မှာ နာမည်တွေကို မှတ်တမ်းတင်ရာမှာ မြန်မာစကား 'စ' နဲ့ 'သ' အက္ခရာတွေကို အင်္ဂလိပ်အက္ခရာနဲ့ အသံဖလှယ်ထားတာတွေပါတယ်။ စစ်ကဲကို Chekey၊ စစ်ကိုင်းကို Chagaing၊ စော်ဘွားကို Chobwa၊ ပုဆိုးကို Putchoo လို့ ဖလှယ်တာတွေ့ရတယ်။ ဒီတော့ မိုက်ကယ်ဆိုင်းကလည်း စ ကို Ch လို့ ကြားကြောင်း သိရတာပေါ့"

"ဟုတ်ကဲ့ပါ"

"စစ်ကဲကို ပေါ်တူဂီလူမျိုးရော၊ မိုက်ကယ်ဆိုင်းရော ch နဲ့ အသံဖလှယ်တာ ထင်ထင်ရှားရှားပဲလေ"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလိုပဲ 'သ' ကို ဖလှယ်ရာမှာတော့ ကသဲကို Cassay၊ သံလွင်ကို Salo-en၊ သီရိကို Seree ဆိုပြီး S နဲ့ ဖလှယ်တာတွေ့ရတယ်။ ဆရာကြီး ဦးဖေမောင်တင်က ကာနယ်ဆိုင်းကို အင်္ဂလိပ်တစ်ယောက်က 'သ' သံနဲ့ 'စ' သံများစရာအကြောင်းမရှိဘူး။ 'သ' လို့ကြားရင် th လို့ ရေးဖို့ သာရှိတယ်။ 'စ' လို့ကြားလို့သာ S နဲ့ ရေးတာဖြစ်တယ်လို့ သုံးသပ်ပြထားတယ်။ ပြီးတော့ ကာနယ်ဆိုင်းရဲ့ စာအုပ်နိဒါန်းမှာ မြန်မာစကားလုံးတွေကို သူကြားတဲ့အသံအတိုင်းရေးဖို့ အားထုတ်ထားကြောင်း ဖော်ပြထားတာမို့ သံသယဖြစ်စရာမရှိဘူးလို့ ကောက်ချက်ချထားတယ်"

"တော်တော်ခိုင်လုံနေတာပေါ့နော် ဆရာ"

"နောက်တစ်ခါ ၁၇၈၃ ခုနှစ်က ၁၈၀၈ ခုနှစ် အထိ မြန်မာနိုင်ငံမှာ ၂၅ နှစ်နေခဲ့တဲ့ ဘုန်းတော်ကြီး ဆင်ဂါမနော Father Sengerma no ရေးတဲ့ History of Burmese Empire စာအုပ်မှာ 'သွားသည်' ကို 'Suzı Si'၊သပိတ်ကို szbeit၊ သိမ်ကို sein၊ သုံးကို son လို့ အသံဖလှယ်ထားတယ်။ 'သ'က s သံ ထွက်တယ်ဆိုတာ သေချာတာပေါ့။ စိတ်ဝင်စားစရာတစ်ခုက 'စ' ရဲ့ အသံထွက်ကို ရှေ့မှာလို ch လို့ မပြဘဲ ts လို့ ပြထားတယ်တဲ့။ ဒါက ဘာကို ပြသလဲဆိုရင် ကျကနေ စကို ပြောင်းခါနီးစပ်ကူးမပ်ကူး အသံထွက်တာကို ပြတယ်–တဲ့။ အဲဒီခေတ်က မြန်မာတွေ အဲဒီလို အသံထွက်တဲ့အတိုင်း နာမည်တွေကို ရေးတာဖြစ်ကြောင်း ဆရာကြီး ဦးဖေမောင်တင်က ကောက်ချက်ချတယ်"

"ဟုတ်ကဲ့"

"မင်းတို့ နားရှုပ်သွားမှာစိုးလို့ သာဓကတွေ အများကြီးမပြတော့ဘူး။ နောက်မှ အေးအေးဆေးဆေး လေ့လာကြည့်ကြပေါ့။ ၁၈၂၇ ခုနှစ်မှာ စနော့ဂရပ် Snodgrass နဲ့ အခြားပုဂ္ဂိုလ်တစ်ဦး ပေးတဲ့ Narrative of the Burmese war ဆိုတဲ့ မှတ်တမ်းနဲ့ Two Years in Ava ဆိုတဲ့ မှတ်တမ်းတွေမှာလည်း အဲဒီအထောက်အထားတွေ တွေ့ရတယ်။ သံလွင်ကို Saloen လို့ ရှေ့ပိုင်းမှာ အသံ ဖလှယ်သလို Thalueyn လို့လည်း နောက်ပိုင်းမှာ အသံဖလှယ်တယ်။ ဒါဘာပြ သလဲဆိုတော့ 'သ' ကို မူလက s လို့ အသံထွက်ရာက တဖြည်းဖြည်း အသံ ပြောင်းလာပြီး နောက်ပိုင်းမှာ ခုအသံထွက်သလို th လို့ အသံထွက်လာပြီဆိုတာကို တွေ့ရတာပဲ"

"ဟုတ်ကဲ့ပါ"

"ရှေ့မှာ 'ပုဆိုး' ကို putchoo လို့ 'ဆ' ကို ch နဲ့ အသံဖလှယ်ပေမယ့် နောက်ပိုင်းကျတော့ pussoh လို့ 'ဆ' ကို s နဲ့ အသံဖလှယ်တာတွေ့ရတယ်။ ဒါက ဘာကိုပြသလဲဆိုရင် 'ဆ' ကို မူလက ch လို့ အသံထွက်ပြီး နောက်ပိုင်းကျတော့ ခုခေတ် အသံထွက်သလို s လို့ အသံထွက်တယ်ဆိုတာ တွေ့ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီသာဓကတွေကို ကြည့်ပြီး အသံပြောင်းပုံတစ်ခုကို တွေ့နိုင်သေးတယ်။ အဲဒါက ဘာလဲဆိုတော့ လျှာလိပ်သံနဲ့ ထွက်တဲ့ 'ရ' ကနေပြီး အခု ထွက်တဲ့ 'ယ' ကိုပြောင်းတဲ့သာဓကပဲ"

"ဆရာ ရခိုင်ဒေသမှာ အခုအထိ ရကို လျှာလိပ်သံနဲ့ ထွက်ပါတယ်"

"ဟုတ်ပါတယ်။ 'ရေ' ကို 'ရီ' လို့ လျှာလိပ်သံနဲ့ ထွက်တာမျိုးပေါ့။ ဒီအသံက ရှေးကျတဲ့ လက္ခဏာပေါ့။ ရခိုင်တိုင်းရင်းသားတွေက ရှေးကျတဲ့ အသံတွေ၊ အသုံးအနှုန်းတွေ ထိန်းသိမ်းထားတဲ့ သာဓကပဲလေ"

"ဟုတ်ကဲ့ပါ"

"ခုနပြခဲ့တဲ့ သာဓကတွေကို ကြည့်ရင် 'ဘုရား' ကို 'Hparah' လို့ လျှာလိပ်သံနဲ့ ဖလှယ်တယ်။ အဲဒီလိုပဲ ရွာကို ruz ၊ ရုံးကို Rhoom၊ တရားကို tara ၊ စာရေးကို Chere ၊ သီရိကို seree၊ ရမည်းသင်းကို Rameethaym ဆိုပြီး ရကို လျှာလိပ်သံနဲ့ ဖလှယ်တာတွေ တွေ့ရတယ်။ နောက်ပိုင်းကျတော့ ' ယ' သံပြောင်းသွားတာပေါ့"

"မှတ်သားစရာတွေ အများကြီးပါပဲ ဆရာ"

"ဆရာကြီး ဦးဖေမောင်တင်က အဲဒီသာဓကတွေကို အထောက်အထားပြုပြီး အဲဒီလိုအသံ ပြောင်းတဲ့ကာလဟာ ၁၈ ရာစုမှာဖြစ်ကြောင်း ဖော်ပြတယ်။ မြန်မာစကားသမိုင်းလေ့လာရာမှာ အရေးကြီးတဲ့ အထောက်အထားတစ်ခုပေါ့ကွယ်။ တန်ဖိုးကြီးပါတယ်။ မြန်မာဘာသာစကားကို စနစ်တကျလေ့လာနေကြတဲ့ ပြည်ပပညာရှင်တွေက ဆရာကြီး ဦးဖေမောင်တင်ရဲ့ အဲဒီစာတမ်းကို လေးလေးစားစား အကိုးအကားပြုပြီး မြန်မာစကားသံပြောင်းလဲပုံကို ဖော်ညွှန်းကြတယ်"

"ဟုတ်ကဲ့"

"ကဲ... ဒီတော့ မြန်မာစကားသမိုင်းအတွက် စကားသံပိုင်းကို ဆွေးနွေးလာတာ ခုလောက်ဆိုရင် တော်တော်ကလေး ရေလည်လောက်ပါပြီ။ စကားလုံးတွေ၊ ဝါကျတွေ၊ အနက်အဓိပ္ပာယ်တွေလည်း တစ်ခေတ်ကနေတစ်ခေတ် ဘယ်လိုပြောင်းလဲတယ်ဆိုတာ စာအရေးအသားကို အထောက်အထားပြုပြီး ဆက်လေ့လာနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့။ လေ့လာဖို့ လမ်းစကို ဆရာညွှန်ပြလို့ ရပါပြီဆရာ။ အများကြီးကျေးဇူးတင်ပါတယ်"

> **"ခုနပြခဲ့တဲ့ သာဓကတွေကို ကြည့်ရင် 'ဘုရား' ကို 'Hparah' လို့ လျှာလိပ်သံနဲ့ ဖလှယ်တယ်။ အဲဒီလိုပဲ ရွာကို ruz ၊ ရုံးကို Rhoom၊ တရားကို tara ၊ စာရေးကို Chere ၊ သီရိကို seree၊ ရမည်းသင်းကို Rameethaym ဆိုပြီး ရကို လျှာလိပ်သံနဲ့ ဖလှယ်တာတွေ တွေ့ရတယ်။ နောက်ပိုင်းကျတော့ ယသံပြောင်းသွားတာပေါ့"**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၉၁၀ | ကျပ် | ၈၉၅/၉၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၂၀ | ကျပ် | ၉၁၀/၉၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၁၅ | ကျပ် | ၈၃၀/၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၂၀ | ကျပ် | ၉၅၀/၉၆၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၄ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၄ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၇၄ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၂၄ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၃ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၅၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၇ . ၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ . ၀၆၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၁၉၆၃ | ၂၁၉၇၄၅၀၀ |
| MTSH | ၄၀၀၀ | ၄၀၀၀ | ၈၆၂၅ | ၃၄၅၀၀၀၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၁ | ၉၂၄၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၄၅ | ၁၀၃၅၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၅၃၃ | ၁၅၁၉၀၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
စာတည်းမှူး – စိုးစိုးနိုင်
သတင်းထောက်ချုပ် – မြင့်ဆွေ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# "ရုပ်ကွက်ကြီး(၅)" ရုပ်/သံ ဇာတ်လမ်းတွဲကို နှစ်လတာ အချိန်ယူ ရိုက်ကူးသွားမည်




ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်မည့် ဟာသဇာတ်လမ်းတွဲဖြစ်သော ရုပ်ကွက်ကြီး(၅) ရုပ်/သံ ဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် နှစ်လကြာ အချိန်ယူ၍ ရိုက်ကူးသွားမည်ဖြစ်ပြီး အပိုင်း ၂၀ ပါဝင်မည့် ဟာသဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီဇာတ်လမ်းတွဲကို ရုပ်ကွက်ထဲမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာလေးတွေအပေါ် ဟာသပုံစံလေး နှောပြီးတော့ ရိုက်ကူးသွားမှာပါ။ ပရိသတ်တွေအတွက် ပျော်စရာ ဟာသဇာတ်လမ်းတွဲအဖြစ် ဖန်တီးပေးမှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲက စတင်ရိုက်ကူးနေပါပြီ။ ကန်တော့ပွဲကို အခုမှပေးဖြစ်တာပါ။ အချိတ်အဆက်မိမိနဲ့ ပျော်ရွှင်စရာကောင်းအောင် ဇာတ်လမ်းပိုင်းကို အကောင်းဆုံး ရေးထားတာလည်းဖြစ်ပါတယ်"ဟု အဆိုပါဇာတ်လမ်းတွဲအတွက် ကန်တော့ပွဲပေးသည့်အခမ်းအနားတွင် ဒါရိုက်တာစိုးမိုးမင်းက ပြောသည်။

အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်ထားသည့် သရုပ်ဆောင် နန်းခင်ဇေယျာက "ဒီ ရုပ်ကွက်ကြီး(၅)က နန်းခင်အတွက် ပထမဦးဆုံး ဇာတ်လမ်းတွဲ ရိုက်ဖူးတာပါ။ ဇာတ်လမ်းက တကယ်ပျော်ဖို့ ကောင်းတယ်၊ ဒီဇာတ်လမ်းတွဲမှာ နန်းခင်က ငြိမ်းဆိုတဲ့ မိန်းကလေးနေရာက သရုပ်ဆောင်ရမယ်၊ ရုပ်ကွက်ထဲမှာ အရင်က ချမ်းသာခဲ့ပြီးတဲ့နောက် အခုအခြေပျက်ပြီး ဆင်းရဲနေပေမယ့် ချမ်းသာတုန်းကဂုဏ်ကို မက်နေတဲ့ ကာရိုက်တာနေရာက သရုပ်ဆောင်ရမှာပါ"ဟု ပြောသည်။

အဆိုပါ ရုပ်/သံဇာတ်လမ်းတွဲသည် နတ်စောင်း(ကျိုက်ထို)၏ ဇာတ်လမ်းကို ဒီဒီထက်အောင် ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ စိုးမိုးမင်းက ရိုက်ကူးကာ သရုပ်ဆောင်များအဖြစ် နေဒွေး၊ နေဆန်း၊ အေးချမ်းမောင်၊ ဇေထူး၊ မင်းခန့်ကို၊ အုပ်သာကျော်၊ နန်းခင်ဇေယျာ၊ ဖွန်သံစဉ်၊ လီလီကျော်ခိုင်၊ ခိုင်သဇင်ဦး၊ ပန်းသော်တာနှင့် ရွှေရူပါဦး စသည့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

**ကိုလင်း**

## M- Pop သီချင်းပြိုင်ပွဲ၏ နောက်ဆုံး ဆန်ခါတင်ပြိုင်ပွဲဝင် ၂၇ ဦး ထွက်ပေါ်လာ

မြန်မာလူငယ်များ၏ အနုပညာနှင့်ပတ်သက်သည့် ကိုယ်ပိုင်အတွေးအခေါ်နှင့် လုပ်ဆောင်နိုင်စွမ်းကို ကမ္ဘာကသိရှိစေရန် ရည်ရွယ် ကျင်းပလျက်ရှိသည့် M– Pop Music Challenge TV Show သီချင်းဆိုပြိုင်ပွဲ အစီအစဉ်မှ ဆန်ကာတင်ပြိုင်ပွဲဝင် ၂၇ ဦး ထွက်ပေါ်လာပြီဖြစ်ရာ ၎င်းတို့အား မီဒီယာများနှင့် မိတ်ဆက်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲဝင် ၂၇ ဦးအနေဖြင့် သုံးဦးလျှင် တစ်ဖွဲ့ဖြင့် အဖွဲ့ကိုးဖွဲ့ဖွဲ့၍ ယှဉ်ပြိုင်ရမည်ဖြစ်ကာ အဖွဲ့လိုက်ယှဉ်ပြိုင်မှုကို မကြာမီဆက်လက်ကျင်းပသွားမည်ဟု သိရပြီး Crush Group၊ Revolution x၊ Omega၊ Unique၊ Three Mad Man၊ 3AM၊ ON3၊ Spectrum နှင့် G–Serene စသည့် အဖွဲ့ကိုးဖွဲ့က ထပ်မံသီဆိုယှဉ်ပြိုင်မည်ဖြစ်သည်။

"ဖိုင်နယ်အဆင့်ကိုတော့ အုပ်စုလိုက်တွေ ယှဉ်ပြိုင်ရမယ်၊ ဒီကြားထဲမှာတော့ External Challenge ဆိုတာရှိမယ်၊ အဲဒီမှာတော့ ပြင်ပကနေ တစ်ဦးချင်းသော်လည်းကောင်း၊ သုံးယောက်တစ်ဖွဲ့နဲ့သော်လည်း ကျွန်တော်တို့ရွေးချယ်ထားတဲ့ ပြိုင်ပွဲဝင်တွေကို လာရောက်ပြီး စိန်ခေါ်ယှဉ်ပြိုင်လို့ရပါတယ်။ အဲဒါတွေပြီးရင်တော့ အဆင့်လိုက် ဖိုင်နယ်အထိ၊ နောက်ဆုံးနှစ်ဖွဲ့ပဲကျန်တဲ့အထိ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ပရိသတ်တွေရဲ့ မဲပေးပိုင်ခွင့်ကိုတော့ ၅၀ ရာခိုင်နှုန်း သတ်မှတ်ထားပါတယ်၊ နောက်ပြီး ဒိုင်တွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကလည်း ၅၀ ရာခိုင်နှုန်း ပေးထားတယ်၊ တကယ်ကို အချိုးညီညီနဲ့ မျှမျှတတဖြစ်သွားအောင် တကယ်ကို နိုင်သင့်နိုင်ထိုက်တဲ့သူ နိုင်အောင် လုပ်ထားပါတယ်"ဟု M–Pop Music Challenge TV Show အစီအစဉ်ကို တည်ထောင်သူ ကိုရဲက ပြောသည်။

ရွေးချယ်ထားပြီးသော ဆန်ခါတင်ပြိုင်ပွဲဝင်အဖွဲ့ ကိုးဖွဲ့(ပြိုင်ပွဲဝင် ၂၇ ဦး)၏ ဖိုင်နယ်ပွဲစဉ်အထိ ဆက်လက်ယှဉ်ပြိုင်မှုများကို Channel K ရုပ်သံလိုင်းမှ ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ ပါဝင်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်များအနက် Winner ဆုရရှိသည့် ပြိုင်ပွဲဝင်အဖွဲ့သည် ဆုငွေ ကျပ်သိန်း ၃၀၀ နှင့်အတူ Mini Album ထုတ်ဝေခွင့်ကိုလည်း ရရှိမည်ဖြစ်ကာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လေ့လာရေးခရီးစဉ်များ စေလွှတ်ရန်နှင့် သင်တန်းများ ပို့ချပေးသွားရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။ **ကိုလင်း**




# "မြန်မာပေါကားတွေ ရုပ်" ရုပ်ရှင်ဇာတ်ကားမှ အနုပညာရှင်တို့၏ စကားသံများ

ဒါရိုက်တာ မိုက်တီးက ရိုက်ကူးပုံဖော်ထားပြီး သရုပ်ဆောင် ကျော်သူ၊ လူမင်း၊ ပြေတီဦး၊ နေမျိုးအောင်၊ ခိုင်သင်းကြည်၊ အိန္ဒြာကျော်ဇင်၊ ဇာဂနာ၊ ရောဲ၊ ကျော်ထူး၊ အရိုင်း၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ ဒါရိုက်တာ ပန်းချီစိုးမိုး၊ ဒါရိုက်တာ ကျော်ဇောလင်း၊ မျိုးသန္တာထွန်း၊ စုလှိုင်နှင်း၊ မိုးပြည့်ပြည့်မောင်၊ ခိုင်နှင်းဝေ၊ ဆုပန်ထွာ၊ နဒီဝင့်နိုင်၊ ထက်ထက်ဝေနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည့် "မြန်မာပေါကားတွေရုပ်" ရုပ်ရှင်ကားကြီးကို ဇန်နဝါရီ ၃၀ ရက်မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသနေပြီဖြစ်သည်။

အဆိုပါဇာတ်ကားနှင့်ပတ်သက်၍ ဒါရိုက်တာနှင့် ပါဝင်ကြသည့် သရုပ်ဆောင်များ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

### ဒါရိုက်တာ မိုက်တီး

ဇာတ်ကားနာမည်အတိုင်း ရုပ်ရှင်အကြောင်းလေး ရိုက်ထားတာပါ။ ဇာတ်ကားနာမည် "မြန်မာပေါကားတွေရုပ်" ဆိုတာကလည်း ဖေ့စ်ဘုတ်ပေါ်မှာ မြန်မာရုပ်ရှင်တွေကို ပြောနေကြတာပဲလေ၊ လူတွေသိပြီးသား ကြော်ငြာစရာမလိုတော့တဲ့ လူတွေအလွတ်ရပြီးသားမို့ ဒီနာမည်လေး ပေးဖြစ်တာပါ။ ဒီဇာတ်ကားမှာ ပါဝင်တဲ့ လူရွှင်တော်သုံးယောက်ရဲ့ ကာရိုက်တာက ကိုယ့်အမှားကို ကိုယ်မသိကြတဲ့ သူတွေပေ့ါ။ ဒီလိုလူတွေ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက် ပေါင်းလို့ရှိရင် ဘယ်လောက်အုပ်စုဖြစ်သွားမလဲ၊ အဲဒီအပေါ်မှာ မြှောက်ပေးတဲ့သူရှိလာရင် ဘယ်လောက်အထိ ပေါက်ကွဲသွားနိုင်မလဲ၊ ရုပ်ရှင်လောကကြီး ပေါက်ကွဲသွားတာမျိုး ဖြစ်နိုင်မလားဆိုတာ စဉ်းစားပြီးတော့ အဲဒီဇာတ်ကွက်အပေါ်မှာ သဘာဝအတိုင်းဖြစ်မယ့် ပြောစရာတွေ စကားတွေကို ရေးလိုက်ရာက ဒီဇာတ်ကား ဖြစ်လာတာပါ။

### လူမင်း

ဒီကားက ပြောမယ်ဆိုရင် တကယ့်အမှတ်တရ ရုပ်ရှင်ကားပါ။ ဒီလိုကားမျိုး နှစ်ကားမရှိနိုင်ပါဘူး၊ ဒီလိုကားမျိုး ရိုက်နိုင်ဖို့ဆိုတာ ကျွန်တော်တို့ ရုပ်ရှင်လောကမှာ ဝါသနာရော၊ ပတ်သက်ဆက်နွှယ်မှုရော၊ မိတ်ဆွေဝင်ဆံ့မှုရော၊ အားလုံးရဲ့ချစ်ခင်လေးစားခံရမှုရော ဒါတွေအားလုံးပါလို့သာ ဒီလိုကားမျိုး ရိုက်လို့ရတာပါ။ ကိုယ်တိုင်ဆိုရင်တောင် ဒီလိုကားမျိုး ရိုက်နိုင်ဖို့မလွယ်ပါဘူး၊ အားလုံးက သံယောဇဉ်စီးမျောမှုတွေနဲ့ ဝိုင်းဝန်းပါဝင်ကြတာဆိုတော့ ရုပ်ရှင်အနှစ်သာရအပြင် အများကြီး လေးနက်ကျယ်ပြန့်ပါတယ်၊ ကိုယ့်အမျိုးသမီးဆိုလည်း သရုပ်ဆောင်အဖြစ် ဘယ်တုန်းကမှ မပါဖူးပါဘူး၊ မလင်းတို့၊ ချစ်ချစ်တို့(လင်းဇာနည်ဇော်နှင့် ချစ်ချစ်ဇော်)နဲ့ ညီအစ်မတွေလို ဖြစ်နေတာမို့ မိသားစုလိုက် ပါဝင်ဖြစ်သွားတာပါ။

### ပြေတီဦး

ဒီကားက ဟာသရသကိုလည်း ပေးပါတယ်။ အပြင်လောကမှာ ဖြစ်လေ့ဖြစ်ထ သဘောသဘာဝကို ထင်ဟပ်စေတဲ့အကြောင်းလေးလည်း ပါပါတယ်။ ရသနှစ်မျိုး ခံစားရစေပြီ အမောအပန်းပြေစေမယ်လို့လည်း ထင်ပါတယ်။ ကိုမိုက်ရဲ့ကားတွေက ပုံမှန်ဟာသဆိုတာထက် အပြင်လောကမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အခြေခံအကြောင်းအရာပေါ်မှာ Satire သဘောမျိုး ရိုက်ထားတာဆိုတော့ ကြည့်ရှုစရာ၊ မှတ်သားစရာလေးတွေလည်း ပါပါတယ်။ အစ်ကိုက အဲဒီလိုဟာသမျိုးတွေကို ကြိုက်တယ်။ ပရိသတ်အကြိုက်နဲ့လည်း ထပ်တူကျလိမ့်မယ်လို့ ထင်ပါတယ်။ ရိုက်နေရင်းနဲ့ အနုပညာ မောင်နှမတွေ စုံစုံလင်လင် တွေ့ရတယ်ဆိုတော့ ပျော်စရာလည်း ကောင်းပါတယ်။ ဇာတ်လမ်းနာမည်ကတော့ မြန်မာ ပေါကားတွေ–ရုပ် ဆိုတဲ့ ခေါင်းစဉ်တူတဲ့အကြောင်းအရာတွေလည်းပါလို့ ဒီခေါင်းစဉ်ယူပြီး ပေးလိုက်တယ် ထင်ပါတယ်။

### အရိုင်း

ကျွန်တော်တို့ ရုပ်ရှင်လောကမှာ အပြစ်တစ်ခု၊ ပြဿနာတစ်ခု ဖြစ်ပြီဆိုရင် ပုံမှန်အတိုင်း စဉ်းစားတွေးခေါ်ပြီး မဖြေရှင်းကြဘဲနဲ့ကိုယ့်ရဲ့ဉာဏ်လေး တစ်ထွာတစ်မိုက်လောက်နဲ့ ဖြေရှင်းပြီးတော့ ငါလုပ်တာ ငါပြောတာ ဟုတ်ပြီဆိုတဲ့ အထင်တစ်လုံးနဲ့ ထင်ရာလျှောက်လုပ်တတ်တဲ့ လူသုံးယောက်နေရာက ကျွန်တော်တို့ သူငယ်ချင်း သုံးယောက်က သရုပ်ဆောင်ရတာပါ။ ဖြစ်လာတဲ့ပြဿနာအကုန်လုံးကို ဘုမသိ၊ ဘမသိ ဘာမှစဉ်းစားတွေးခေါ်တာမရှိ၊ မြော်မြင်မှုမရှိဘဲ လူကြီးတွေပြောတာလည်း နားမထောင်၊ ကိုယ်ထင်တာကို ကိုယ်လုပ်ကြရင်း နောက်ဆုံးမှာ မှားကြတယ်ပေ့ါ။ ဒီလောကမှာ ဒီလို အခက်အခဲတွေမျိုးစုံနဲ့ တာဝန်ရှိတဲ့ ဖြေရှင်းပေးတဲ့ လူကြီးတွေ ရှိနေချိန်မှာ မစောင့်နိုင်၊ မမြိုသိပ်နိုင်ဘဲ ကိုယ်လိုချင်တာကို ပြောကြတယ်။ အဲဒီလိုလူတွေရဲ့ သဘာဝစရိုက်တွေကို သရုပ်ဆောင်ပေးရတာပါ။ လူတွေရဲ့ အပြင်မှာရှိနေတတ်တဲ့ သဘောသဘာဝကို ပြန်သရုပ်ဆောင်ထားတာပါ။

ဟာသချည်းပဲ မဟုတ်ဘူး။ သရော်တဲ့ကားဆိုရင် ပိုမှန်မယ်။ လူမှုကွန်ရက်တွေမှာ မြန်မာပေါကားတွေရုပ်ဆိုပြီး ပြောကြတဲ့လူတွေရှိခဲ့တယ်။ ကျွန်တော်တို့ အနုပညာလောကအပြင် တခြားလောကတွေ အများကြီး ရှိပါတယ်။ အဲဒီလောကအသီးသီးမှာ သူတို့အခက်အခဲနဲ့သူတို့ ရှိကြတယ်။ ဒါတွေကို မြန်မာနိုင်ငံမှာရှိတဲ့ လူတချို့က နားမလည်ကြဘူး။ ငါတို့လိုပဲ သူတို့လည်း သူတို့အခက်အခဲနဲ့သူတို့ ရှိကြမှာပဲဆိုပြီး စာနာနားလည်ပေးတတ်ရင် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်မလာဘူးဆိုတာကို သရုပ်ဖော်ထားတာပါ။ စာနာနားလည်ပေးနိုင်တဲ့ စိတ်လေးတွေ ရသွားနိုင်ပါတယ်။ ဒီဇာတ်ကားက ဟာသကားဆိုတာထက် သရော်ထားတာလေး ရိုက်ပြတာဖြစ်ပါတယ်။ အများကြီး ခွက်ထိုးခွက်လန်ရယ်ရတဲ့ကားမျိုး မဟုတ်ပါဘူး။ ဟာသအမျိုးအစား အများကြီးထဲမှာမှ သရော်တဲ့ အမူအရာလုပ်ပြရတာက ရိုက်ပြတဲ့သူတွေအဖို့လည်း ခက်ခဲသလို ပရိသတ်က နားမလည်ရင်လည်း အလကားဖြစ်သွားနိုင်ပါတယ်။

### ကျော်ထူး

ကိုမိုက်နဲ့ ဟိုအရင်တုန်းကတည်းက ကားတွေ အများကြီးရိုက်ခဲ့တယ်၊ ဒါပေမယ့် ဒီကားမှာ ပိုပြီးထူးခြားသွားတာက သူ့ရဲ့ညီမတွေဖြစ်တဲ့ ချစ်ချစ်နဲ့ လင်းလင်းတို့က ပရိုဂျူဆာလုပ်မယ်၊ ပံ့ပိုးကူညီပါဦး၊ ရုပ်တည်ပေးပါဦးဆိုတာနဲ့ ကိုမိုက်ကိုလည်း ယုံကြည်တာရယ်ကြောင့် ပါဝင်ဖြစ်တာပါ၊ ကိုမိုက်က တစ်ခုမဟုတ်တစ်ခု Massage လေးတွေ ပေးတတ်တာကြောင့်လည်း ပါပါတယ်။လူတိုင်းမှာ အမှားကိုယ်စီရှိကြတယ်။ ဒါပေမယ့် ကိုယ့်ရဲ့အမှားကို ကိုယ်မမြင်တတ်ဘူး။ ကိုယ်မှန်တယ်ပဲ ထင်နေတတ်ကြတယ်၊ အဲဒါလေးကို massage ပေးချင်တာပါ။ ဒီကားမှာ ရုပ်ရှင်လောကက အနုပညာရှင် အတော်များများ သုံးပုံ နှစ်ပုံလောက် ပါဝင်ထားကြတာမို့ ပရိသတ်တွေအနေနဲ့ တစ်စုတစ်ဝေးတည်း ကြည့်ကြရမှာပါ။




**ကိုလင်း**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မန္တလေး ဗဟိုအကျဉ်းထောင်၊ မိတ္ထီလာအကျဉ်းထောင်၊ ကုန်ထုတ်စခန်းများနှင့် ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေး



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင်များ မန္တလေးဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသားများနှင့် တွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးတင်အောင်၊ ဦးကျော်မြင့်၊ ဦးကျော်စိုးတို့ ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက်မှ ၃၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန လက်အောက်ရှိ မန္တလေးဗဟို အကျဉ်းထောင်၊ မိတ္ထီလာအကျဉ်းထောင်၊ ကုန်ထုတ်စခန်းများဖြစ်သော ၂၄ မိုင်၊ ထုံးဘို(မ)၊ ထုံးဘို(ကျား ၁၊ ၂)နှင့် ဘုရားငါးဆူတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း မိတ္ထီလာမြို့ရှိ ခရိုင်၊ မြို့နယ်တရားရုံးအချုပ်ခန်း၊ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီး အချုပ်ခန်း၊ မြို့မရဲစခန်း အချုပ်ခန်းနှင့် နယ်မြေရဲစခန်း အချုပ်ခန်းတို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ကော်မရှင်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်၊ အကျဉ်းစခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တစ်ဦးချင်းတွေ့ဆုံလိုသော အကျဉ်းသား၊ အကျဉ်းသူများနှင့် တွေ့ဆုံကာ လူ့အခွင့်အရေး ဖောက်ဖျက်မှုခံရခြင်း ရှိ မရှိ၊ အကျဉ်းထောင်အတွင်း အခြေခံလူ့အခွင့်အရေးများရရှိမှု ရှိ မရှိတို့နှင့် စပ်လျဉ်း၍ မေးမြန်းမှတ်တမ်းတင်ခဲ့ကြပြီး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သိရသည်။

သတင်းစဉ်

# ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့ မောင်တောမြို့နယ်ရှိ ကျေးရွာများ၌ မြေပြင်ကွင်းဆင်းသတင်းရယူ



ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့ မောင်တောမြို့နယ် ပဒင်းကျေးရွာဒေသခံများနှင့် တွေ့ဆုံသတင်းရယူစဉ်။

**မောင်တော ဇန်နဝါရီ ၃၁**

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်ရှိ ညောင်ချောင်းကျေးရွာနှင့် ပဒင်းကျေးရွာတို့သို့ သွားရောက်ပြီး ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာတွင်နေထိုင်သူများနှင့်တွေ့ဆုံကာ သိရှိလိုသည်များ မေးမြန်းသတင်းရယူခြင်း၊ ကျေးရွာအတွင်း လှည့်လည်သတင်းရယူခြင်း ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့တွင် Frontier Myanmar ၊ Black Night Media ၊ Al Jazeera English ၊ BBC ၊ RFA ၊ MRTV နှင့် MITV သတင်းဌာနတို့မှ သတင်းသမားများ ပါရှိပြီး သတင်းမီဒီယာအဖွဲ့များ မောင်တောဒေသသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ သွားရောက်သတင်းရယူမှုအနေဖြင့် ၃၅ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

ဟန်လင်းနိုင်(သတင်းစဉ်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း ဖုန်းလုယက်မှုကျူးလွန်သူနှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီလဒုတိယပတ်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်း ချစ်ပိုင်ဦးနှင့် သိန်းပိုင်တို့ကို တွေ့ရှိသဖြင့် ၎င်းတို့ထံမှ ဖုန်းတစ်လုံးနှင့်ပတ်သက်၍ စစ်မေးရာ ဇန်နဝါရီ ၁၂ ရက်က အမျိုးသမီးတစ်ဦးထံမှ လုယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိသူနှစ်ဦးကို အသေးစိတ်စစ်ဆေးရာ ၎င်းတို့သည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလများအတွင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက်၊ မောင်းမကန်လမ်းပေါ်တွင် အမျိုးသားသုံးဦးထံမှ ဖုန်းသုံးလုံး၊ ပုလဲလမ်းနှင့် နံ့သာမြိုင်လမ်းပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၅၃)ရပ်ကွက်အတွင်း အမျိုးသမီးနှစ်ဦးထံမှ ဖုန်းနှစ်လုံး၊ ဇေယျာမြိုင်လမ်းပေါ်တွင် အမျိုးသားတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၅၆)ရပ်ကွက် ပုဂံလမ်းပေါ်တွင် အမျိုးသမီးနှစ်ဦးထံမှ ဖုန်းနှစ်လုံး၊ (၇၁)ရပ်ကွက် မဏိစည်သူလမ်းပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၁၀၅)ရပ်ကွက်အတွင်း အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံးနှင့် ဂရုဏာလမ်းပေါ်တွင် အမျိုးသားတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၁၇)ရပ်ကွက် စက်မှုဇုန် (၆၂)ကားဂိတ်အနီးတွင် အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၂၁)ရပ်ကွက် ပညာရေးလမ်းပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၅၄)ရပ်ကွက်အတွင်း အမျိုးသားတစ်ဦးထံမှ ဖုန်းတစ်လုံးနှင့် ဇေယျာမြိုင်လမ်းပေါ်တွင် အမျိုးသားတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၂၄)ရပ်ကွက်အတွင်း အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၂၅)ရပ်ကွက် မြိတ်လမ်းပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၆၅)ရပ်ကွက် မင်းကွင်းဈေးအနီး လမ်းပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၁၀၆)ရပ်ကွက် ဂရုဏာလမ်းပေါ်တွင် အမျိုးသားတစ်ဦးထံ မှ ဖုန်းတစ်လုံး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၇)ရပ်ကွက် ရောဝဏ်လမ်းပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၁၆၈)ရပ်ကွက် ရိုးမရိပ်သာလမ်းပေါ်တွင် အမျိုးသားတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၅၈)ရပ်ကွက် ကွမ်အပ်မင်းသားကြီးလမ်းပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံးနှင့် အမျိုးသားတစ်ဦးထံမှ ဖုန်းတစ်လုံး၊ (၆၈)ရပ်ကွက်အတွင်း အမျိုးသမီးနှစ်ဦးထံမှ ဖုန်းနှစ်လုံး၊ (၆၉)ရပ်ကွက်အတွင်း အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံးနှင့်(၉၁)ရပ်ကွက် ပုဏ္ဏမီလမ်းပေါ်တွင် အမျိုးသားတစ်ဦးထံမှ ဖုန်းတစ်လုံး၊ စုစုပေါင်း ဖုန်း ၂၈ လုံး လုယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် ချစ်ပိုင်ဦးနှင့် သိန်းပိုင်တို့ကို ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# တရားမဝင် ဝင်ရောက်လာသူ ငါးဦးကို ပို့ဆောင်ခိုင်းသူများထံမှ တစ်သောင်းကျပ်တန်ငွေစက္ကူအတုများ သိမ်းဆည်းရမိ

**မင်းလှ ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် လက်ပံတံခါးကျေးရွာအနီးတွင် ဖမ်းဆီးရမိသော တရားမဝင် ဝင်ရောက်လာသူများအား ခိုးသွင်းပို့ဆောင်ခိုင်းခဲ့သူများထံမှ ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ သိမ်းဆည်းရမိထားကြောင်း မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ဖမ်းဆီးရမိသူများသည် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် နေထိုင်ကြသူများဖြစ်ပြီး မကွေးမြို့ မလိခတည်းခိုခန်း၌ တည်းခိုနေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ၊ တရားမဝင် ဝင်ရောက်လာသူများအား ပို့ဆောင်ခိုင်းသူ မျိုးမင်းမင်းထိုက်(ခ)နူအာလန်နှင့်ဇနီး နွယ်နီဇင်မြင့်တို့ထံမှ တစ်သောင်းကျပ်တန် ငွေစက္ကူအတု ၁၀၂ ရွက်ကို မကွေးခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးဇော်ထွန်းအောင်နှင့်အဖွဲ့က စစ်ဆေးတွေ့ရှိထားကြောင်း သိရသည်။

လှည့်ကင်းရဲတပ်ဖွဲ့များသည် ဇန်ဝါရီ ၂၉ရက်က ပုသိမ်-မုံရွာ ကားလမ်းပေါ်ရှိ ပရိဘောက်အငှားယာဉ်တစ်စီးကို မသင်္ကာ၍ စစ်ဆေးခဲ့ရာမှ တရားမဝင် ဝင်ရောက်လာသူများအား ခိုးဝင်နိုင်ရန် လမ်းပြသုံးဦးကို စတင်ဖမ်းမိခဲ့ပြီး လက်ပံတံခါးကျေးရွာအနီး၌ တရားမဝင် ဝင်ရောက်လာသူငါးဦးနှင့် လမ်းပြသုံးဦးကို ထပ်မံဖမ်းဆီးရခဲ့ကြောင်း မင်းလှမြို့ နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ဇေယျာတု(မကွေး)

# ရွှေကူ၊ မြဝတီ၊ မူဆယ်နှင့် မဘိမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



စိုးမင်း၊ ထွန်းထွန်းမင်းတို့အား သိမ်းဆည်း ရမိသည့် စိတ်ကြွ ရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းက ရွှေကူမြို့နယ် စီငန်းကျေးရွာ ဗန်းမော်-ကသာကားလမ်းတွင် ထွန်းထွန်းမင်းမောင်းနှင်ပြီး စိုးမင်း လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၃၈၀ နှင့် ဖုန်းသုံးလုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက်ပိုင်းက မြဝတီခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ် (၃)ရပ်ကွက် လဝွမ်းအိမ်လမ်းပေါ်တွင် ဆန်းအောင်(ခ)အဖိုးကြီးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၅ ပြားကို လည်းကောင်း။

ထို့အတူ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၆ နာရီက မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ငွေဆင်အိမ်ရာဝင်းအနီးလမ်းတွင် ရဲရင့်မိုး(ခ) ရွှေဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၈ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် မဘိမ်း-မိုးမိတ်သွားလမ်း မြစ်ဆုံ ကူးတို့ဆိပ်အနီးတွင် ရိုင်ရယ်ဆလွန်းခရောင်းအမျိုးအစား မော်တော်ယာဉ်မှာ ရှာဖွေရေးနေရာသို့ မရောက်မီ လမ်းဘေး၌ရပ်ပြီး ယာဉ်မောင်းမှာထွက် ပြေးတိမ်းရှောင်သွားသဖြင့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၈၃ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့ရုပ်မြင်သံကြား

၁-၂-၂၀၂၀ (စနေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၇:၁၅ – “သွေးချင်းတို့ပွဲတော်ဆီ” မှုခ်ဦးနှင့် တိုင်းရင်းသားရိုးရာ ပြခန်းများ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၁၄:၁၀ – တိုင်းရင်းသားတို့လူမှုဝန်းကျင်မျိုးစုံလင်အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) (ကယားတိုင်းရင်းသားတို့ရဲ့ ချစ်စရာ ရိုးရာအိမ်ကလေးများ)

**ညပိုင်း**

- ၁၆:၂၀ – ရုပ်ရှင်ရာပြည့် (Promo)
- ၁၇:၄၅ – “သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀)” ဖွင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ – “လပတ်မိုးလေဝသ အခြေအနေ”
- – ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ “ညို့” (ဘလိတ်၊ စောယုနန္ဒာ၊ ခိုင်သဇင်) (ဒါရိုက်တာ-သီတာလင်း) (Laurel Art Academy)

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၇၃၄ ဒသမ ၈၈၅ သန်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၂၂၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | နိုဝင်ဘာလ | | ဒီဇင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၁ | ၀.၄၀၀ | - | - |
| (ခ) | စက်မှုကဏ္ဍ | ၂၃ | ၇၄.၄၄၄ | ၃၀ | ၇၃.၄၇၁ |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၂ | ၅၀၃.၅၄၀ | ၁ | ၃၅.၀၃၅ |
| (ဃ) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၁၄၂.၄၁၈ | ၁ | ၂၃.၀၀၀ |
| | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | - | ၁ | ၀.၈၁၄ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၂ | ၆.၅၈၃ | - | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၇.၅၀၀ | - | ၄.၉၀၀* |
| စုစုပေါင်း | | ၃၀ | ၇၃၄.၈၈၅ | ၃၃ | ၁၃၇.၂၂၀ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့် ပမာဏများထည့်သွင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၆၁၉၀၁ ဒသမ ၅၈၀ သန်းနှင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၅၁၈ ဒသမ ၄၆၄ သန်း ခွင့်ပြုဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | နိုဝင်ဘာလ | | ဒီဇင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏကျပ်(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၆၈၄၃.၅၀၀* | - | - |
| (ခ) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၂ | ၂၄၈၉၃၄.၃၆၀ | - | - |
| (ဂ) | စက်မှုကဏ္ဍ | ၄ | ၁၀၃၀၀၅.၈၈၄* | ၂ | ၁၆၇၀၇.၁၆၀* |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၃ | ၁၆၆၈၁.၈၃၃* | - | - |
| (င) | ဆောက်လုပ်ရေးကဏ္ဍ | - | ၄၅၆၁၄.၁၈၇* | - | - |
| (စ) | သတ္တုတူးဖော်ရေးကဏ္ဍ | - | ၁၄၄၉၈.၀၀၀* | - | - |
| (ဆ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၃၃၀၀.၀၀၀ | - | - |
| (ဇ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၇၄၅၇.၇၈၅* | ၁ | ၁၉၂၂.၈၀၄ |
| (ဈ) | လယ်ယာကဏ္ဍ | - | - | ၁ | ၈၈၈.၅၀၀ |
| (ည) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၁၅၅၆၆.၀၃၁ | - | - |
| စုစုပေါင်း | | ၁၂ | ၄၆၁၉၀၁.၅၈၀ | ၄ | ၁၉၅၁၈.၄၆၄ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့်ပမာဏများထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | နိုဝင်ဘာလ | ဒီဇင်ဘာလ |
| (က) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၆၂ | - |
| (ခ) | စက်မှုကဏ္ဍ | ၂၁၆၆၉* | ၁၈၁၉၁* |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၃၉၀ | ၄၀ |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | ၁၅ |
| (င) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၃၄ |
| (စ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၁၇၆ | - |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၆၂ | - |
| စုစုပေါင်း | | ၂၂၃၅၉ | ၁၈၂၈၀ |

* လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်း အပါအဝင် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | နိုဝင်ဘာလ | ဒီဇင်ဘာလ |
| (က) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၃၃* | ၂၀ |
| (ခ) | သတ္တုတူးဖော်ရေးကဏ္ဍ | ၆၅၀* | - |
| (ဂ) | စက်မှုကဏ္ဍ | ၁၆၈၂* | ၂၁၇ |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၃၈၄ | - |
| (င) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၈၃၂ | - |
| (စ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၅၅ | - |
| (ဆ) | လယ်ယာကဏ္ဍ | - | ၅၁ |
| (ဇ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၁၀* | - |
| စုစုပေါင်း | | ၃၇၄၆ | ၂၈၈ |

* လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်း အပါအဝင် ဖြစ်ပါသည်။

# အစိုးရစက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ)မှ ဆရာအဆောင်နှင့် ကျောင်းသားအဆောင်များ ယခုနှစ်အတွင်း ပြီးစီးရန် တည်ဆောက်လျက်ရှိ

**ကန့်ဘလူ ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ) ကျောင်း၌ ဆရာ ဆရာမ အဆောင်(အိပ်ဆောင်)နှင့် ကျောင်းသား ကျောင်းသူများ အဆောင်(အိပ်ဆောင်)များကို တည်ဆောက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါအဆောင်များကို အဝေးမှ လာရောက်ပညာသင်ပေးမည့် ဆရာ ဆရာမများနှင့် ပညာသင်ယူကြမည့် ကျောင်းသား ကျောင်းသူများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် ၂၀၁၉ ခုနှစ် ဇူလိုင်လက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်နေသော အဆောင်များမှာ အလျား ၇၈ ပေ၊ အနံ ၉၄ ပေရှိ အာစီလေးထပ် လေးခန်းတွဲ ဆရာ ဆရာမအဆောင် တစ်ဆောင်နှင့် အလျား ၂၁၁ ပေ၊ အနံ ပေ ၇၀ ရှိ အာစီနှစ်ထပ် ကျောင်းသား ကျောင်းသူအဆောင် တစ်ဆောင်ဖြစ်ကြောင်း၊ ဆရာ ဆရာမ အဆောင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် ၄၂၁ သန်းဖြင့် သိဃ်ခနဆောက်လုပ်ရေး ကုမ္ပဏီက ဆောက်လုပ်ပြီး ကျောင်းသား ကျောင်းသူများ အဆောင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် ၄၀၄ သန်းဖြင့် ခန့် မြန်မာခွန်အားသစ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် သိဃ်ခန ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော ဆရာ ဆရာမများအဆောင်မှာ ၅၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီး ခန့်မြန်မာခွန်အားသစ် ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများအဆောင်မှာ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကာ မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့များကလည်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီရေးအတွက် ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ဆောက်လုပ်နေဆဲ ကျောင်းဆောင်အဆောက်အအုံ။

# လူသားကောင်းကျိုးအတွက် တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ

●ဒေါက်တာ နန်းဝင်းစိုး

**တိရစ္ဆာန်နှင့် မွေးမြူရေးဝန်ဆောင်မှုလုပ်ငန်းများသည် တိရစ္ဆာန်အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် ကျေးလက်လူမှုစီးပွားဘဝကို မြှင့်တင်ပေးခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ဆာလောင်မှုတို့အား လျှော့ချပေးခြင်းနှင့် စားနပ်ရိက္ခာထောက်ပံ့ပေးခြင်းတို့ကို ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့အပြင် အသစ်ပေါ်ပေါက်လျက်ရှိသော ကပ်ရောဂါ၊ ပဋိဇီဝဆေးယဉ်ပါးမှု၊ ဘေးမကင်းသော အစားအစာများ စသည့်အန္တရာယ်များကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည် သာမက လူသားများ၏ ကျန်းမာရေးလုံခြုံစိတ်ချရမှုကို ဖော်ဆောင်ပေးလျက်ရှိပါသည်။ ထိုသို့ တိရစ္ဆာန် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို စနစ်တကျမြှင့်တင်ပေးခြင်းသည် အနာဂတ် လူမှုစီးပွားဘဝသာယာလှပရေး ဆောင်ရွက်နေခြင်းပင် ဖြစ်ပါသည်။**

စားနပ်ရိက္ခာဖူလုံမှုသည် လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက် ဦးစားပေး လိုအပ်ချက်ဖြစ်ပြီး အာဟာရပြည့်မီရေးအတွက် အရည်အသွေးပြည့်မီသော အသား၊ ဥ၊ နို့များ ထုတ်လုပ်နိုင်ရေးနှင့် အစားအစာ ဘေးကင်းရေး လုပ်ငန်းများမှာလည်း အရေးကြီးလှပေသည်။ စိုက်ပျိုးရေးကို အခြေခံသော ကျေးလက်နေပြည်သူများအတွက် မွေးမြူရေးလုပ်ငန်းများသည် ဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်ရရှိရေးများကို ဖော်ဆောင်ပေးရုံမျှမက စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် သဘာဝမြေဩဇာ ထုတ်လုပ်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ထွန်ယက်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း စသည့် လုပ်ငန်းများအတွက် အရေးပါသောပံ့ပိုးမှုများ ပေးလျက်ရှိပေသည်။ ထို့အပြင် ကျေးလက်နေ ပြည်သူများ၏ အရေးပေါ်ကုန်ကျစရိတ်နှင့် အရန်ငွေကြေးများသည် မွေးမြူရေးလုပ်ငန်းများအဖြစ် တည်ရှိနေခြင်းမှာ ကျေးလက်လူမှုဘဝ တည်ငြိမ်အေးချမ်းရေးအတွက် အဓိကအချက်ဖြစ်နေပါသည်။ တောင်သူများနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများအတွက် အဓိကဆုံးရှုံးမှုများသည် တိရစ္ဆာန်ကပ်ရောဂါများမှ အစပြုနိုင်ကာ မွေးမြူရေးလုပ်ငန်းများ ဆုံးရှုံးလျော့ကျစေခြင်းသည် အာဟာရချို့တဲ့ခြင်း၊ မြို့ပြများသို့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းစသည့် ဆိုးကျိုးများဖြစ်ပေါ် စေနိုင်သကဲ့သို့ အခြားဆက်စပ်ပြဿနာများပါ ဖြစ်ပေါ်စေနိုင်ကြောင်းတွေ့ရှိရပါသည်။

> “ကူးစက်ရောဂါများ၏ ၇၅ ရာခိုင်နှုန်းသည် တိရစ္ဆာန်များမှ အစပြုခဲ့၍ လူသားများကို ရောဂါဖြစ်ပွားစေသည့် ရောဂါပိုးများ၏ ၆၀ ရာခိုင်နှုန်းမှာ တိရစ္ဆာန်မှ လူသို့ကူးစက်သည့် ရောဂါပိုးများဖြစ်ကြပါသည်။ ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကပ်ရောဂါအသွင်ဖြစ်ပေါ်နိုင်သည့် ရောဂါပိုး ခုနစ်မျိုးကို လူထု ကျန်းမာရေး အရေးပေါ်အခြေအနေ ဦးစားပေးစာရင်းအဖြစ် ထုတ်ပြန်ခဲ့သည်။ ထိုရောဂါပိုး ခုနစ်မျိုးသည် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သည့် ရောဂါပိုးများဖြစ်ကြပါသည်။ ထို့အပြင် မကြာမီ နှစ်များအတွင်း ဖော်ထုတ်တွေ့ရှိခဲ့သည့် အီဘိုလာ၊ SARS၊ MERS နှင့် ကြက်ငှက်တုပ်ကွေးရောဂါတို့မှာ တစ်ခုတည်းသော ကျန်းမာရေး၊ ဖော်ဆောင်ရေး ချဉ်းကပ်လှုပ်ရှားမှုများတွင် ဦးစားပေး သတိပြုခဲ့ ”

မကြာမီက ပေါ်ပေါက်လာသည့် ကူးစက်ရောဂါများ၏ ၇၅ ရာခိုင်နှုန်းသည် တိရစ္ဆာန်များမှ အစပြုခဲ့၍ လူသားများကို ရောဂါဖြစ်ပွားစေသည့် ရောဂါပိုးများ၏ ၆၀ ရာခိုင်နှုန်းမှာ တိရစ္ဆာန်မှ လူသို့ကူးစက်သည့် ရောဂါပိုးများဖြစ်ကြပါသည်။ ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကပ်ရောဂါအသွင် ဖြစ်ပေါ်နိုင်သည့် ရောဂါပိုးခုနစ်မျိုးကို လူထုကျန်းမာရေး အရေးပေါ်အခြေအနေ ဦးစားပေး စာရင်းအဖြစ် ထုတ်ပြန်ခဲ့သည်။ ထိုရောဂါပိုးခုနစ်မျိုးသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သည့် ရောဂါပိုးများဖြစ်ကြပါသည်။ ထို့အပြင် မကြာမီနှစ်များအတွင်း ဖော်ထုတ်တွေ့ရှိခဲ့သည့် အီဘိုလာ၊ SARS ၊ MERS နှင့် ကြက်ငှက်တုပ်ကွေးရောဂါတို့မှာ တစ်ခုတည်းသော ကျန်းမာရေး၊ ဖော်ဆောင်ရေး ချဉ်းကပ်လှုပ်ရှားမှုများတွင် ဦးစားပေး သတိပြုခဲ့ကြသည်။ တိရစ္ဆာန်မှ လူသို့ကူးစက်သည့်ရောဂါများဖြစ်လာခဲ့ပါသည်။ ထို့အပြင် သတိပြုဆောင်ရွက်ရန် မေ့လျော့ခဲ့ကြသည့် ခွေးရူးရောဂါ၊ တီဘီ အစရှိသည့် ရောဂါတို့သည်လည်း တိရစ္ဆာန်မှအစပြု၍ လူသားကျန်းမာရေးကို နှေ့စဉ်ထိပါးနိုင်သည့် ရောဂါများဖြစ်ကြောင်း သိရှိလာကြပြီ ဖြစ်ပါသည်။ ကျန်းမာရေး လုံခြုံစိတ်ချရမှုအတွက် **“ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုမိုထိရောက်”** သဖြင့် တိရစ္ဆာန်များတွင်ဖြစ်ပွားသည့် မူလရင်းမြစ်ကျန်းမာရေး အန္တရာယ်များကို ပစ်မှတ်ထားဦးစားပေးဆောင်ရွက်သင့်ကြောင်း တဖြည်းဖြည်း သဘောပေါက်နားလည်လာကြပြီ ဖြစ်ပါသည်။

သို့သော်လည်း နိုင်ငံများ၏ မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများသည် အခြားကဏ္ဍများနှင့် နှိုင်းယှဉ်လျှင် အဘက်ဘက်မှ အားနည်းလျက်ရှိပြီး စိုက်ပျိုးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုမျှသာ ရှိနေသည်မှာ အံ့အားသင့်စရာပင်ဖြစ်သည်။ မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများတွင် ဝန်ထမ်းအင်အား၊ ဘဏ္ဍာငွေအင်အားနည်းပါးခြင်းအားဖြင့် မွေးမြူရေးကဏ္ဍများတွင် ဆုံးရှုံးမှုများစွာဖြစ်ပေါ်စေခြင်း၊ ကပ်ရောဂါများကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှုမရှိခြင်းတို့ကြောင့် ဆုံးရှုံးနစ်နာမှုများ ကျန်းမာရေးခြိမ်းခြောက်မှုများ တိုးပွားလာစေပါသည်။ ထို့အပြင် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများသည် လုံခြုံစိတ်ချရသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ကုန်သွယ်မှုလုပ်ငန်းကို ဖော်ဆောင်သည့် အခြေခံဌာနများဖြစ်သည်။ နယ်စပ်ဖြတ်ကျော်ရောဂါများဖြစ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ (HPAI)၊ ခွာနာလျှာနာရောဂါ(FMD)၊ ဆိတ်ပလိပ်ရောဂါ (PPR)၊ အာဖရိကန် ဝက်အပြင်းဖျားရောဂါ (ASF)များ ဝင်ရောက်လာခြင်းသည် တိရစ္ဆာန် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အားနည်းနေခြင်းကို ဖော်ပြလျက်ရှိပေသည်။

ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့(OIE)သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)မှ ဆောင်ရွက်လျက်ရှိသည့် အပင်နှင့်တိရစ္ဆာန်ရောဂါကင်းရှင်းစွာ ကုန်သွယ်မှု သဘောတူညီချက် (SPS Agreement)တွင် လုံခြုံစိတ်ချရသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ကုန်သွယ်မှုစနစ် ပေါ်ပေါက်စေရေးအတွက် စံနှုန်းများ ချမှတ်ပေးလျက်ရှိပါသည်။ ထို့အပြင် ၎င်းအဖွဲ့ဝင် နိုင်ငံများရှိ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကို ခိုင်မာဖွံ့ဖြိုးစေရန် စိစစ်အကဲဖြတ်ရေးအဖွဲ့များ စေလွှတ်၍ ဝန်ဆောင်မှုလုပ်ငန်းများကို အကဲဖြတ်ပေးခြင်း၊ အားနည်းချက် အားသာချက်များရှာဖွေ၍ အကြံဉာဏ်များ ပေးအပ်ခြင်း၊ လိုအပ်ချက်ပေါ်မူတည်၍ အကူအညီများ၊ ပံ့ပိုးမှုများထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့၏ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာစွမ်းဆောင်မှု မြှင့်တင်ရေးလုပ်ငန်းစဉ် (Performance of Veterinary Services Pathway) သည် (၁) နိုင်ငံများတွင် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ စွမ်းဆောင်မှုအကဲဖြတ် ဆောင်ရွက်သည့်စနစ်အား မိတ်ဆက်ပေးခြင်း၊ (၂)အကဲဖြတ်အဖွဲ့များစေလွှတ်၍ စိစစ်အကဲဖြတ် အကြံဉာဏ်ပေးခြင်း၊ နိုင်ငံတွင်း အကဲဖြတ်သုံးသပ်မှုများ ပြုလုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ (၃)အကဲဖြတ်မှုများမှ ရှာဖွေတွေ့ရှိချက်များ အကြံပြုချက်များကို စိစစ်သုံးသပ်၍ ဗျူဟာမြောက်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်စေခြင်း၊ (၄) လိုအပ်ချက်အပေါ်မူတည်၍ ပံ့ပိုးထောက်ပံ့ခြင်း စသည်ဖြင့်လုပ်ငန်းများ ပါဝင်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အစီအစဉ်များ၊ ရည်မှန်းချက်များ၊ လုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ပါဝင်လှုပ်ရှားလျက်ရှိပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် နိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ တိုးတက်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ စွမ်းဆောင်မှုအကဲဖြတ်အဖွဲ့များအား ခြောက်ကြိမ်ခေါ်ယူခဲ့ပြီး ယင်းအကဲဖြတ်အဖွဲ့များ၏ တွေ့ရှိချက်များ၊ အကြံဉာဏ်ပေးချက်များအရ ဦးစားပေးလုပ်ငန်းများဖော်ထုတ်အကောင်အထည်ဖော်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ခြင်း၊ လုံခြုံစိတ်ချရသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ကုန်သွယ်မှု လုပ်ငန်းစနစ်ပေါ်ပေါက်စေရေး ဆောင်ရွက်ခြင်း စသည်ဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် တစ်ခုတည်းသော ကျန်းမာရေး(One Health)အတွက်လည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း အကဲဖြတ်အဖွဲ့များ၏ ရှာဖွေတွေ့ရှိချက်များ၊ အကြံဉာဏ်ပေးချက်များအရ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်စေရန် ဘဏ္ဍာရေး၊ လူအင်အား၊ ဥပဒေ၊ နည်းပညာ စသည်ဖြင့် အဘက်ဘက်မှ လိုအပ်ချက်များစွာရှိနေပြီး တာဝန်ရှိသူ (Stakeholders) အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

တိရစ္ဆာန် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများသည် ကမ္ဘာ့ကုလသမဂ္ဂမှချမှတ်ထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (SDG) ၁၇ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပြီး (No Poverty, Zero Hunger, Good Health and Well–being, Quality Education, Gender Equality, Decent Work and Economic Growth, Sustainable Cities and Communities, Peace Justice and Strong Institutions) စသောရည်မှန်းချက် (၈)ခုနှင့် သက်ဆိုင်နေကြောင်းတွေ့ရပါသည်။ ယင်း(၈)ချက်တွင် ပထမ ဦးစားပေး (၃) ချက်ဖြစ်သည့် ဆင်းရဲမှုကင်းစင်ရေး၊ ငတ်မွတ်ခေါင်းပါးမှုကင်းစင်ရေးနှင့် ကျန်းမာကောင်းမွန်စွာ နေထိုင်နိုင်ရေးဆိုသည့်အချက်များသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ စားနပ်ရိက္ခာ ဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး (Food Security, Food Safety and Sustainable Rural Development) ဆိုသည့် မူဝါဒများနှင့် တိုက်ရိုက်သက်ဆိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့၏ ဆောင်ပုဒ်ဖြစ်သော **တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်လို့ အနာဂတ်ကို ထိန်းသိမ်းစောင့်ရှောက်ကြစို့ (Protecting animals, preserving our future)** ဆိုသည့်အတိုင်း မျိုးဆက်သစ်များအတွက် လှပသည့် အနာဂတ် လက်ဆင့်ကမ်းပေးနိုင်ရန် တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို စွမ်းဆောင်မှုမြှင့်တင်နိုင်ရေး ပူးပေါင်း ပါဝင်ကြိုးစားပေးနိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**Ref: Strengthening Veterinary Service through the OIE PVS pathway, Feb 2019, OIE**

## ဗြိတိန်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး သီလဝါဆိပ်ကမ်းသို့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Myanmar Voyages International Tourism Co.,Ltd ၏ အစီအစဉ်ဖြင့် ဗြိတိန်နိုင်ငံ အခြေစိုက် Fred. Olsen Cruise Line မှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး MV Boudicca သည် ယနေ့တွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှတစ်ဆင့် Waimar Myanmar သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့ရာ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုအကအဖွဲ့များဖြင့် ကြိုဆိုကြသည်။

အဆိုပါ သင်္ဘောကြီးနှင့်အတူ ကမ္ဘာလှည့်ခရီးသည် ၅၃၀ နှင့် သင်္ဘောဝန်ထမ်း ၃၆၃ ဦးခန့် လိုက်ပါလာပြီး ဆိပ်ကမ်းကျန်းမာရေး တာဝန် ဆရာဝန်ကြီးနှင့်အဖွဲ့ကလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကင်းရှင်းရေး စစ်ဆေးဆောင်ရွက်သည်။

အပျော်စီးသင်္ဘော ကမ္ဘာလှည့် ခရီးသည်များသည် ရန်ကုန်၊ ပဲခူး၊ ဒလ၊ သန်လျင်၊ ကျောက်တန်းနှင့် ပုဂံသို့သွားရောက်လည်ပတ်ရန်ရှိပြီး ခရီးသည်များအားလုံးသည် ဖေဖော်ဝါရီ ၁ ရက် ညနေ ၆ နာရီတွင် Waimar Myanmar သီလဝါဆိပ်ကမ်းမှ သိရီလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## ဈေးပြိုင်တင်ဒါစနစ်ဖြင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို ဈေးပြိုင်အိတ်ပိတ်တင်ဒါဖြင့် ရောင်းချပါမည်။

၂။ ဘေးထွက်ပစ္စည်းများ၏ ဈေးပြိုင်စနစ်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁-၂-၂၀၂၀ ရက်မှ ၁၀-၂-၂၀၂၀ ရက်ထိ နံနက် ၉:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၀-၂-၂၀၂၀ ရက် ညနေ ၁၆:၀၀ နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ရောက်ရှိသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၃၇၄၊ ၀၆၇-၃၄၁၂၃၇၅ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်စနစ်ဖြင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ကျပ်သန်း(၁၀၀)အထက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၂)ခု၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းအတွက် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၈-၁-၂၀၂၀ရက်(အင်္ဂါနေ့)

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၂-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းတည့် (၁၂:၀၀)နာရီ

(ဃ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ရှမ်း(တောင်)၊ တောင်ကြီးမြို့

(င) **အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ရှမ်း(တောင်)၊ တောင်ကြီးမြို့ အစည်းအဝေးခန်းမ

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများသည် ကုမ္ပဏီတံဆိပ်နှင့် ကုမ္ပဏီမှအထူးအာဏာလွှဲအပ်ပေးထားသူ အနိမ့်ဆုံး Director အဆင့်ရှိသူပါရှိမှသာ တင်ဒါလျှောက်လွှာဝယ်ယူခွင့်ပြုမည်။

၄။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၈၁-၂၁၂၂၂၄၆ နှင့် ဖုန်း ၀၈၁-၂၀၅၈၄၈ တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ သန်လျင်ဂေါက်ကွင်းစားသောက်ဆိုင်ငှားရမ်းခြင်းလုပ်ငန်းအား ၂၀၂၀ပြည့်နှစ် မတ်လ စတင်ငှားရမ်းသည့်နေ့မှစ၍ ၁နှစ်တာကာလငှားရမ်းရန်အတွက် တင်ဒါခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံဝယ်ယူနိုင်မည့်ရက်** - ၃-၂-၂၀၂၀ရက်မှ ၂၈-၂-၂၀၂၀ရက်အထိ

၃။ **တင်ဒါပုံစံဝယ်ယူနိုင်မည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်။
(ခ) ဘဏ္ဍာရေးဌာန၊ အမှတ်၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ **တင်ဒါတင်သွင်းရမည့်နေ့/ရက် အချိန်နှင့်နေရာ** - ၃-၃-၂၀၂၀ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား ၁လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁ ရေနံချက်စက်ရုံ(သန်လျင်) ဖုန်း-၀၉-၂၅၀၀၇၁၇၁၇သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားအစိုးရအဖွဲ့ရုံး၏ ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်/အချိန်** - ၃၁-၁-၂၀၂၀ (သောကြာနေ့) နံနက် ၉:၃၀ နာရီ(ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်/အချိန်** - ၂၈-၂-၂၀၂၀(သောကြာနေ့) ညနေ ၁၆:၃၀ နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃-၃-၂၀၂၀ (အင်္ဂါနေ့)

(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ လွိုင်ကော်မြို့

၂။ အသေးစိတ်သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃ ၂၂၂၄၂၅၂၊ ၀၉-၅၁၉၀၂၉၁၊ ၀၉-၇၈၇၀၀၀၉၉၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

